# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၇၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဇာခြည်ငွေး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်၊ ဘဲ မွေးမြူထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဇူလိုင် ၇

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဇာခြည်ငွေး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်၊ ဘဲ မွေးမြူထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်တို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

**"ကိုဗစ်အလွန်ကာလတွင် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေလိုပါကြောင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပါက ပြည်သူများ၏ကျန်းမာရေးနှင့်နိုင်ငံတော်၏စီးပွားရေးအတွက်လည်း အထောက်အကူဖြစ်မည်ဖြစ်"**

## ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများသည် အထွေထွေရွေးကောက်ပွဲ လေ့လာခွင့်ကို လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာ

(စာ-၇)


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ကိုဗစ်ရောဂါနှင့် နေ့စဉ်ဘဝ

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါ၏ သက်တမ်းသည် နှစ်တစ်ဝက်ကျော် ရှိခဲ့ပြီ။ ထိုအချိန်အတိုင်းအတာအတွင်းတွင် ကိုဗစ်ရောဂါသည် ကမ္ဘာတစ်ဝန်းသို့ ခြေဆန့်ရင်း ပုံမှန်လည်ပတ်နေသည့် လူတို့၏ လူမှုဆက်ဆံရေးနှင့် စီးပွားရေးပုံစံများကို ပြောင်းလဲပစ်လိုက်လေသည်။ ယင်းရောဂါ၏ ကူးစက်ဖြစ်ပွားမှုနှင့် သေပျောက်မှုအချိုးနှုန်းထားက ယခင်ဖြစ်ပွားခဲ့ဖူးသည့် အီဘိုလာရောဂါနှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးပါသည်။ သို့သော်လည်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါ ကူးစက်သည့်နှုန်းက အီဘိုလာထက် အဆများစွာ မြန်ဆန်နေခြင်းကြောင့် ကမ္ဘာ့ပြည်သူတို့ အစိုးရိမ်ကြီးနေကြရခြင်းဖြစ်၏။

သေဆုံးဖိတ်စဉ်သည့်နှုန်းဟူသည် ရောဂါဖြစ်ပွားသည့် အရေအတွက်ကို မူတည်တွက်ချက်ခြင်းဖြစ်သည့်အတွက် ရောဂါကူးစက်ဖြစ်ပွားနှုန်း မြန်ဆန်လှသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ၏ ခြိမ်းခြောက်မှုကို ပိုမိုစိုးရိမ်နေကြရခြင်းလည်း ဖြစ်ပါသည်။

ရောဂါကူးစက်မှုနှုန်း မြန်ဆန်လွန်းသည့်အတွက် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး စိုးရိမ်မှုများဖြင့် သတိထားကာကွယ်နေထိုင်ကြ၊ အိမ်တွင်းခြေချုပ်နေကြရင်း လနှင့်ချီ၍ ကြာမြင့်လာသည့်အခါ လူအများစု၏ နေရေးထိုင်ရေး စားရေးသောက်ရေးကအစ အခက်အခဲများနှင့် ကြုံလာရ၏။ စီးပွားရေးလုပ်ငန်းရှင်များကလည်း ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ရပ်တန့်နှေးကွေးသွားသော ကာလရှည်သည်နှင့်အမျှ ပြိုလဲသွားနိုင်သည့် အနေအထားကို မြင်ယောင်စိုးရိမ်နေကြ၏။

ဗိုင်းရပ်စ်ရောဂါပိုးက တစ်နေရာနှင့် တစ်နေရာ ကူးလူးဆက်ဆံခြင်းကို အားမပေးဘဲ လူတစ်ဦးနှင့် တစ်ဦး ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုနည်းပါးရေးကို တောင်းဆိုနေ၏။ စီးပွားရေးလုပ်ငန်းရှင်များအဖို့မှာ တစ်မြို့နှင့်တစ်မြို့ ကူးသန်းသွားလာမှု အကန့်အသတ်များနေခြင်းက မနှစ်မြို့စရာ။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဝင်ထွက်သွားလာလို့မရ၊ ကူးလူးလို့မရ ဖြစ်နေခြင်းက စီးပွားရေး ထောက်တိုင်ကြီးများကို ဖြိုလှဲပစ်နိုင်သည်ဟု တွေးတောပူပန်နေရ၏။

လူတို့၏ ဘဝများအတွက်မှာ အသက်ရှင်သန်ရေးနှင့် အလုပ်အကိုင်ပြေလည်ချောမွေ့ရေးတို့က ဆက်စပ်နေ၏။ လိုအပ်သည် ချည်းသာဖြစ်၏။ ထို့ကြောင့်ပင် ရောဂါကာကွယ်ပပျောက်ရေးအတွက် အကန့်အသတ်များထားခြင်းနှင့် စီးပွားရေးလုပ်ငန်းများ တုန့်နှေးရပ်ဆိုင်းခြင်းတို့၏ လွန်ပွဲကို မည်သို့သော အချိန်အဆဖြင့် ကိုင်တွယ်ထိန်းချုပ်မည်လဲဆိုသည်ကို နိုင်ငံငယ်များဖြစ်စေ နိုင်ငံကြီးများဖြစ်စေ နည်းလမ်းရှာဖွေ တွက်ချက်နေကြရပေသည်။ နိုင်ငံအသီးသီး၏ အနေအထားနှင့် အခြေအနေအရပ်ရပ်ပေါ်မူတည်၍ လုပ်ကိုင်ပုံချင်း၊ အဖြေရှာပုံချင်း မတူညီကြ။ မည်သူမှန်၍ မည်သူမှားသည်ဟုလည်း မှတ်ချက်ပြုလို့မရသည့် အခြေအနေဖြစ်လေသည်။

မိမိတို့နိုင်ငံတွင်း ကျန်းမာရေးသတိကိုလည်း မပြတ်စေဘဲ ပုံစံပြောင်းလဲနိုင်သော စီးပွားရေးလုပ်ငန်းများ၊ နှေးကွေးသွားမည့် လုပ်ငန်းများကို အစားထိုးနိုင်မည့် နည်းလမ်းများ၊ အခြေခံကျသည့် လိုအပ်ချက်များအတွက် ဖြည့်ဆည်းနိုင်မည့် နည်းလမ်းများ၊ အလုပ်လက်မဲ့ တိုးပွားလာမှုကို ပြေလျော့စေမည့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာနိုင်မည့် ပုံစံသစ်၊ မူသစ် စီးပွားရေးလုပ်ငန်း ဖန်တီးမှုများ စသည်ဖြင့် အဖုံဖုံသော အခြေအနေမျိုးစုံပေါ် မူတည်ကာ စီမံကိန်းသစ်များကို အစိုးရပိုင်းကရော ပုဂ္ဂလိကပိုင်းကရော ရေးဆွဲပြင်ဆင်နေကြရသည်။

ဥပမာအားဖြင့် ယခုအခါ အိမ်တိုင်ရာရောက် အရောက်ပို့ ရောင်းဝယ်ကြသည့် ကုန်သွယ်မှုစနစ် တွင်တွင်ကျယ်ကျယ် နေရာယူလာ၏။ ထိုသို့သော လုပ်ကိုင်မှုနည်းလမ်းနှင့် ပုံစံအသစ်များကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာနေ၏။ များစွာသော ရုံးလုပ်ငန်းများကို နေအိမ်မှ လုပ်ကိုင်နိုင်သည့် ပုံစံအဖြစ် ပြောင်းလဲလာသည်တို့လည်းရှိ၏။ ဘဏ်နှင့် ငွေကြေးစနစ်၊ အာမခံစနစ်များတွင် ခေတ်မီနည်းပညာတို့ဖြင့် မိမိအိမ်တွင်းမှ ပိုမိုအဆင်ပြေ တွင်ကျယ်အောင်လုပ်နိုင်မည့် နည်းလမ်းများကို ကြံဆလာကြ၏။

ထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်း လူအများ တစ်ဦးနှင့်တစ်ဦး နီးကပ်စရာမလိုဘဲ၊ သို့မဟုတ် စက်ရုံအလုပ်ရုံများကို ကျန်းမာရေး အရ စိတ်ချရသည့် ဝန်းကျင်များပြောင်းလဲပြင်ဆင်ပေးခြင်းဖြင့် လည်းကောင်း၊ အလုပ်သမားများကို အလှည့်ကျအလုပ်ဆင်းစေခြင်း စက်ရုံအလုပ်ရုံတွင်းသို့ ဝင်သည်နှင့် ပိုးသတ်အကာအကွယ်ပေးခြင်း၊ အလှည့်ကျ အလုပ်ဝင်စေခြင်း စသည့်နည်းလမ်းသစ်များဖြင့် လည်းကောင်း ပြင်ဆင်ဖန်တီးကာ ပြောင်းလဲလာရန် ကြိုးစားလာကြ၏။

ထိုသို့သော ပြောင်းလဲမှုများ ပုံစံသစ်ဖန်တီးမှုများနှင့်အတူ အခြားတစ်ဖက်တွင် ယနေ့ဖြစ်ပွားလာသည့် ပြဿနာ၏ အရင်းအမြစ်ဖြစ်သော ကူးစက်ရောဂါကို ထိန်းချုပ်နိုင်ရန်၊ ကာကွယ်နိုင်ရန်၊ ပျောက်ကင်းအောင် ကုသနိုင်ရန်တို့အတွက် ကာကွယ်ဆေး၊ ကုသဆေးတို့ကို ထုတ်လုပ်ဖော်စပ်နိုင်ရေးကိုလည်း ဆောင်ရွက်နေကြရပါသည်။

ဤသို့ဖြင့် ကပ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးနှင့် စီးပွားရေး ချောမွေ့လည်ပတ်ရေး အချိန်အဆကို နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကြံဆဆောင်ရွက်နေကြရသည်။ ထို့နည်းတူ လူတစ်ဦးချင်းတို့၏ ဘဝများတွင်လည်း မိမိတို့ဘဝအခြေအနေပေါ်မူတည်ကာ ရောဂါကာကွယ်ရေးနှင့် မိမိ၏ အလုပ်အကိုင်တို့ကို ချိန်ဆထိန်းသိမ်းလုပ်ကိုင်နေကြရမည်သာ။ လက်ငင်းကာလ အဓိကနှင့် အရေးကြီးဆုံးက မိမိကိုယ်တိုင်နှင့်တကွ မိမိ မိသားစု၊ မိမိလူမှုဝန်းကျင်တွင်ရှိသူများ ကပ်ရောဂါဘေးမှ ကင်းလွတ်ရှင်သန်နိုင်ရေးဖြစ်ပါမည်။

လူစုလူဝေးကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ခြင်း၊ မဖြစ်မနေ သွားလာရသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ စနစ်တကျ ဆေးကြောခြင်းတို့ကို မမေ့လျော့ မပေါ့ဆကြရန်တည်း။ ။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## မကွေးမြို့နယ်အတွင်း နှမ်းခင်းများ၌ ကျရောက်ခဲ့သည့် ကျိုင်းကောင်များမှာ ကန္တာရကျိုင်းကောင်များမဟုတ်

မကွေး ဇူလိုင် ၇

မကွေးမြို့နယ် ကြာကန်ကျေးရွာအုပ်စု ကြူချောင်းကျေးရွာရှိ နှမ်းခင်းများ၌ ယခုရက်ပိုင်းအတွင်း ကျရောက်ခဲ့သည့် ကျိုင်းကောင်များမှာ လတ်တလောတွင် တောင်သူအများစု စိုးရိမ်နေသည့် ကန္တာရကျိုင်းကောင်များမဟုတ်ဘဲ ဒေသတွင်းကျလေ့ရှိသည့် ကျိုင်းကောင်များဖြစ်ကြောင်း မကွေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူထံက သိရသည်။

"ကြားနေရတဲ့ သတင်းထဲက ကျိုင်းကောင်မဟုတ်ဘူး။ ကန္တာရကျိုင်းမဟုတ်ဘူး။ ဒေသတွင်းမှာ အရင်တုန်းက ရှိခဲ့ဖူးတဲ့ ကျိုင်းကောင်ပဲ။ တောင်သူစိုက်တဲ့ ပဲနှမ်းကို အဓိက စားတာမဟုတ်ဘူး။ ကျွန်းပင်တွေကို အဓိကစားတာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခိုင်မင်းက အတည်ပြုပြောဆိုသည်။

အရှေ့အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ ၊ တောင်အာရှ (ပါကစ္စတန်နှင့် အိန္ဒိယ) တို့တွင် ကောင်ရေသန်းပေါင်းများစွာ အင်အားကြီးသည့် ကန္တာရကျိုင်းကောင်များက သီးနှံစိုက်ခင်း ဧကပေါင်းတစ်သိန်းကျော်ကို ယခုရက်ပိုင်းအတွင်း ဖျက်ဆီးခဲ့ကြောင်း သတင်းများထွက်ပေါ်နေပြီး မြန်မာနိုင်ငံသို့ ဦးတည်လာမည်ကို တောင်သူများက စိုးရိမ်နေကြသည်။

" အခုကျိုင်းကောင်တွေ့တယ်ဆိုတဲ့ ရွာဘက်မှာ ရိုးချောင်းတစ်ခု ရှိတယ်။ ချောင်းရဲ့ ဘယ်ညာမှာ ကျွန်းပင်တွေ၊ ကန္တာရပင်တွေ၊ သစ်ကြီးဝါးကြီးပင်တွေ ရှိနေပါတယ်။ ကျွန်းကိုကြိုက်တဲ့အကောင်တွေက ယာခင်းတွေဘက်ရောက်လာတာပါ။ တောင်သူတွေကလည်း သတင်းတွေကြားထားတော့ ယာခင်းထဲမှာ ကျိုင်းကောင်တွေလည်းတွေ့ရော ကြောက်လန့်ကုန်တာပေါ့" ဟု ဦးခိုင်မင်းက ရှင်းပြသည်။

ကျိုင်းကောင်များကျစဉ်က နှမ်းပင်များအစားခံရ၍ ငုတ်တိုများ ဖြစ်ကုန်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနကပေးသည့် ဇစ်တာဆေးထုပ်ကိုသုံးလိုက်မှ ပိုးကောင်များမရှိတော့ကြောင်း ကြူချောင်းရွာဒေသခံ ဦးဇော်လင်းက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများက ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးမှုများ လုပ်ဆောင်နေပြီး ယာခင်းစပ်များတွင် ဆန်ကွဲကို ရေစိမ်ကာ ရွှေတမာပိုးသတ်ဆေးဖြင့်နယ်၍ ပက်ထားကြရန်၊ ငွေကြေးအကုန်အကျမရှိစေရန်၊ လူနှင့်ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်တို့အတွက် ကြားဖူးနားဝဖြင့် ပိုးသတ်ဆေးဖျန်းခြင်းများ မပြုလုပ်ကြရန် အကြံပြုတိုက်တွန်းထားကြောင်း သိရသည်။

ဇေယျာတု(မကွေး)၊ ဓာတ်ပုံ - ကိုဇော်မင်းထိုက်



ကြူချောင်းကျေးရွာ၌ ဒေသတွင်းကျိုင်းကောင်များကျနေစဉ်။

## တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၂၅ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက် )

တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၆.၁၁.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၉/၂၀၁၈) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အား ယှဉ်တွဲပါ အတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

ကချင်ပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| ကြည်း ၂၃၇၄၂ | **အစား** | ကြည်း ၂၉၁၉၇ |
| ဗိုလ်မှူးကြီး နေလင်းထွန်း | | ဗိုလ်မှူးကြီး ကျော်လင်းအောင် |

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၇

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ တောင်ငူ(လေကြောင်းမိုးလေဝသ) တွင် ၁ ဒသမ ၄၆ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မချမ်းဘောမြို့နှင့် ဒိုက်ဦးမြို့တို့တွင် ၁ ဒသမ ၂၂ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မကွေးမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် မဒေါက်မြို့၊ ဇလွန်မြို့၊ ကော့ကရိတ်မြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ "ဂျပန်နိုင်ငံအစိုးရက ပေးအပ်သည့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုး" သတင်းတွင် ဖော်ပြပါရှိသည့် ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီ ဂျပန်ယန်း ၆ ဒသမ ၂၇ ဘီလီယံ အစား **ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီ ဂျပန်ယန်း ၆၂၇ သန်း**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **သတင်းစဉ်**

# အာဇာနည်စိတ်မျိုး မွေးမြူအပ်



**မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)

● *ရှေ့ဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် မွေးမြူရေးကဏ္ဍသည် စီးပွားရေးအရ အလားအလာကောင်းသည့် ကဏ္ဍဖြစ်ပါကြောင်း၊ မွေးမြူရေးသည် စီးပွားရေးအတွက်သာမက ပြည်သူလူထု၏ ကျန်းမာရေးနှင့်လည်း ဆက်စပ်နေပါကြောင်း၊ နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများရှိပါကြောင်း၊ မိမိနိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ပါက စီးပွားရေးအရ ကောင်းပါကြောင်း၊ သုတေသနတွေ့ရှိချက်အရ ကလေးများကို အရပ်ရှည်အောင်အားအပေးနိုင်ဆုံး အစားအစာသည် နွားနို့ဖြစ်ပါကြောင်း၊ နွားနို့နှင့် ကြက်ဥကို မှန်မှန်စားသုံးနိုင်ပါက ကလေးများ ပိုမိုကြီးထွားပြီး ကျန်းမာကြမည်ဖြစ်ပါကြောင်း၊ ကြက်ဥနှင့် ငါးသည်လည်း လူတို့၏ကျန်းမာရေးနှင့် ကိုက်ညီပါကြောင်း၊ တချို့ငါးများတွင် ပါဝင်သည့် အဆီသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါကြောင်း။

**“မိမိတို့နိုင်ငံအား စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံပြီး တိုးတက်ဖွံ့ဖြိုးသည့် စက်မှုနိုင်ငံဖြစ်စေလိုပါက အသေးစားနှင့် အလတ်တန်းစားလုပ်ငန်းများကို အားပေးရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အစားအစာကို ပိုမိုစိတ်ဝင်စားလာကြပါကြောင်း၊ ကျန်းမာရေးနှင့် ကိုက်ညီသည့် အော်ဂဲနစ်အစားအစာများကို ပိုမိုစားသုံးလို”**

### ကောင်းကောင်းရရှိလို

ကိုဗစ်အလွန်ကာလတွင် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေလိုပါကြောင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပါက ပြည်သူများ၏ ကျန်းမာရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအတွက်လည်း အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ မွေးမြူရေးကဏ္ဍ ပိုမိုအောင်မြင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်များ ပိုမိုရရှိလာစေရန် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း၊ ဈေးကွက်ကောင်းကောင်းရရှိလိုပါက မိမိတို့၏ ထုတ်ကုန်အဆင့်အတန်း ပိုမိုကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ဒေါက်တာရဲထွန်းဝင်းအနေဖြင့် ကိုဗစ်–၁၉ ကာလတွင် မွေးမြူရေးကဏ္ဍအတွက် ဆောင်ရွက်နေမှု အခြေအနေနှင့် ကိုဗစ်–၁၉ အလွန်ကာလတွင် မွေးမြူရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်စေရန် အစိုးရက မည်သို့စီစဉ်ထားသည်ကို အများပြည်သူသိနိုင်အောင် ပြောပြပေးစေလိုပါကြောင်း ပြောကြားသည်။

### နိုင်ငံခြားဝင်ငွေရရှိ

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူသည့်စနစ်ကို အခြေခံပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် (၆၅) ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် မွေးမြူရေးတိရစ္ဆာန် သို့မဟုတ် အိမ်မွေးတိရစ္ဆာန် တစ်မျိုးမျိုးအား မွေးမြူကြပါကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ ရရှိရေးအတွက်လည်း အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်းနှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေခြင်းတို့အတွက် လိုအပ်သော အသားဓာတ်ကိုလည်း မွေးမြူရေးလုပ်ငန်းက ထုတ်လုပ်ပေးနေပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် မွေးမြူရေးတိရစ္ဆာန်များ တင်ပို့ခြင်းမှလည်း နိုင်ငံခြားဝင်ငွေရရှိစေပါကြောင်း။

### ကုန်စည်စီးဆင်းမှု တုံ့ဆိုင်းခဲ့

ကိုဗစ်–၁၉ ကာလအတွင်း မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများကို မြို့နယ်ပေါင်း ၂၄ မြို့နယ်မှ မွေးမြူသူပေါင်း ၄၉၀၀ ကျော်ကို ဖြေဆိုစေပြီး စစ်တမ်းထုတ်ယူခဲ့ပါကြောင်း၊ ထုတ်လုပ်မှုအပိုင်းတွင် ထိခိုက်မှုထူးခြားစွာမရှိသော်လည်း ဈေးကွက်ကျဆင်းခြင်း၊ ဝယ်လိုအား ကျဆင်းခြင်း၊ ကုန်စည်စီးဆင်းမှု တုံ့ဆိုင်းခဲ့ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများအပေါ် (၄၀) ရာခိုင်နှုန်းခန့် ထိခိုက်ခဲ့ရပါကြောင်း၊ အထူးသဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်သည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းများတွင် ပိုမို ထိခိုက်ခဲ့ပါကြောင်း၊ ထို့နည်းတူစွာ ငါးလုပ်ငန်းတွင်လည်း ထိခိုက်မှု အနည်းငယ်ရှိသည်ကို တွေ့ရပါကြောင်း။

### စဉ်ဆက်မပြတ် ထုတ်လုပ်ရန်လို

ကိုဗစ်–၁၉ ကာလအတွင်း ကုန်စည်စီးဆင်းမှု နှေးကွေးခဲ့သော်လည်း စားသုံးသူများ လက်ဝယ်သို့ မွေးမြူရေးထုတ်ကုန်များ ရောက်ရှိအောင် မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် စဉ်ဆက်မပြတ်ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြည်သူလူထု လိုအပ်သည့် ကြက်ဥ၊ သား၊ ငါး၊ နို့များကို စားသုံးသူ လက်ဝယ်ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် စားသုံးသူများ၏ စိတ်ပူပန်မှုများကို လျော့ကျစေခဲ့ပါကြောင်း၊ သားစိမ်း၊ ငါးစိမ်းဈေးများ ယာယီကျဆင်းခဲ့သော်လည်း မေလ အလယ်ခန့်တွင် ဈေးများ ပြန်လည်တည့်မတ်လာပါကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အသား၊ ငါး၊ နို့တို့သည် ပြည်သူလူထု၏ အခြေခံစားကုန်များဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ထုတ်လုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်–၁၉ အလွန်ကာလတွင် မွေးမြူရေးလုပ်ငန်းများ ပြန်လည်တည့်မတ်လာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော သွင်းအားစုများ ရရှိရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိပါကြောင်း။

### ပူးပေါင်းပါဝင်လာနိုင်အောင် ဆောင်ရွက်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ဝန်ထမ်းပေါင်း ၂၈၀၀ ရှိပါကြောင်း၊ ယင်းအထဲတွင် တိရစ္ဆာန်ဆရာဝန် ၁၀၉၀ ခန့်ရှိပါကြောင်း၊ တိရစ္ဆာန်ဆရာဝန်တစ်ဦးသည် တိရစ္ဆာန်ယူနစ် ၂၀၀၀၀ ကို တာဝန်ယူရပါကြောင်း၊ အခြားနိုင်ငံများနှင့် ယှဉ်ကြည့်လျှင် တာဝန်ယူရသည့်အပိုင်းများပြားပါကြောင်း၊ ဝန်ထမ်းအင်အား နည်းပါးနေပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများတွင် တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများကို စနစ်တကျ လေ့ကျင့်ပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်လာနိုင်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ကိုဗစ်ကာလအတွင်း အသွားအလာကန့်သတ်ချက်များ ရှိသော်လည်း ကျေးလက်ဒေသရှိ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းကို အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သုံးခုတို့တွင် ကျေးရွာအရောက် ဝက်ရောဂါနှင့် ကြက် ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပါကြောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာသီအလိုက်ဖြစ်တတ်သည့် တိရစ္ဆာန်ရောဂါများကာကွယ်ရေးနှင့် သဘာဝဘေးကျရောက်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများအား အသိပေးကြေညာချက်များကို မီဒီယာများမှတစ်ဆင့် ပညာပေးဖြန့်ဝေပေးခဲ့ပါကြောင်း။

COVID–19 virus ပိုးသည် တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် လူကို ကူးစက်စေမှုမရှိဟု ပညာရှင်များက သုတေသနပြုတင်ပြထားကြပါကြောင်း၊ သို့သော်လည်း တိရစ္ဆာန်တွင်ဖြစ်သည့် coronavirus နှင့် မျိုးရင်းချင်းတူနေပါကြောင်း၊ ထို့ကြောင့် တိရစ္ဆာန်တွင် ဖြစ်သည့် coronavirus ကို လေ့လာဆန်းစစ်နိုင်ရန်အတွက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၏ အကူအညီဖြင့် ရန်ကုန်မြို့ အင်းစိန်တွင်ရှိသည့် Veterinary Assay Laboratory ၌ coronavirus လေ့လာဆန်းစစ်မှု လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိ တိရစ္ဆာန်ရောဂါနှင့်ပတ်သက်ပြီး ရင်ဆိုင်နေရသည်မှာ အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် ရောဂါဖြစ်ပွားခဲ့ပြီးဖြစ်ပါကြောင်း၊ အခြားဒေသများတွင်လည်း ရောဂါဖြစ်ပွားမှုကာကွယ်ထိန်းချုပ်ရေးနှင့် စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ လတ်တလောတွင် တရုတ်နိုင်ငံ၌ ဝက်တုပ်ကွေးရောဂါ (H1N1) တွေ့ရှိကြောင်း သတင်းများ ပေါ်ထွက်နေပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝက်တုပ်ကွေးရောဂါ (H1N1) နှင့်ပတ်သက်ပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည်မှာ သုံးနှစ်ရှိပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဝက်တုပ်ကွေးရောဂါ တွေ့ရှိခြင်း မရှိသေးပါကြောင်း။

### မွေးမြူသူများကို သင်တန်းပို့ချ

Covid–19 Economic Relief Plan (CERP) အစီအစဉ်အရ မွေးမြူသူများကို သင်တန်းပို့ချသည့် လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားပါကြောင်း၊ နိုင်ငံတော်က ချပေးသည့် ရန်ပုံငွေကျပ် ၁၄၄၀ သန်းဖြင့် မွေးမြူရေးဆိုင်ရာ သင်တန်း ခြောက်မျိုးကို မြို့နယ်ပေါင်း ၁၁၈ မြို့နယ်တွင် သင်တန်းသားပေါင်း ၆၀၀၀၀ ခန့်အထိ ပို့ချပေးရန် ခန့်မှန်းထားပါကြောင်း၊ အဓိကအနေဖြင့် နေရပ်ပြန်သူများ၊ ကျေးလက်ဒေသနေ မွေးမြူသူများနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများကို သင်တန်းပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအကုန်တွင် သင်တန်းအားလုံး ပြီးစီးသွားမည်ဖြစ်ပါကြောင်း။

ကျေးလက်တွင် မွေးမြူမည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပို့ချသွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းနှင့်ပတ်သက်ပြီး အထူးအားပေးသည့် စီမံချက်များကို မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျေးရွာမတည်ရန်ပုံငွေဖြင့်လည်း ဝန်ကြီးဌာနက ကျေးရွာပေါင်း ၁၇၀၀ တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကျေးရွာများရှိ မွေးမြူရေးလုပ်ကိုင်သူများအတွက် လိုအပ်သည့် အရင်းအမြစ်များ၊ ပညာရပ်များ၊ ပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ပြီးဖြစ်ပါကြောင်း။

ထို့ပြင် မြို့နယ်အလိုက် တိုင်းရင်းကြက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးလုပ်ငန်းတွင်လည်း နိုင်ငံတော်မှ ချပေးသည့် ငွေကျပ် သန်း ၆၀၀၀ ဖြင့် ငါးကန်ဧကပေါင်း ၁၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

### အအေးခန်းများ လိုအပ်

မွေးမြူရေး ထုတ်ကုန်များသည် ပျက်စီးလွယ်သည့်အတွက် သိုလှောင်ထိန်းသိမ်းရန် အအေးခန်းများ လိုအပ်ပါကြောင်း၊ အအေးခန်းများ လုံလောက်စွာ တည်ဆောက်ထားနိုင်ခြင်းမရှိသည့်အတွက် ကုန်စည်စီးဆင်းမှု နှေးကွေးသွားသည့် ကိုဗစ်–၁၉ ကာလအတွင်းတွင် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါကြောင်း၊ အအေးခန်း သိုလှောင်ရုံများကို ရန်ကုန်တိုင်းဒေသကြီး ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် တည်ဆောက်ရန် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ (၄) သန်း ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဇာခြည်ဌေးက ကိုဗစ် –၁၉ ကူးစက်ရောဂါကျရောက်သည့် အချိန်ကာလအတွင်း ရေချိုရေငန်ငါးလုပ်ငန်းကဏ္ဍ၌ ဝယ်လိုအား လျော့ကျခြင်း၊ ဈေးနှုန်းများလျော့နည်းခြင်းနှင့် ပြည်ပပို့ကုန်လုပ်ငန်းများ တုံ့ဆိုင်းသွားခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ခဲ့ရပါကြောင်း။

ပြည်တွင်းပြည်ပ ဈေးကွက်များ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေး အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းရမည်ဟု ခန့်မှန်းပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါစတင်ဖြစ်ပွားသည့် ကနဦးအချိန်ကာလတွင် ရေချိုရေငန်ငါးလုပ်ငန်းအတွင်းရှိ စက်ရုံအလုပ်ရုံ အများစုသည် မြန်မာနှစ်သစ်ကူး ပိတ်ရက်နှင့်အတူ ရက်ရှည်ခေတ္တခဏရပ်နားခဲ့ရပါကြောင်း၊ နိုင်ငံတော်မှ လုပ်ငန်းလည်ပတ်ခွင့် စတင်ခွင့်ပြုသည့်အချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုအပ်သည်များကို အမြန်ဆုံး ပြင်ဆင်ဖြည့်ဆည်းပြီး လုပ်ငန်းစတင်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ အလုပ်ပိတ်ရက်အတွင်း ရေလုပ်ငန်းကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်နှင့် လစာများ ပြေလည်စေရန် လုပ်ငန်းရှင်များက ကြိုးစားညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ငါး၊ ပုစွန် ရိက္ခာများကိုလည်း စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးလုပ်ငန်းများအပေါ် ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည့် အပြင် ရေလုပ်ငန်းကဏ္ဍတွင် ငါးသားပေါက်များ ကူညီပံ့ပိုးပေးသည့် အစီအစဉ်၊ ငါးဖမ်းရေယာဉ်များ၊ ဆိပ်ကမ်းများ ပြုပြင်ထုတ်လုပ်ရေး အအေးခန်းစက်ရုံများနှင့် ငါးပုစွန် မွေးမြူရေးကန်များကို အတိုးနှုန်းသက်သာသည့် ချေးငွေများ စီစဉ်ပေးမည်ဟု သိရှိရသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး

မြန်မာနိုင်ငံတွင် ငါးပုစွန်မွေးမြူရေးလုပ်ကိုင်နေသည့် ဧကပေါင်း ငါးသိန်းကျော် ရှိပါကြောင်း၊ ဧက ၁၂၀၀၀၀ ခန့်သာ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် ရရှိထားပါကြောင်း၊ ကျန်ရှိသည့် ဧက ၃၇၀၀၀၀ ခန့်မှာ လျှောက်ထားမှုများ ဆောင်ရွက်ခဲ့သော်လည်း ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဥပဒေများကြောင့် မြေယာခွင့်ပြုချက်များ မရရှိဘဲ ကြန့်ကြာနေရခြင်းအပေါ်တွင် ထင်သာမြင်သာရှိသည့် နိုင်ငံတော်၏ ဖြေလျှော့မှုအဖြစ် ငါးပုစွန်မွေးမြူရေးလုပ်ငန်းများကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ၏ အစီအစဉ်ဖြင့် ဒဏ်ကြေးငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ သတ်မှတ်၍ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် ခွင့်ပြုပေးခဲ့သည့်အတွက် အဖွဲ့ချုပ်အနေဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ ငါးလုပ်ငန်းများဖြစ်သည့် ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများ၊ အစာရောင်းဝယ်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ ငါးပုစွန်မွေးမြူရေးနှင့် ရေချိုငါး ဖမ်းဆီးရေးလုပ်ငန်းများ၊ ငါး၊ ပြုပြင်ထုတ်လုပ်ရေးနှင့် အအေးခန်း စက်ရုံလုပ်ငန်းများ၊ ရေထွက်ကုန်ဝယ်ယူ ရောင်းချရေးလုပ်ငန်းများ၊ ငါးပိ ငါးခြောက် ငံပြာရည် ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံသား ၃ ဒသမ ၅ သန်းခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးထားပါကြောင်း၊ ထို့ကြောင့် ရေလုပ်ငန်းကဏ္ဍအနေဖြင့် စိုက်ပျိုးရေးကဏ္ဍပြီးလျှင် နိုင်ငံတော်အတွက် ဒုတိယအများဆုံး အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိပါကြောင်း။

ဖမ်းဆီးမွေးမြူသည့် ငါး၊ ပုစွန်များကို နိုင်ငံသားများအတွက် ဖူလုံစွာ စားသောက်ခွင့်ရရှိစေပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂၈ သန်း ရရှိခဲ့ပါကြောင်း၊ ယခုကိုးလတာကာလအတွင်း နှိုင်းယှဉ်ချက်အရ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော် ပိုမိုရရှိခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ရေလုပ်ငန်းရှိ လုပ်ငန်းကဏ္ဍအသီးသီးက လုပ်ငန်းလည်ပတ်စေရေး ဆက်လက်ကြိုးစား ဆောင်ရွက်နေသည့်အတွက် ယခုနှစ်တွင် ပို့ကုန်မှ ဝင်ငွေ ပိုမိုရရှိရေးကို ခန့်မှန်းထားပါကြောင်း၊ မြန်မာ့ငါးလုပ်ငန်းသည် ရာသီဥတုတူညီသည့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နှစ်ပေါင်း ၁၅ နှစ်ခန့်အတွင်း တိုးတက်မှု အနည်းငယ်သာရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အချိန်အနည်းငယ်အတွင်း နိုင်ငံခြားဝင်ငွေ ဘီလီယံ မြောက်မြားစွာ တိုးမြင့်ရရှိနိုင်ရန် အလားအလာများစွာရှိပါကြောင်း၊ ရေလုပ်ငန်းသည် စားနပ်ရိက္ခာကိုအခြေခံသော လုပ်ငန်းဖြစ်သောကြောင့် ကိုဗစ်-၁၉ ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကျရောက်ချိန်တွင် စားသုံးသူဈေးကွက်အတွင်း လိုအပ်ချက် အနည်းငယ် အပြောင်းအလဲရှိသည်မှအပ အခြားလုပ်ငန်းများနှင့်နှိုင်းယှဉ်ပါက သက်ရောက်မှု အနည်းဆုံးလုပ်ငန်းဖြစ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အများပိုင်ကုမ္ပဏီကို တည်ထောင်ပြီး ငါးလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငါးသားဖောက်လုပ်ငန်းမှ စတင်ကာ စားသုံးသူထံသို့ အသင့်ရောင်းချနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

### လုပ်ငန်းဆုံးရှုံးမှုများ ဖြစ်ပေါ်

နိုင်ငံတော်အနေဖြင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးရန် အဆင့်(၅)ဆင့်ကို တင်ပြလိုပါကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ဥပဒေများအား အမှန်တကယ် လိုအပ်ချက်များနှင့် ကိုက်ညီ၍ ငါးလုပ်ငန်းများဘက်စုံဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးကို ရည်ရွယ်ရေးရှု ချမှတ်ရေးဆွဲပေးပါရန်၊ ဘက်စုံခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ငါးလုပ်ငန်းများ ဖြစ်စေရေးအတွက် အမျိုးသားအဆင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိပြီး ယခု ထက်ပိုမို၍ ဈေးကွက်များ တွင်တွင်ကျယ်ကျယ် ရရှိလာနိုင်ရန်နှင့် ရေထွက်ကုန်ပစ္စည်းများ အမျိုးအစားနှင့် အရေအတွက်ပမာဏ တိုးချဲ့တင်ပို့ရောင်းချနိုင်ရန်အတွက် နိုင်ငံတော်မှ ဦးဆောင်၍ နှစ်နိုင်ငံချစ်ကြည်ရေးကုန်သွယ်မှု စာချွန်လွှာများ ပိုမိုကျယ်ပြန့်စွာ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ပေးပါရန်၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ငါးမွေးမြူသူများအနေဖြင့် လုပ်ငန်းဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းခဲ့ပါကြောင်း၊ ကိုဗစ်အလွန်ကာလတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများရရှိရန် နိုင်ငံတော်အနေဖြင့် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ကူညီပေးပါရန်နှင့် မြန်မာ့ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာသို့ အဆင့်မီစွာ တင်ပို့ရောင်းချနိုင်ရန် ငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်း အဆင့်ဆင့်တွင် လိုက်နာကျင့်သုံးရမည့် မူဝါဒများ၊ နည်းပညာများ၊ အခြေခံကျသော ယန္တရားများနှင့် အဆောက်အအုံများ၊ စက်ပစ္စည်း ကိရိယာများသည် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ထိုလိုအပ်ချက်များကို အဆင့်မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှု မြောက်မြားစွာ လိုအပ်ပါကြောင်း၊ ထို့ကြောင့် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာ တိုးတက်အောင်မြင်နိုင်ရန် ချေးငွေစနစ်နှင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးပါရန်တို့ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

### ပြန်လည်ထုတ်လုပ်ဖြန့်ဖြူးနေ

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်၊ ဘဲ မွေးမြူထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်က ကိုဗစ်-၁၉ ကာလတွင် မွေးမြူရေးလုပ်ငန်းသည် ထိခိုက်မှုရှိခဲ့ပါကြောင်း၊ သို့သော် ကြီးကြီးမားမား မဟုတ်ပါကြောင်း၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ မုန့်လုပ်ငန်းများ၊ ဟိုတယ်များ ပိတ်သိမ်းထားသည့်အတွက်ကြောင့် ရောင်းချရန်နေရာများ ဈေးကွက်အနည်းငယ် လျော့ကျသွားပါကြောင်း၊ ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် အလုပ်သမားများ အလုပ်ခွင်ပြန်လည် မဝင်ရောက်နိုင်သည့်အတွက် လုပ်ငန်းစတင်ရန် ၁ လ၊ ၄၅ ရက်ခန့် နောက်ကျသွားပါကြောင်း၊ လက်ရှိတွင် ပုံမှန်အနေဖြင့် ဈေးကွက်ကို ပြန်လည်ထုတ်လုပ် ဖြန့်ဖြူးနေပြီဖြစ်ပါကြောင်း။

မိမိအနေဖြင့် မွေးမြူရေးကဏ္ဍတွင် လက်တွေ့ဖြစ်ပျက်နေသည့်လုပ်ငန်းနှင့် အကြောင်းအရာများကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မွေးမြူရေးတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ အသေးစား အလတ်စားမွေးမြူရေး လုပ်ငန်းများသည် ကျေးလက်ပြည်သူ အများစုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးခဲ့ပါကြောင်း။

လက်ရှိမွေးမြူထားရှိမှုအနေဖြင့် အသားစားကြက်၊ ဥစားကြက်နှင့် တိုင်းရင်းကြက် အကောင်ရေ ၃၈၈ သန်း၊ ခိုင်းနွားအကောင်ရေ ၉ ဒသမ ၅ သန်း၊ နို့စားနွားအကောင်ရေ ၀ ဒသမ ၁၁ သန်း၊ ကျွဲအကောင်ရေ ၁ ဒသမ ၈ သန်း၊ သိုးနှင့် ဆိတ်အကောင်ရေ ၂ ဒသမ ၁ သန်း၊ ဝက်အကောင်ရေ ၅ ဒသမ ၄ သန်း၊ ဘဲငန်း၊ ငုံး၊ မန်ဒါလီနှင့် ကြက်ဆင် အကောင်ရေ ၈ ဒသမ ၉ သန်းခန့် မွေးမြူထားပါကြောင်း၊ နေ့စဉ်စားသုံးမှုအတွက် တစ်ရက်လျှင် ကြက်အကောင်ရေ ခြောက်သိန်းဖြင့် တစ်လကို သိန်း ၁၈၀ ခန့် ထုတ်လုပ်ပါကြောင်း၊ ဥစားကြက် မွေးမြူမှုအနေဖြင့် ကောင်ရေ ၂၀၄ သိန်းခန့် ရှိပါကြောင်း၊ နေ့စဉ်ကြက်ဥ အလုံးရေ ၁၁၇ သိန်း ထုတ်လုပ်ပေးလျက်ရှိပါကြောင်း။

### မြေယာအသုံးချခွင့် ဧကငါးသိန်းကျော်ရရှိ

လက်ရှိအခက်အခဲမှာ မြေယာကိစ္စဖြစ်ပါကြောင်း၊ မွေးမြူရေးသမားများသည် လူသူနီးကပ်သည့်နေရာတွင် မွေးမြူ၍ မရပါကြောင်း၊ လူနှင့်ဝေးကွာသည့်နေရာတွင် မွေးမြူရပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်က ညောင်နှစ်ပင် မွေးမြူရေးဇုန်ကို ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ မွေးမြူရေးသမားများအနေဖြင့် လက်ရှိငါးမွေးမြူရေး လုပ်ငန်းများအတွက် မြေယာအသုံးချခွင့် ဧက ငါးသိန်းကျော်ရရှိထားပြီး မိမိတို့အနေဖြင့် ဧက ၁၈၂၀ သာရှိပါကြောင်း၊ ယင်းအခက်အခဲများကြားမှ နေ့စဉ်ပြည်သူလူထုစားသုံးနိုင်ရေးအတွက် ရိက္ခာကို မွေးမြူရေးသမားများက ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ မွေးမြူရေး တိုးတက်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နောက်ကျနေပါကြောင်း၊ ယင်းမှာ မြေယာအခက်အခဲကြောင့် ဖြစ်ပါကြောင်း၊ မြေယာကို အခြားသုံးစွဲခွင့်ရရှိရေး အဓိကတင်ပြလိုပါကြောင်း။

လက်ရှိ မွေးမြူရေးပုံစံများကို တင်ပြလိုပါကြောင်း၊ ယနေ့မွေးမြူနေသူများ၏ပုံစံသည် ကျေးလက်ပြည်သူများ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများနှင့် အသေးစား၊ အလတ်စားသမားများက မွေးမြူထားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု နည်းပါးသူများဖြစ်သည့်အတွက် ဝါးဖြင့် ဆောက်လုပ်၍ မွေးမြူသည့်ခြံ လက်ရှိ ၆၅ ရာခိုင်နှုန်းရှိပါကြောင်း၊ သစ်သားဖြင့် ဆောက်လုပ်၍ မွေးမြူသည့် ခြံ ၂၅ ရာခိုင်နှုန်းရှိပါကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် အလုံပိတ်စနစ်ဖြင့် မွေးမြူသည့်ခြံ ၁၀ ရာခိုင်နှုန်းရှိပါကြောင်း၊ တိုင်းရင်းကြက်များကို လွှတ်ကျောင်းမွေးမြူမှုအနေဖြင့် ၂ ရာခိုင်နှုန်းရှိပါကြောင်း၊ ယင်းကိန်းဂဏန်းကို ကြည့်မည်ဆိုပါက မိမိတို့၏ ထုတ်လုပ်မှုတန်ဖိုး၊ စရိတ်မြင့်မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ရရှိမှသာ ပြည်ပကိုယှဉ်၍ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း။

### ပြည်ပသို့ ဈေးကွက်ထိုးဖောက်ရှာဖွေ

ထို့ပြင် လက်ရှိဖြစ်ပျက်နေသည့် ဈေးကွက်အခက်အခဲသည် အင်မတန်မှ အရေးကြီးပါကြောင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူသည့် လုပ်ငန်းများကို ပြည်ပမှ ရင်းနှီးမြှုပ်နှံပြီး လာရောက်လုပ်ကိုင်နေသည့်သူများက မွေးမြူရေးသမားများ၏နေရာကို ဝင်လုပ်ပြီး လုပ်ကိုင်နေသည့် အခြေအနေဖြစ်နေပါကြောင်း၊ ၎င်းတို့သည် ငွေကြေးများများဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများအပေါ် ဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့် အသေးစား၊ အလတ်စား မွေးမြူရေးသမားများ နေရာဖယ်ပေးရမည့် အခြေအနေဖြစ်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ကြီးမားသူများ၏ မွေးမြူခြင်းနှင့် ထုတ်လုပ်ကုန်များကို တားမြစ်ခြင်း မဟုတ်ပါကြောင်း၊ သို့သော် ၎င်းတို့၏ ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှသာလျှင် အဆင်ပြေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ပြီး ထုတ်ကုန်များကို ပြည်တွင်း၌ ရောင်းချနေမည်ဆိုပါက ထုတ်ကုန်နှင့် ဝယ်လိုအားမမျှတဘဲ စားသုံးမှုနေရာတွင် အသေးစားမွေးမြူရေးများက မယှဉ်ပြိုင်နိုင်ပါကြောင်း၊ ၎င်းတို့အနေဖြင့် ပြည်ပသို့ ဈေးကွက်ထိုးဖောက်ရှာဖွေပြီး ဖော်ဆောင်သင့်ပါကြောင်း။

ပြည်ပမှ အေးခဲအသားများ နယ်စပ်ဒေသမှ ဝင်ရောက်မှုများသည် မွေးမြူရေးသမားများကို လာရောက်ထိခိုက်နေပါကြောင်း၊ ယင်းကိစ္စများကိုလည်း နိုင်ငံတော်မှ တားမြစ်ပိတ်ပင်ပေးရန် လိုအပ်ပါကြောင်း၊ FDI လုပ်ငန်းများကိုလည်း ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ပျောက်မည့်အနေအထားမျိုး ကြုံတွေ့နေရပါကြောင်း၊ မွေးမြူရေးအစာ ထုတ်လုပ်မှုအပိုင်းအနေဖြင့် အဓိကတင်ပြလိုသည်မှာ ပြောင်းကိစ္စဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မွေးမြူရေးအစာ တန်ချိန်ပေါင်း သိန်း ၂၀၊ ၂၀၁၈ ခုနှစ်တွင် ၂၃ သိန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၂၆ သိန်းခွဲ ထုတ်လုပ်ခဲ့ပါကြောင်း၊ ယခု ၂၀၂၀ ပြည့်နှစ်တွင် သိန်း ၃၀ ထုတ်လုပ်နိုင်ရန် လျာထားပါကြောင်း၊ လက်ရှိပြောင်းထွက်ရှိမှု ပမာဏနှင့် သုံးစွဲမှုပမာဏသည် တစ်ဝက်နီးပါးဖြစ်ပါကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုသည် ထုတ်လုပ်မှု ပမာဏနည်းပါးပါကြောင်း၊ ထို့ကြောင့် ပြည်တွင်း ပြောင်းဈေးသည် လက်ရှိတွင် ဈေးနှုန်းမြင့်တက်မှုနှင့်အတူ ထုတ်လုပ်မှု ခက်ခဲလာပါကြောင်း၊ ပြည်ပသို့ ရောင်းချနေမှုကို ကန့်ကွက်ခြင်းမဟုတ်ပါကြောင်း၊ ပြည်တွင်းလုံလောက်မှု ရှိအောင် ညှိနှိုင်းပြီး ရောင်းချပေးစေလိုပါကြောင်း။

### ပြည်ပငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်

ပဲပုပ်ကို ပြည်ပမှ တင်သွင်းနေရပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပဲပုပ် တန်ချိန်ပေါင်း ၆၆၅၀၀၀ တင်သွင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန်ပေါင်း ၈ သိန်း တင်သွင်းရန် ခန့်မှန်းထားပါကြောင်း၊ ပြည်ပမှ တင်သွင်းရသည့် ပဲပုပ်သည် နိုင်ငံခြားငွေနှင့် သုံးစွဲနေရခြင်းဖြစ်ပါကြောင်း၊ အမှန်တကယ် ပဲပုပ်ကို တင်သွင်းလိုခြင်း မဟုတ်ပါကြောင်း၊ ယခင် ၁၀ နှစ်က ပြည်တွင်းထုတ်လုပ်သည့် ပဲဖတ်နှင့် နှမ်းဖတ်များကို အဓိက သုံးစွဲခြင်းဖြစ်ပါကြောင်း၊ ယနေ့ ပဲဖတ်နှင့် နှမ်းဖတ်သည် ပဲပုပ်ဈေးထက်များနေပြီး ထုတ်လုပ်မှုသည်လည်း လုံလုံလောက်လောက် မရရှိခြင်းကြောင့် ပဲပုပ်ကို အစားထိုးတင်သွင်းရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ပဲပုပ်ကို လုံလုံလောက်လောက် စိုက်ပျိုးပေးနိုင်မည်ဆိုပါက ပြည်ပငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်ပြီး ပြည်တွင်းစားသုံးသည့် ဆီကိုလည်း ရရှိမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကို စိုက်ပျိုးရေးဘက်မှ အကျယ်တဝင့် ကူညီဆောင်ရွက်ပေးပါက မွေးမြူရေးလောကအတွက် အင်အားရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံအား စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံပြီး တိုးတက်ဖွံ့ဖြိုးသည့် စက်မှုနိုင်ငံဖြစ်စေလိုပါက အသေးစားနှင့် အလတ်တန်းစား လုပ်ငန်းများကို အားပေးရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အစားအစာကို ပိုမိုစိတ်ဝင်စားလာကြပါကြောင်း၊ ကျန်းမာရေးနှင့် ကိုက်ညီသည့် အော်ဂဲနစ်အစားအစာများကို ပိုမိုစားသုံးလိုကြပါကြောင်း။

### ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်နိုင်

ငါးပုစွန် မွေးမြူရေးနှင့် ပတ်သက်၍လည်း ယခုကိုဗစ်ကာလတွင် ထိခိုက်မှုနည်းပါးစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ဈေးကွက်ကို မိမိကိုယ်တိုင် ဖန်တီးရန် လိုအပ်ပါကြောင်း၊ ဈေးကွက်ရှာခြင်းနှင့် ဈေးကွက်ဖန်တီးခြင်းသည် မတူညီပါကြောင်း၊ ဈေးကွက်ရှာခြင်းသည် ရှိပြီးသားဈေးကွက်ကို လိုက်ရှာခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်ဖန်တီးခြင်း၊ ဈေးကွက်ထွင်ခြင်းသည် မိမိတို့ ထုတ်လုပ်နိုင်သည့် ပစ္စည်းများကို အခြားသူများဝယ်ချင်အောင် လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်ခုစလုံးသည် အရေးကြီးပါကြောင်း၊ နိုင်ငံအတွက်သွားသင့်သည့် လမ်းကြောင်းအပေါ် အခြေခံပြီး ရေရှည်အတွက် စီစဉ်ရမည်ဖြစ်ပါကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အရည်အသွေးကို ထိန်းသိမ်းနိုင်သည့် အသေးစားလုပ်ငန်းများကို အားပေးလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ငါးအမျိုးအစားပေါင်း များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံကထွက်သည့် ငါးအမျိုးအစား အနည်းငယ်ကိုသာ နိုင်ငံခြားသားများက သိရှိပါကြောင်း၊ ကျန်ငါးအမျိုးအစားများကိုလည်း သိရှိလာအောင်နှင့် ဈေးကွက်ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်စေလိုပါကြောင်း၊ ကြာရှည်ထားရန် မလွယ်သည့် ရေထွက်ပစ္စည်းများကို ကြာရှည်ထားနိုင်သော တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်နိုင်ပါက ငါးပုစွန်ကဏ္ဍအတွက် အလွန်အကျိုးအမြတ်ရှိမည်ဟု ထင်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသေလုပ်ထားခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံ၏ လိုအပ်ချက်အရ ပြောင်း၍ရပါကြောင်း၊ ပြောင်းလဲမည်ဆိုပါက အဘက်ဘက်ကို သုံးသပ်ရကြောင်း၊ စီးပွားရေးအရ ပြောရလျှင် Business Confident ယုံကြည်မှုရှိရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရပါကြောင်း၊ စီးပွားရေး လုပ်ရန် သင့်တော်သည့်၊ ကောင်းမွန်သည့် ပတ်ဝန်းကျင် ဖြစ်ရန် လိုပါကြောင်း၊ ဥပဒေနှင့်ဆက်စပ် ပြောရလျှင် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို အင်မတန်မှ အလေးထားပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှ နိုင်ငံတစ်နိုင်ငံက တည်ငြိမ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံအတွင်း နေထိုင်သည့် ပုဂ္ဂိုလ်များအားလုံးနှင့် လာရောက်စီးပွားရေး လုပ်နေကိုင်နေသည့် ပြင်ပက ပုဂ္ဂိုလ်များအားလုံး လုံခြုံမှုရှိမည်ဖြစ်ပြီး အနာဂတ်အတွက် အာမခံချက်ရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးသည် အင်မတန်မှ အရေးကြီးပါကြောင်း၊ စီးပွားရေးကဏ္ဍနှင့်လည်း အင်မတန်မှ နီးနီးကပ်ကပ် ပတ်သက်မှုရှိပါကြောင်း။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရန်အတွက် ဆိုလျှင် မိမိတို့နိုင်ငံသည် အဘက်ဘက်ကနေ တိုးတက်နိုင်သည့် အလားအလာရှိကြောင်းကို ပြသရန် အင်မတန်မှ

*စာမျက်နှာ ၅ သို့*

# ပြည်သူသာလျှင် အဓိက

*စာမျက်နှာ ၄ မှ*

အရေးကြီးပါကြောင်း၊ နိုင်ငံအတွင်းက လုပ်သားများ၏ အရည်အချင်းသည်လည်း အရေးပါပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကြသည့် မိမိတို့နိုင်ငံသားအများစုသည် ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် လုပ်ဆောင်နေကြပါကြောင်း၊ ကိုဗစ်ကာလတွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အလုပ်သမားပေါင်းများစွာ သိန်းနှင့်ချီ ပြန်လာကြပါကြောင်း၊ ယနေ့အထိ နေ့စဉ်ထောင်ကျော် ပြန်လာနေကြပါကြောင်း၊ ထိုင်းတွင် အလုပ်လုပ်သည့် မြန်မာနိုင်ငံက အလုပ်သမားများသည် ထိုင်းသို့ ပြန်သွားပြီး အလုပ်လုပ်ရန် အခက်အခဲများ ရှိနိုင်ပါကြောင်း၊ ၎င်းတို့တွင် ကျွမ်းကျင်မှုများ ရှိပါကြောင်း၊ မိမိလိုအပ်ချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်နှစ်ခုကို ဆက်စပ်ပြီး လုပ်နိုင်မည်ဆိုပါက အားလုံးအတွက် များစွာအကျိုးရှိပါကြောင်း၊ ရေလုပ်ငန်း၊ ငါးပုစွန်လုပ်ငန်းများကို နိုင်ငံတော်က အားပေးပါကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ အဓိက မူဝါဒတစ်ခုဖြစ်သည့် အလုပ်အကိုင်ဖန်တီးရေးအတွက် လုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းကူညီပေးစေလိုပါကြောင်း။

မည်သည့်လုပ်ငန်းဖြစ်စေ နိုင်ငံတော်၏ မူဝါဒတစ်ခုဖြစ်သည့် အသက်မွေးဝမ်းကျောင်းပညာကို အားပေးခြင်းနှင့် ဆက်စပ်၍ စဉ်းစားပေးစေလိုပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းပညာကျောင်းများ၊ သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းပညာ ရေတို၊ ရေရှည်သင်တန်းများကို လုပ်ငန်းရှင်များနှင့် အစိုးရဘက်က စဉ်းစားစေလိုပါကြောင်း။

### တစ်ဦးနှင့်တစ်ဦး ပံ့ပိုး

မိမိတို့နိုင်ငံတွင် အားတက်စရာကောင်းသည်မှာ ကိုဗစ်အချိန်တွင် အားလုံးကဝိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ပံ့ပိုးကြပါကြောင်း၊ ယင်းမှာ ကိုဗစ်ကာလ၏ အကျိုးဆက် ကောင်းကျိုးတစ်ခုဖြစ်ပါကြောင်း၊ ယင်းကို ဆက်လက် ထိန်းသိမ်းထားစေလိုပါကြောင်း၊ ကိုဗစ်ကာလအတွင်းရသည့် သင်ခန်းစာများကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဆိုပါက များစွာတိုးတက်နိုင်ပါကြောင်း၊ ငါး၊ ပုစွန်လုပ်ငန်းသည် ကိုဗစ်ကာလတွင် ဆက်လက်လုပ်ဆောင်နိုင်သည့် လုပ်ငန်းတစ်မျိုးဖြစ်ပါကြောင်း၊ ကျန်းမာရေးလိုအပ်ချက်များနှင့် ကိုက်ညီအောင် လုပ်နိုင်သည့် လုပ်ငန်းမျိုးဖြစ်ပါကြောင်း။

ငါးပုစွန်ကဏ္ဍတွင် ပြည်ပက မသိသေးသည့် ငါးမျိုးများကို ပြည်ပက သိရှိအောင်၊ လိုချင်အောင်၊ တောင်းဆိုချက်များ များလာအောင် လုပ်နိုင်မည်ဆိုပါက အကျိုးအမြတ် ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံက ထွက်သည့်ပစ္စည်းများသည် တချို့နိုင်ငံတွင် အင်မတန်မှ ဈေးကြီးကြီးဖြင့် ဝယ်ရပါကြောင်း၊ ခရင်းကမာနှင့် ကဏန်းပျော့ဆိုလျှင် အချို့ အနောက်နိုင်ငံများတွင် ရှားပါးပြီး အလွန်ဈေးကြီးပါကြောင်း၊ ယင်းပစ္စည်းမျိုးကို ဆန်းသစ်တီထွင်မှုဖြင့် ကမ္ဘာ့ဈေးကွက်ပေါ်တွင် တိုး၍ရအောင်၊ ပြည်တွင်း၌လည်း နိုင်ငံခြားသားများ စားသည့်အခါ အရသာတွေ့အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်အနေဖြင့် များစွာတန်ဖိုးရှိသွားနိုင်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နှစ်အနည်းအငယ်အတွင်း ဆိတ်မွေးမြူရေး တိုးတက်လာသည်ကို သိရပါကြောင်း၊ ဆိတ်များသည် မွေးမြူရလွယ်ကူပြီး အညာဒေသ၏ ရာသီဥတုနှင့် ကိုက်ညီပါကြောင်း၊ အညာဒေသမှ ပြည်သူများသည်လည်း ဆိတ်နှင့်ယဉ်ပါးနေသည့်အတွက် ဆိတ်မွေးမြူရေးသည် ခက်ခက်ခဲခဲ မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နွားမွေးမြူရေးကို အားသန်ပုံမရပါကြောင်း၊ နွားမွေးမြူရေးသည် နို့ထွက်ပစ္စည်းများကြောင့် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသို့ ဝင်လာသည့် နို့မှုန့်၊ နို့စိမ်းစသည့် ပစ္စည်းများကို ထုတ်နိုင်မည်ဆိုပါက တင်သွင်းစရာလိုတော့မည် မဟုတ်ပါကြောင်း၊ တချို့ အရှေ့တောင်အာရှနိုင်ငံများ၏ ရာသီဥတုနှင့် မိမိတို့နိုင်ငံ၏ ရာသီဥတုသည် မကွာခြားလှပါကြောင်း၊ ၎င်းနိုင်ငံများတွင် နွားမွေးမြူရေး၊ နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်လျှင် မိမိတို့နိုင်ငံတွင်လည်း မလုပ်နိုင်စရာအကြောင်း မရှိပါကြောင်း ပြောကြားသည်။

### တတ်နိုင်သမျှ ဆောင်ရွက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နယ်စပ်မှ တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်မှုကို နိုင်ငံတော်အစိုးရက တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပနှစ်ခု ဆက်စပ်နေသည့် ကိစ္စရပ်ကို များစွာချင့်ချိန်ဆောင်ရွက်ရပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု မလိုအပ်သည့် အဆင့်မရောက်သေးပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို အတိုင်းအတာတစ်ခုအထိ အားကိုးနေရသေးပါကြောင်း၊ သို့မှသာ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တချို့နေရာများတွင် ပြည်တွင်းနှင့် ပြည်ပနှစ်ဖက်ချိန်ခွင်လျှာ ညီမျှအောင်ဆိုလျှင် ပြည်တွင်းကလည်း ပိုမိုဝါယမ စိုက်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ အရည်အချင်း ပိုမိုတိုးတက်လာစေရန်၊ ပြည်တွင်းနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ ပိုမိုဆီလျော်စေအောင် လုပ်ဆောင်ပေး၍ ရပါကြောင်း၊ ပြည်ပမှ လာရောက်လုပ်ကိုင်သူများကို ယှဉ်ပြိုင်၍

> **“ဈေးကွက်ရှာခြင်းနှင့် ဈေးကွက်ဖန်တီးခြင်းသည် မတူညီပါကြောင်း၊ ဈေးကွက်ရှာခြင်းသည် ရှိပြီးသားဈေးကွက်ကို လိုက်ရှာခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်ဖန်တီးခြင်း၊ ဈေးကွက်ထွင်ခြင်းသည် မိမိတို့ထုတ်လုပ်နိုင်သည့်ပစ္စည်းများကို အခြားသူများ ဝယ်ချင်အောင် လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်ခုစလုံးသည် အရေးကြီးပါကြောင်း၊ နိုင်ငံအတွက် သွားသင့်သည့် လမ်းကြောင်းအပေါ် အခြေခံပြီး ရေရှည်အတွက် စီစဉ်ရမည်ဖြစ်”**

မရအောင် ကန့်သတ်မှုများ ဆောင်ရွက်မည်ဆိုလျှင် ပြည်ပမှ လာရောက်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများ များစွာ ကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ ကျဆင်းသွားပါက မိမိတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စကို အမြဲချိန်ဆနေရပါကြောင်း၊ ပြည်တွင်းကို တိုးတက်စေလိုပါကြောင်း၊ မိမိပြည်တွင်းကိုသာ အားကိုးနိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။

ပြည်ပမှ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များကို များစွာအားကိုးရသည့်အခါ ၎င်းတို့ မလာရောက်နိုင်သည့်အခါတွင် လုပ်ငန်းများ ဆက်လက်လည်ပတ်၍ မရပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များ လုံလုံလောက်လောက်ရှိပါက ယင်းပြဿနာ မရှိနိုင်ပါကြောင်း၊ ပြည်တွင်းအား မပြည့်သေးသည့်အတွက် ပြည်ပအားကို အတိုင်းအတာတစ်ခုအထိ အသုံးပြုနေရခြင်းဖြစ်ပါကြောင်း၊ အကျိုးအမြတ်ရှိမှသာ လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းများအနေဖြင့် မည်သို့မျှ အကျိုးအမြတ်မရှိဘဲ လာရောက်ရင်းနှီးမြှုပ်နှံမည် မဟုတ်ပါကြောင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံချင်အောင် ဆွဲဆောင်မှုပေးရန်လည်း လိုအပ်ပါကြောင်း။

### အစိုးရက လုပ်ဆောင်ရမည်

နယ်စပ်မှ တရားမဝင်သည့် ပစ္စည်းများ၊ အဆင့်မမီသည့် ပစ္စည်းများ တင်သွင်းခြင်းများကို တရားဥပဒေစိုးမိုးရေးဘက်မှ တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းက အရည်အသွေးမြင့်တက်နိုင်အောင် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကို နိုင်ငံတော်အစိုးရပဲ လုပ်၍ မရပါကြောင်း၊ နိုင်ငံတော်အစိုးရ လုပ်ဆောင်နိုင်သည်မှာ ပညာရေးဖြစ်ပါကြောင်း၊ ပညာရေးဘက်ဆိုင်ရာတွင် မိမိတို့ပြည်သူများ အရည်အသွေးမြင့်လာစေရန် အစိုးရက လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အလုပ်လုပ်ရင်းဖြင့် လုပ်သားများ အရည်အချင်းမြင့်တက်သွားစေရန်၊ လုပ်ရည်ကိုင်ရည် တစ်ချိန်လုံး တိုးတက်စေရန် လုပ်ငန်းရှင်များကလည်း အတိုင်းအတာ တစ်ခုအထိ တာဝန်ယူစေလိုပါကြောင်း၊ မိမိလုပ်ငန်းတွင် လုပ်ကိုင်နေသည့် လုပ်သားများကို အနာဂတ်အတွက် အလားအလာရှိသည့် ပြည်သူများအဖြစ် မြင်စေလိုပါကြောင်း၊ လုပ်ငန်းခွင်တွင် ရှိနေသည့်အချိန်အခါတွင် လုပ်ငန်းကျွမ်းကျင်မှုများ ဖြစ်လာစေလိုပါကြောင်း၊ လုပ်ငန်းကို စိတ်ပါဝင်စားစေလိုပါကြောင်း၊ အလုပ်သမားတစ်ယောက်သည် ၎င်း၏ အလုပ်ကို သေချာစွာ ကောင်းကောင်းမွန်မွန် လုပ်ဆောင်ရန်ဆိုလျှင် အလုပ်ကို တန်ဖိုးထားတတ်ရမည်၊ ဂုဏ်ယူနိုင်ရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အလုပ်သမားများကို မိမိနိုင်ငံအတွက် အလားအလာရှိသည့် ပြည်သူများဆိုသည့်အမြင်ကို မပျောက်ကွယ်စေဘဲ ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း ချေးငွေရရှိရေး၊ လိုအပ်သလို စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ ပြောင်းလဲပြုပြင်ရေးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လုံလောက်သည့် ရေရရှိရေး၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ၊ ချေးငွေရရှိရေးကိစ္စများကို နိုင်ငံတော်က ကြည့်ရှုပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နယ်စပ်သည် ရှည်လျားပါကြောင်း၊ တစ်နိုင်ငံထက်မက နယ်စပ်ချင်းဆက်စပ်နေပါကြောင်း၊ ထိုသို့ဆက်စပ်နေသည့်အတွက် တစ်နိုင်ငံလုံး လုံခြုံအောင် လုပ်ဆောင်ရန် ယခုအချိန်ထိ မဖြစ်မြောက်သေးပါကြောင်း၊ ယင်းကိစ္စကိုလည်း ဦးတည်ဆောင်ရွက်နေပါကြောင်း၊ တရားမဝင် ကုန်သွယ်မှုများလည်း များပြားပါကြောင်း၊ ယင်းကိစ္စများကိုလည်း ကာကွယ်တားဆီးရန် တစ်ချိန်လုံး ကြိုးစားရပါကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကာကွယ်တားဆီးရေးကိစ္စများ လုပ်ဆောင်နိုင်သည့် အစွမ်းလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ လုံခြုံရေး လုံလုံလောက်လောက်ရှိစေအောင် လုပ်ဆောင်ခြင်းသည် ငွေရေးကြေးရေးနှင့် သက်ဆိုင်ပါကြောင်း၊ နောက်ဆုံးတွင် နိုင်ငံ၏ တိုးတက်ရေးသည် ပြည်သူလူထု၏ အရည်အသွေး၊ အရည်အချင်းနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် အခြေခံပါကြောင်း။

### ယခုအချိန်ထိ ရပ်တည်နိုင်ခြင်းဖြစ်

ကိုဗစ်-၁၉ ကိစ္စကို အကြောင်းပြု၍ ယနေ့တွေ့ဆုံရသည့်အခါတွင် မိမိတို့နိုင်ငံအတွက် အားတက်စရာကောင်းသည်မှာ နိုင်ငံက ချမ်းသာမှုမရှိသော်လည်း ကိုဗစ်-၁၉ ကို ယခုအချိန်ထိ ထိထိရောက်ရောက်ကိုင်တွယ်နိုင်ပါကြောင်း၊ နောက်ပိုင်း ရောဂါတွေ့ရှိသည့် ပြည်သူများသည် ပြည်ပမှ ကူးစက်ခဲ့သူများဖြစ်ပါကြောင်း၊ ပြည်တွင်းမှ ကူးစက်မှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင် နှစ်ပတ်ကျော်ကျော်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိလျှင် ကိုဗစ်-၁၉ ကင်းစင်လွတ်မြောက်ပြီဟု ကြေညာသည့် နိုင်ငံများရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထိုသို့ ပြော၍မရပါကြောင်း၊ ပြည်တွင်းတွင် ကူးစက်မှုမရှိသော်လည်း မိမိတို့၏ ပြည်သူများ ပြည်ပမှ ကူးစက်ခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုကဲ့သို့ ထိန်းချုပ်နိုင်ခြင်းမှာ အားလုံးပူးပေါင်းဆောင်ရွက်မှုကြောင့်ဟု ယုံကြည်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း တတ်နိုင်သမျှ ပံ့ပိုးလှူဒါန်းပါကြောင်း၊ အစိုးရအနေဖြင့်လည်း စီးပွားရေးကဏ္ဍတွင် တတ်နိုင်သမျှ လုပ်ဆောင်ပေးပါကြောင်း၊ စတင်ဆောင်ရွက်ခဲ့သည့် အချိန်ကပင် ကျန်းမာရေးဘက်က ကြည့်ရုံဖြင့် မလုံလောက်ကြောင်း၊ စီးပွားရေးဘက်ကလည်း ကြည့်ရမည်ကို သိရှိပါကြောင်း၊ ကိုဗစ်-၁၉ ၏ အကျိုးဆက်သည် စီးပွားရေးအပေါ် သက်ရောက်မှု များစွာရှိနိုင်သည်ဆိုသည့် အမြင်ဖြင့် အစောပိုင်းကတည်းကပင် ပြင်ဆင်ထားသည့်အတွက် ယခုအချိန်ထိ ရပ်တည်နိုင်ခြင်းဖြစ်ပါကြောင်း။

### ကိုဗစ်-၁၉ ကိစ္စ မပြီးပြတ်သေး

မိမိအနေဖြင့် မကြာခဏသတိပေးနေသည်မှာ ကိုဗစ်-၁၉ ကိစ္စသည် မပြီးပြတ်သေးပါကြောင်း၊ ယင်းစိန်ခေါ်မှုသည် အဆုံးအထိ မရောက်သေးပါကြောင်း၊ ဆက်လက်ရပ်တည် ရုန်းကန်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးကို နိုင်ငံတော်က ကြိုးစားဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း ကြိုးစားပေးစေလိုပါကြောင်း၊ အားလုံး ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရေရှည်တွင် အားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများအနေဖြင့် ပြည်ပတွင် သွားရောက်၍ အလုပ်မရှာဖွေရအောင်နှင့် ပြည်တွင်းလုပ်ငန်းများလည်း ပိုမိုကျွမ်းကျင်သည့် အလုပ်သမားများ ရရှိပြီး ပိုမိုတိုးတက်လာနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်အတွက် အကျိုးရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးအတွက် အကျိုးရှိအောင် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ရပါကြောင်း၊ ထိုသို့ကြိုးစားဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဘက်မလိုက်ပါကြောင်း၊ အလုပ်သမားနှင့် လုပ်ငန်းရှင် နှစ်ဖက်စလုံးသည် နိုင်ငံသူနိုင်ငံသားများ၊ မိမိတို့နိုင်ငံ၏ သားသမီးများဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘက်မှ လိုအပ်သည့် အကူအညီများကိုလည်း ပွင့်ပွင့်လင်းလင်းပြောကြားသည့်အတွက် ဝမ်းသာမိပါကြောင်း၊ လိုအပ်ချက်များအတွက် အစိုးရကို ပြောနိုင်ရမည်ဖြစ်ပါကြောင်း၊ လောကတွင် ရုန်းကန်ရသည်ဆိုခြင်းမှာ အရည်အချင်း၊ အရည်အသွေး တိုးတက်ရန်နှင့် ခံနိုင်ရည်ရှိရန် ဖြစ်ပါကြောင်း။

### မိမိတို့နိုင်ငံ၏ မျှော်လင့်ချက်ဖြစ်

မိမိတို့နိုင်ငံသည် ချမ်းသာမှု မရှိသေးသော်လည်း အားမငယ်စေလိုပါကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်း၍ ရုန်းကန်နိုင်သည့်အင်အားသည် မိမိတို့နိုင်ငံ၏ မျှော်လင့်ချက်ဖြစ်ပါကြောင်း၊ မျှော်လင့်ချက်သာမကဘဲ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အာမခံချက်ဖြစ်ပါကြောင်း၊ ဝင်ရောက်ဆွေးနွေးကြသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ Video Conferencing များတွင် ပြောကြားသည့်အချက်များကို မှတ်သားထားပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ယင်းအချက်များကို မည်သို့ဆက်လက်ဆောင်ရွက်မည်ကိုလည်း လေ့လာ၍ ဆက်လက်ပြီး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်းနှင့် အားလုံးကျန်းမာကြပါစေကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# စာပေရေးသားပြီး အေးအေးဆေးဆေးနေချင်သည့် သမိုင်းဝင်၊ ဂန္ထဝင်ပုဂ္ဂိုလ်

**မောင်မောင်ကျော်**

**ဆရာကြီး ဒီးဒုတ်ဦးဘချိုကို သူ့ခေတ်သူ့အခါက လူအများက စာရေးဆရာ သတင်းစာဆရာဟု လူသိများကြ၏။ ဗိုလ်ချုပ်အောင်ဆန်းကို ထိုခေတ် ထိုအခါက နိုင်ငံရေးသမား၊ တော်လှန်ရေးသမား၊ အမျိုးသားခေါင်းဆောင်ဟု ပြည်သူအားလုံးက သတ်မှတ်ထားကြ၏။ တကယ်တမ်းတွင် ဆရာကြီး ဒီးဒုတ်ဦးဘချိုမှာ စာရေးဆရာ သတင်းစာဆရာလည်းဖြစ်၊ နိုင်ငံရေးသမားလည်းဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးသမား၊ တော်လှန်ရေးသမားအဖြစ် ပြည်သူများက သိကြသော်လည်း စာရေးဆရာအဖြစ် သိသူနည်းပါးလှ၏။ အမှန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း စာဆိုစစ်သည်။ စာဆိုနိုင်ငံရေးသမားဖြစ်၏။**

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိနေသည့်အလား ယနေ့ထက်တိုင် မမေ့မပျောက်နိုင်သေးသည့် အကြောင်းရင်းများတွင် ဗိုလ်ချုပ်၏ ထူးခြားသော ဝိသေသလက္ခဏာများနှင့် သူမတူအောင် ထူးထူးခြားခြား စွမ်းဆောင်နိုင်မှုများကြောင့်ဖြစ်သည်။ ထိုသို့ ဂုဏ်ဒြပ်များရှိပါသော်လည်း မှတ်တမ်းတင်ခဲ့ခြင်း မရှိပြန်လျှင် တိမ်မြုပ်မေ့မှိန်သွားနိုင်သည်။ ယင်းသို့ မမေ့ကောင်း၊ မပျောက်ကောင်းအောင် ရေးသားမှတ်တမ်းတင်ခဲ့ကြသည့် ဗိုလ်ချုပ်စာ၊ ဗိုလ်ချုပ်မှတ်တမ်းများ မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ကမ္ပည်းထိုးထားရစ်သည့်အလား ရှိနေသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေး သားခဲ့သည့် စာပေမှတ်တမ်းများသည် ဂန္ထဝင်မြောက် စာရေးဆရာအဖြစ်လည်းကောင်း၊ သမိုင်းကမ္ပည်း မှတ်တမ်းအဖြစ်လည်းကောင်း မော်ကွန်းတင်ထားဆဲဖြစ်သည်။

### စာရေးဆရာလုပ်ချင်တယ်

ဗိုလ်ချုပ်သည် တိုင်းပြည်နှင့်လူမျိုး ကျွန်ဘဝမှ လွတ်မြောက်ရေး၊ လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိရေးအတွက် စစ်ရေး၊ နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ကာ ကြိုးပမ်းလှုပ်ရှားခဲ့သည်မှန်သော်လည်း ဗိုလ်ချုပ်၏ စိတ်ရင်းတွင် အေးအေးလူလူ လွတ်လွတ်လပ်လပ် စာရေးသားလိုသောဆန္ဒ ကိန်းအောင်နေသည်။ ၁၉၄၇ ခုနှစ် ဧပြီလအတွင်း ပြင်ဦးလွင် (ယခင်မေမြို့)သို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိခဲ့စဉ်က အပါးတော်မြဲ ဗိုလ်ထွန်းလှအား “ငါတော့ လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက အနားယူမယ် စိတ်ကူးတယ်။ တိုင်းပြည်အုပ်ချုပ်ရေးတာဝန်ကိုတော့ ငါတို့ရဲ့ လုပ်ဖော်ကိုင်ဖက် လူကောင်းတွေကို လွှဲပေးပြီး ငါကတော့ အနားယူရင်း စာရေးဆရာလုပ်ချင်တယ်။ ငါက တက္ကသိုလ်ကျောင်းသားဘဝကတည်းက စာရေးဆရာ ဖြစ်ချင်တဲ့ ဆန္ဒရှိခဲ့တယ်” ဟု ဆန္ဒအမှန်ကို ပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ် မေလ ၃၀ ရက် နေ့လယ် ၂ နာရီအချိန်တွင် ရန်ကုန်မြို့ ကန်တော်ကြီးအနီး (ယခင်ပန်းချီပန်းပုကျောင်းနေရာ)ရှိ ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချို၏ ရုံးခန်းတွင်ပြုလုပ်သော သတင်းစာဆရာများ အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းက “လွတ်လပ်ရေးရတဲ့အချိန်အထိတော့ ကျုပ် နိုင်ငံရေးကို လုပ်ရဦးမှာပဲ။ လွတ်လပ်ရေးရပြီးလို့ ပါတီတိုက်ပွဲတွေ ဖြစ်တဲ့အချိန်မှာ ကျုပ်မပါချင်ဘူး။ ဘေးဖယ်နေမယ်။ သူများတွေလုပ်တာ ထိုင်ကြည့်ပြီး စာအုပ်ရေးမယ်”ဟု ပြောကြားခဲ့သည်။ အဆိုပါ သတင်းစာဆရာများ အစည်းအဝေး နိဂုံးချုပ်မိန့်ခွန်းတွင်လည်း “မိမိသည် နိုင်ငံရေးကို အလွန်ငြီးငွေ့နေပြီဖြစ်ရာ လွတ်လပ်ရေးရပြီးရင်တော့ စာအုပ်တွေရေးပြီး လောကကြီးမှာ ပျော်ပျော်ကြီးနေတော့မယ်”ဟု ဗိုလ်ချုပ်က စာရေးဆရာဘဝကို နှစ်သက်မြတ်နိုးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

### နိုင်ငံရေးကထွက်မယ်

ထို့အပြင် ဗိုလ်ချုပ်သည် ဆရာကြီး ဒီးဒုတ်ဦးဘချိုနှင့် သီးသန့်စကားပြောစဉ် “ကျွန်တော် နိုင်ငံရေးက ထွက်မှာပါဆရာ၊ ထွက်ပြီးတော့ စာရေးမယ်ကြံတယ်။ ကျွန်တော် ကျောင်းမှာနေတုံးက ပါဠိရော၊ မြန်မာစာပါ ယူခဲ့တယ်။ မြန်မာစာမှာ အမှတ်ကောင်းကောင်းရခဲ့တယ်။ ကျွန်တော် ကြိုးစားရင် distinction (ဂုဏ်ထူး) တောင်ရမှာ။ ဒါပေမယ့် ဟိုတုန်းကတော့ အိုင်စီအက်စ်တို့၊ ဘာတို့ မှန်းနေတာမို့ အင်္ဂလိပ်စာကို ဖတ်တာပဲ။ ကျွန်တော်လည်း စာပေပညာကို ဝါသနာပါပါတယ်။ အရိုင်းသက်သက် မဟုတ်ပါဘူး”ဟု ပြောခဲ့သည်။ ဆက်လက်၍ “ကျွန်တော်တို့ဆီမှာ ဘာသာပြန်တွေ အများကြီးလိုတယ်။ biography (အတ္ထုပ္ပတ္တိ) တွေလဲ လိုတယ်။ ဘာ့ကြောင့် မရေးကြလဲ မသိဘူး”ဟု ဗိုလ်ချုပ်က ဆရာကြီး ဒီးဒုတ်ဦးဘချိုကို ပြောပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီရက်ပိုင်းက ရန်ကုန်မြို့ အတွင်းဝန်ရုံး ပါလီမန်လွှတ်တော် အဆောက်အအုံတွင် ဒီးဒုတ်ဦးဘချို၊ မောင်ထင်၊ မင်းသုဝဏ်၊ ဇော်ဂျီ စသည့် စာရေးဆရာများနှင့် တွေ့ဆုံစဉ် “တော်ပြီဗျာ ကျုပ်တော့ နိုင်ငံရေးက အနားယူပြီး စာလေးဘာလေး ထိုင်ရေးဦးမယ်။ ဒီမယ်ဗျာ ဆရာရဲ့ ကျွန်တော်လည်း အနုပညာသမားပါဗျာ”ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့သည်။ ဗိုလ်ချုပ်သည် တော်လှန်ရေးအဆင့်ဆင့် ကြိုးပမ်းမှုကာလတွင် တော်လှန်ရေးခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ သူရဲကောင်း ဟူ၍ တော်လှန်ရေး သက်သက်ကို ကြည့်ရှုံဖြင့် မပြည့်စုံပါဟု မြင်တွေ့ရသည်။

### စာနယ်ဇင်းများတွင်ရေးသား

ဗိုလ်ချုပ်အောင်ဆန်းကို အမျိုးသားဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ နိုင်ငံရေးသုခမိန်ကြီး၊ မြန်မာ့တပ်မတော်၏ဖခင်ကြီးအဖြစ် သမိုင်းကြောင်းတစ်လျှောက်မှ ပြည်သူများက သိရှိထားကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို စာပေသမား၊ အနုပညာသမား၊ စာရေးဆရာတစ်ယောက်ဟု အသိအမှတ်ပြုသူ အလွန်နည်းသည်။ ဗိုလ်ချုပ် အောင်ဆန်းသည် ကျောင်းသားဘဝမှ နိုင်ငံရေးခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်သည်အထိ စာပေဆောင်းပါး များစွာတို့ကို ထိုခေတ် ထိုကာလက ထုတ်ဝေကြသော စာနယ်ဇင်းများတွင် ရေးသားခဲ့ပါသည်။

ဂန္ထလောကမဂ္ဂဇင်း၊ The World of Books၊ အိုးဝေမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ မျိုးညွန့်မဂ္ဂဇင်း၊ နဂါးနီစာစောင်၊ ဒဂုံမဂ္ဂဇင်း၊ မန္တလေးသူရိယမဂ္ဂဇင်း၊ ဗမာ့ခေတ်သတင်းစာနှင့် သံတော်ဆင့်သတင်းစာတို့တွင် ကလောင်နာမည်အမျိုးမျိုးဖြင့် စာပေအမျိုးမျိုးတို့ကို ရေးသားခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ၊ စစ်ကြိုခေတ် မြန်မာလူမျိုးပိုင် နယူးဘားမား အင်္ဂလိပ်သတင်းစာတွင် အယ်ဒီတာ စသည်ဖြင့် သတင်းစာစာပေလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဆောင်းပါးများစွာတို့ကို စာနယ်ဇင်းများတွင် ရေးသားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝမှ လွတ်လပ်ရေးကြိုးပမ်းမှု ၁၀ နှစ်တာကာလအတွင်း စာပေလက်ရာမျိုးစုံတို့ကို ရေးသားခဲ့သည်။ အတ္ထုပ္ပတ္တိစာပေ၊ နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာစာပေ၊ ဘာသာရေး၊ လူမှုရေးနှင့် စာပေသဘောတရားဆိုင်ရာတို့ကို ရေးသားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးသဘောထားနှင့် ဝိဝါဒကွဲပြားမှုများ၊ တိုင်းပြည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့ကို ဦးစားပေး တိုက်တွန်းနှိုးဆော် ရေးသားခဲ့သည်။

### တကယ်အစမ်းသပ်ခံနိုင်

ဗိုလ်ချုပ်အောင်ဆန်းသည် ဒို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်စဉ် အချိန်က “ကိုအောင်ဆန်းရဲ့ ထူးခြားတဲ့ဂုဏ်ပုဒ်တွေကို ဒို့ဗမာအစည်းအရုံးရောက်တော့ ပိုလို့မြင်လာရပါတယ်။ ဟိုအခါတုံးက ကျောင်းသားအဖြစ်နဲ့ မြင်လာရတာကတော့ သူဟာ စာအရေးအသားမှာ အလွန်တော်တယ်။ ဗမာလိုရေးရေး၊ အင်္ဂလိပ်လိုရေးရေး စကားလုံးတိုင်းဟာ အင်မတန်



ပြောင်မြောက်တယ်။ ဒို့ဗမာအစည်းအရုံးရောက်တဲ့အခါကျမှ တကယ့်ကို အစမ်းသပ်ခံနိုင်တဲ့ အရည်အချင်းကို သွားတွေ့ရတယ်”ဟု သခင်နုက ဗိုလ်ချုပ်အောင်ဆန်း၏ အရည်အချင်းနှင့် စာပေစွမ်းပကားကို မှတ်ချက်ပြုခဲ့သည်။

**“ဗိုလ်ချုပ်သည် စာပေဝါသနာမျိုးစေ့ကို ငယ်စဉ်ကတည်းက စိုက်ထူမြှုပ်နှံခဲ့သူဖြစ်၍ စာပေနှင့်ပတ်သက် သောအလုပ်များကို လုပ်ဆောင်ရင်း တစ်ဖက်တွင်လည်း အမျိုးသားလွတ်မြောက်ရေး၊ နိုင်ငံလွတ်လပ်ရေး အတွက် တော်လှန်ရေး၊ နိုင်ငံရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့”**

ဗိုလ်ချုပ်အောင်ဆန်းတွင် ကလောင်အမည်အမျိုးမျိုး ရှိသည်ဟု သိရှိမှတ်သားရသည်။ ပဲခူးကဝေ၊ အညာသားလေး၊ မောင်အောင်ဆန်း-ဘီအေ၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းဟူသည့် ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဖြတ်သန်းခဲ့သော လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း စာပေလက်ရာမျိုးစုံတို့ကို ယနေ့ထက်တိုင် မြင်တွေ့ဖတ်ရှုနေရဆဲဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မှတ်သားဖွယ်ရာ မိန့်ခွန်းမျိုးစုံတို့မှာ တိုတောင်းလှသော အချိန်ကာလအတွင်း စွဲနစ်နေအောင် ကျန်ရစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ရေးသမျှ၊ ပြောသမျှ အကြောင်းအရာအားလုံးတို့မှာ သမိုင်းဝင်၊ သမိုင်းတွင်၊ ဂန္ထဝင်တွင်အောင် ယနေ့ထက်တိုင် ကျန်ရစ်နေဆဲဖြစ်သည်။

### အပြောကောင်း၊ အရေးကောင်း

ဗိုလ်ချုပ်သည် ပုထုဇဉ်လူသားတစ်ဦးဖြစ်ပြီး အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်သူဖြစ်ရကား သူ၏ဘဝခံစားချက်၊ သူ၏ပင်ကိုယ်ဗီဇ၊ သူ၏တစ်ကိုယ်ရေ သဘောအရ ဆန္ဒပြင်းပြနေသည့် ဝါသနာကို တွေ့ရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားလူငယ်ဘဝကတည်းက စာဖတ်ဝါသနာပါလာခဲ့သူဖြစ်ရာ ပြည်တွင်း၊ ပြည်ပစာပေများကို ထဲထဲဝင်ဝင် မနေမနား အပတ်တကုတ် ကြိုးစားလေ့လာ ဆည်းပူးခဲ့သဖြင့် အပြောကောင်း၊ အဟောကောင်း၊ အရေးကောင်းသူဖြစ်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ဗိုလ်ချုပ်သည် စာပေဝါသနာမျိုးစေ့ကို ငယ်စဉ်ကတည်းက စိုက်ထူမြှုပ်နှံခဲ့သူဖြစ်၍ စာပေနှင့်ပတ်သက်သောအလုပ်များကို လုပ်ဆောင်ရင်း တစ်ဖက်တွင်လည်း အမျိုးသားလွတ်မြောက်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် တော်လှန်ရေး၊ နိုင်ငံရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ သို့သော် ဗိုလ်ချုပ် ဦးတည်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ တိုင်းပြည်လွတ်မြောက်ရေးကာလများပြီးလျှင် စာပေရေးသားခြင်းဖြင့် ဘဝကိုငြိမ်းချမ်းစွာ ရပ်တည်နေထိုင်မည်ဟူသော စိတ်ကူးသည်ကား လက်တွေ့ အကောင်အထည် ပေါ်မလာနိုင်တော့ပေ။

### ဝါသနာစာပေလက်ရာ

ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု ၁၀ နှစ်တာကာလအတွင်း တိုင်းပြည်နှင့် လူမျိုးတာဝန်ကို နေ့မအား၊ ညမနား အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရင်း မအားလပ်သည့်ကြားမှ သူဝါသနာပါရာ စာပေလက်ရာမျိုးစုံတို့ကို လက်လှမ်းမီသမျှ လေ့လာကြည့်မည်ဆိုလျှင် ၁၂၉၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် နေ့ထုတ် မန္တလေးသူရိယ အမျိုးသားနေ့ အထူးစာစောင်တွင် ကလောင်အမည် မောင်အောင်ဆန်းဖြင့် ‘‘ကျောင်းသားဝတ္တရား” ဆောင်းပါး။ ၁၉၄၈-၄၉ အိုးဝေ မဂ္ဂဇင်း အတွဲ-၉ တွင်ဖော်ပြခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ စာပေဆောင်းပါး။ ၁၉၃၈ ခုနှစ် မော်လမြိုင် ညီလာခံသဘင်မှတ်တမ်းမှ ရေးသူ - သခင်အောင်ဆန်း၏ ‘‘ညီလာခံ” ဆောင်းပါး။ ၁၉၃၈ ခုနှစ် ရန်ကုန်မြို့ နဂါးနီ စာအုပ်တိုက်မှ ထုတ်ဝေသော ရေးသူ-သခင်အောင်ဆန်း၏ ‘‘ကမ္ဘာစစ်နှင့် ဗမာ” ။

၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလ ဒဂုန်မဂ္ဂဇင်း အမှတ်-၂၃၄ တွင် ဖော်ပြခဲ့သည့် ရေးသူ-သခင်အောင်ဆန်း၏ "နိုင်ငံရေးအမျိုးမျိုး" ဆောင်းပါး။ ၁၃၀၄ ခုနှစ် ပညာစာစောင် ဒုတိယတွဲမှ ဗိုလ်ချုပ်အောင်ဆန်း၏ “သေနင်္ဂဗျူဟာ စစ်ပညာဟောပြောချက်”။ ၁၉၄၃ ခုနှစ် သြဂုတ်လ ၁ ရက်နေ့ထုတ် ဗမာခေတ်သတင်းစာတွင် ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့သော “ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ”။ “ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" တည်းဖြတ်သူ သခင်ကိုယ်တော်မှိုင်းက ရန်ကုန်မြို့ ရဲဘော်စာအုပ်တိုက်မှ ၁၉၅၁ ခုနှစ်တွင် ထုတ်ဝေသည်။ ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော The Resistance Movement ကို တက္ကသိုလ်နေဝင်း(ဗိုလ်ထွန်းလှ)က ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့ ရှုမဝစာအုပ်တိုက်မှ “ဖက်ဆစ်တော်လှန်ရေး သမိုင်း”အဖြစ် ဘာသာပြန် ဖော်ပြခဲ့သည်။

စစ်ကြိုခေတ်က မျိုးညွန့်မဂ္ဂဇင်းတွင် သခင်အောင်ဆန်းရေးသော ‘‘လောကဝိဟာ” ဆောင်းပါးကို ၁၉၄၉ ခုနှစ် ဇန်နဝါရီလထုတ် သွေးသောက်မဂ္ဂဇင်း အမှတ်-၃၆ တွင် ပြန်လည်ဖော်ပြခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သော Burma Challenge ကို မြစိမ်းက ‘‘ဘားမားချဲ့လင့်(ချ်)"ဟု ဘာသာပြန်ပြီး ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ တသက်တာစာပေက ထုတ်ဝေခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် မောင်မြဦးက ထပ်မံဘာသာပြန်ပြီး "မြန်မာ့ စိန်ခေါ်သံ" အမည်ဖြင့် ကလောင်ပျံစာပေက ထုတ်ဝေခဲ့သည်။ ယင်းနှစ်အုပ်ကို ပေါင်း၍ ၁၉၆၄ ခုနှစ် အာဇာနည်နေ့အတွက် ယဉ်ကျေးမှုဌာနက ‘‘ဗိုလ်ချုပ်၏ ဗိုလ်ချုပ်”ဟူ၍ ထုတ်ဝေခဲ့သည်။

### ဆန္ဒမပြည့်ဝခဲ့

ဗိုလ်ချုပ်၏ စာပေလက်ရာများမှာ စုံလင်လှသည်။ လက်လှမ်းမီသမျှ ဖော်ပြခဲ့ခြင်းဖြစ်ပြီး လက်လှမ်း မမီ၍ ကျန်ရှိနေသေးသော စာပေလက်ရာများလည်း ရှိနေဦးမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ကြိုခေတ်တွင် စာပေလက်ရာများ၊ မှတ်တမ်းများကို အများဆုံး ရေးသား နိုင်ခဲ့သည်။ စစ်အတွင်းနှင့် စစ်ပြီးခေတ်တွင် တော်လှန်ရေးနှင့် လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားနေရသောကြောင့် စာရေးကျဲသွားပြီး မိန့်ခွန်းများသာ အဆက်မပြတ်ပေါ်ထွက်ခဲ့သည်။ သို့သော် မှတ်တမ်းမှတ်စုရေးသောအကျင့်မှာ မပြတ်ပေ။ လွတ်လပ်ရေး ရရှိရန် လက်တစ်ကမ်းအလိုတွင် ဗိုလ်ချုပ်က စာရေးလိုသော၊ စာရေးဆရာဖြစ်လိုသော ဆန္ဒကို မကြာခဏ ပြောကြားခဲ့သည်။ သို့သော် ဆန္ဒမပြည့်ဝခဲ့ပါချေ။ မသမာသူလူတစ်စု၏လက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသည်။

နိုင်ငံ့လွတ်လပ်ရေး ဗိသုကာကြီး၊ နိုင်ငံရေး သုခမိန်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ ဂန္ထဝင်စာရေးဆရာကြီး မောင်အောင်ဆန်း၊ ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် သူကြိုးပမ်း အားထုတ်ခဲ့သည့် လွတ်လပ်ရေးပန်းတိုင်ကို ရောက်ရှိ ခဲ့ပြီဖြစ်သော်လည်း ဗိုလ်ချုပ်မျှော်မှန်းခဲ့သည့် စာရေးဆရာဘဝဖြင့် ရပ်တည်လိုသောဆန္ဒမှာ ပျောက်ကွယ်ခဲ့သည်။ မျှော်လင့်ချက်ပန်းတိုင်သို့ ရောက်လုရောက်ခါနီးတွင် လေ့ပြေးရင်း တက်ကျိုးခဲ့ရ၍ နှမြောတသ ယူကြုံးမရ ဖြစ်မိပါသတည်း။ ။

ကိုးကားချက် - မြင့်ဆွေ (တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၏ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ မော်ကွန်း စာပေများ။
- အောင်ကျော်ဆန်း၏ သမိုင်းမတွင် ဂန္ထဝင်မဟုတ် ကျွန်တော်နှင့် ဗိုလ်ချုပ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်)

**အားလုံးမင်္ဂလာပါ။**

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးကို တက်ရောက်နေကြသူများ အားလုံး ကျန်းမာချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၃)ရက်မှာ ကျင်းပခဲ့တဲ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီရဲ့ (၁/၂၀၁၈) အစည်းအဝေးမှာ အမှာစကားပြောကြားခဲ့တုန်းက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ နိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးတဲ့လုပ်ငန်းတစ်ရပ် ဖြစ်လာတဲ့အကြောင်း၊ ကမ္ဘာလှည့်ခရီးသည်တွေကို ကျွန်မတို့ နိုင်ငံကို လာစေချင်တယ်ဆိုရင် ဒီခရီးသည်များဟာ ကိုယ့်အတွက်ပိုက်ဆံရှာနိုင်တဲ့ အခွင့်အရေးတစ်ခုလို့ပဲ မစဉ်းစားဘဲ ကျွန်မတို့လိုပဲ လူသားတွေ၊ ကျွန်မတို့လိုပဲ ပျော်ရွှင်ချင်တယ်၊ ချမ်းမြေ့ချင်တယ်၊ ခဏတာ အလည်အပတ်လာတဲ့ အခါကာလလေးအတွင်းမှာ စိတ်အေးလက်အေးနဲ့ မြင်ချင်တွေ့ချင်တာတွေကို မြင်တွေ့ဖို့ အခွင့်အရေးလေးတွေရချင်တယ်ဆိုတဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးမယ်ဆိုရင် ကမ္ဘာလှည့်ခရီးသည်တွေကလည်း ပိုမိုပြီးတော့လာကြမှာဖြစ်တယ်ဆိုတဲ့ အကြောင်း ပြောကြားခဲ့ပါတယ်။

အစိုးရအနေနဲ့လည်း ကမ္ဘာလှည့်ခရီးသည်တွေ မြန်မာနိုင်ငံကို လာရောက်ဖို့ ပိုမိုလွယ်ကူအဆင်ပြေစေရန် ပြီးခဲ့တဲ့နှစ်တွေမှာ ဗီဇာကင်းလွတ်ခွင့်နဲ့ ဆိုက်ရောက်ဗီဇာတို့ကို ခွင့်ပြုပေးခဲ့ပါတယ်။ အေးအေးဆေးဆေး သက်သက်သာသာနဲ့ ရှုခင်းကြည့်ရင်းဖြတ်သွားရတဲ့ မြို့လေးတွေမှာ ရပ်တဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ ယဉ်ကျေးမှု၊ သဘောသဘာဝတွေကို အတိုင်းအတာတစ်ခုအထိ နားလည်နိုင်စေတဲ့ နိုင်ငံဖြတ်ကျော် မော်တော်ယာဉ်တန်းခရီးစဉ်တွေ၊ မီးရထားခရီးစဉ်တွေ၊ ရေကြောင်းခရီးစဉ်တွေကိုလည်း တိုးတက်အောင် စီစဉ်ပေးခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ရှေးအစဉ်အလာတွေ၊ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုတွေကို အပေါ်ယံကြောထက်ပိုပြီးတော့ သိချင်တဲ့ခရီးသည်တွေအတွက် ကျွန်မတို့ရဲ့နိစ္စဓူဝနေထိုင်ရေးနဲ့ပတ်သက်တဲ့ လူမှုအခြေပြု ခရီးသွားလုပ်ငန်းကိုလည်း အားပေးခဲ့ပါတယ်။ ဧည့်သည်တွေ သန့်သန့်ရှင်းရှင်းနဲ့ တည်းခိုနိုင်ပြီး သူတို့ရဲ့ ကျန်းမာရေးအတွက်လည်း စိတ်လုံခြုံမှုရှိစေမယ့်၊ ဈေးကြီးကြီးမဟုတ်ပေမယ့်လည်း နေချင်စဖွယ်ကောင်းတဲ့ တည်းခိုခန်းတွေ၊ ဟိုတယ်လေးတွေလို အသေးစားစီးပွားရေးလုပ်ငန်းတွေကိုလည်း အားပေးခဲ့ပါတယ်။

နိုင်ငံခြားကလာတဲ့ ခရီးသည်အများစုဟာ ရိုးရာအစားအစာစားရတာကို စိတ်ဝင်စားကြတဲ့အတွက် ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေရဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေဖြစ်တဲ့ ဆိုင်လေးတွေ၊ တွန်းလှည်းဆိုင်လေးတွေပဲဖြစ်ဖြစ်၊ စားသောက်ဆိုင် သေးသေးလေးပဲဖြစ်ဖြစ်၊ လုပ်ငန်းငယ်လေးတွေမှာ သန့်သန့်ရှင်းရှင်းနဲ့ ကျန်းမာရေးနဲ့ညီတဲ့ ဒေသအစားအစာတွေကို ဈေးချိုချိုနဲ့ ဝယ်နိုင်စေမယ့် ပုံစံလေးတွေကို စဉ်းစားပေးခဲ့ပါတယ်။ ရေဝပ်တောတွေကို ရာသီအလိုက် လာရောက်တဲ့ဆောင်းခိုငှက်တွေကို စောင့်ကြည့်တဲ့ ခရီးစဉ်တွေ၊ သစ်လုပ်ငန်းတွေမှာ သိပ်မသုံးနိုင်တော့တဲ့ဆင်တွေကို စောင့်ရှောက်ထိန်းသိမ်းထားတဲ့ ဆင်စခန်းတွေ၊ ရှားပါးသတ္တဝါတွေဖြစ်တဲ့ ဧရာဝတီလင်းပိုင်တွေကို လေ့လာတာ၊ ဒေသခံတံငါသည်တွေနဲ့အတူ ငါးဖမ်းတာကို စောင့်ကြည့်တာစသဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေကိုလည်း တိုးမြှင့်စီစဉ်ပေးခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ ပြည်ပခရီးသွား ၄ သန်း ၃ သိန်းကျော်အထိ ဝင်ရောက်ခဲ့ပါတယ်။

ဒီကနေ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးကျင်းပတဲ့အချိန်မှာတော့ COVID-19 ကပ်ရောဂါ ထိန်းသိမ်းကာကွယ်ဖို့ အပန်းဖြေခရီးစဉ်တွေအတွက် ပြည်ဝင်ခွင့် ရပ်ဆိုင်းထားတာ၊ ပုံမှန်ခရီးသည်ပို့ဆောင်ရေး လေယာဉ်ပျံသန်းမှုတွေ ရပ်ဆိုင်းထားတာ၊ ခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိတဲ့ ဒေသတွေ ပိတ်သိမ်းထားတာတွေကြောင့် တစ်ကမ္ဘာလုံးမှာ ခရီးသွားလာရေးလုပ်ငန်းဟာ လုံးဝရပ်ဆိုင်းသွားတဲ့ အခြေအနေဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံအနေနဲ့ ၂၀၂၀ ဧပြီလကစပြီး ခရီးသွားလာတာတွေနဲ့ လူစုလူဝေးတွေကို ကန့်သတ်ခဲ့တဲ့အတွက် COVID-19 ပထမလှိုင်း ရိုက်ခတ်တာကို အတိုင်းအတာတစ်ခုအထိ အောင်အောင်မြင်မြင် ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ တစ်ဖက်မှာ ရွှေစက်တော်ဘုရားပွဲလို ရာသီပွဲတွေ၊ သင်္ကြန်လို ရိုးရာပွဲတွေ ဖျက်သိမ်းရတာ၊ တန်ခိုးကြီးဘုရားတွေအားလုံး ဝင်ခွင့်ပိတ်ထားရတာတွေဟာ ပြည်ပခရီးသွားဝင်ရောက်မှု ရပ်ဆိုင်းသွားစေရုံသာမက ပြည်တွင်းခရီးသွားလုပ်ငန်းပါ လုံးဝရပ်ဆိုင်းသွားတဲ့အခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ခရီးသွားလုပ်ငန်းတစ်ခုလုံးကို ထိခိုက်စေခဲ့ပါတယ်။

COVID-19 ကပ်ရောဂါရဲ့ထိခိုက်မှုတွေကို ကုစားမှုတွေ ဆောင်ရွက်ရာမှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား အိမ်ထောင်စုတစ်ခုစီအတွက် ကျပ်တစ်သောင်းခွဲဖိုး ရိက္ခာဝေငှတာကို ပထမအကြိမ်ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ဒုတိယအကြိမ်အဖြစ် မိသားစု ၅ သန်း ၄ သိန်းကျော်ကို ငွေသား ၂ သောင်းစီ ပေးအပ်သွားဖို့ စီစဉ်နေပါတယ်။ လုပ်ငန်းတွေကို ကုစားမှုပေးရာမှာတော့ လုပ်ငန်းရှင်တွေက လုပ်ငန်းဆက်လက်လုပ်ဆောင်ပြီး ဝန်ထမ်းတွေ အလုပ်အကိုင်ရရှိကာ ဝင်ငွေရရှိရေးကို ဦးတည်ချက်ထား ကူညီပေးပါတယ်။ ဘဏ်တိုးတွေ လျှော့ချပေးခြင်း၊ လိုင်စင်ခွန်တွေ အချိန်ကာလသတ်မှတ်ကင်းလွတ်ခွင့်ပြုခြင်း၊ ပေးဆောင်ရမယ့်ဝင်ငွေခွန်တွေ၊ ကုန်သွယ်လုပ်ငန်းခွန်တွေ ရွှေ့ဆိုင်းပေးသွင်းခွင့် ပြုခြင်းတို့နဲ့ ဖြေလျှော့ပေးခဲ့သလို လက်ခံစားစနစ်နဲ့ ဆောင်ရွက်နေတဲ့အထည်ချုပ် လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ၁ ရာခိုင်နှုန်း အတိုးနဲ့ တစ်နှစ်ချေးငွေ ကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ် ကျပ်ဘီလီယံ ၂၀၀ က ၅၀၀ အထိ ထပ်မံထုတ်ချေးပေးသွားဖို့ရှိပါတယ်။ ဒီလို ထုတ်ချေးပေးတာဟာ လုပ်ငန်းရပ်ဆိုင်းနေစဉ်ကာလမှာ ဝန်ထမ်းများကို လစာပေးထားနိုင်ရေး အကူအပံ့အဖြစ် ထုတ်ချေးပေးတာဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာဖြစ်တဲ့အတွက် ဝင်ငွေရရှိအောင် လုပ်ငန်းလုပ်ဆောင်ပြီး သတ်မှတ်ကာလမှာ ပြန်လည်ပေးဆပ်ရမှာ ဖြစ်ပါတယ်။

အခုလို ပြည်ဝင်ခွင့်တွေ ရပ်ဆိုင်းထားပြီး အကူအညီပေးရေးခရီးစဉ်များမှအပ နိုင်ငံတကာလေယာဉ်များ ဆိုက်ကပ်ခွင့် ပြန်မပေးသေးတဲ့အချိန်မှာ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေအနေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းကိုသာ ဦးစွာလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ခရီးသွားရော ဝန်ဆောင်မှုပေးတဲ့ဝန်ထမ်းရော ဘေးကင်းလုံခြုံမှုကို ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်ရပါမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့က ထုတ်ပြန်ထားတဲ့ COVID-19 ကပ်ရောဂါထိန်းသိမ်းကာကွယ်ရေး လမ်းညွှန်မှုတွေကို တိတိကျကျလိုက်နာဖို့ သက်ဆိုင်ရာအစိုးရတာဝန်ရှိသူတွေ၊ လုပ်ငန်းရှင်တွေ၊ ဝန်ထမ်းတွေ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လူသားရဲ့သဘာဝက ဖြစ်စမှာကြောက်ပြီး စည်းကမ်းလိုက်နာပေမယ့် ကြာလာရင် ပေါ့သွားပြီး အမှုမဲ့အမှတ်မဲ့နေတတ်၊ လုပ်တတ်တာကို သတိမလွတ်စေဘဲ စောင့်ကြည့်ကြပ်မတ်နေဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဟာ အရင်က ပြည်ပခရီးသွားကို အဓိကဦးတည်ချက်ထား ဝန်ဆောင်မှုပေးခဲ့ပေမယ့် အခုအခါမှာ ပြည်တွင်းခရီးသွားအဓိကနဲ့ လုပ်ငန်းပြန်စရမှာဖြစ်တဲ့အတွက် ပြည်ပခရီးသွားနဲ့ ပြည်တွင်း ခရီးသွားတွေရဲ့ မတူညီတဲ့သဘာဝတွေ၊ မျှော်လင့်ချက်တွေ၊ သုံးစွဲနိုင်စွမ်းတွေကို ပြန်လည်ထည့်သွင်းစဉ်းစားပြီး ပြည်တွင်းခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ခရီးစဉ်တွေ စတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အခုကတည်းက COVID-19 အလွန်မှာ ကြုံရမယ့် အနေအထားအတွက် ပြည်တွင်းခရီးသွားနဲ့ ကြိုတင်ပြင်ဆင်ထားမှ နောင်တစ်ချိန် ပြည်ပခရီးသွားတွေ ပြန်ဝင်လာရင် အဆင်သင့်ဖြစ်မှာဖြစ်ပါတယ်။ အခု COVID-19 ကြောင့် ခရီးသွားလုပ်ငန်းတွေအားလုံး အတူတူ လုံးဝရပ်သွားတော့ ပြန်ဖွင့်တဲ့အချိန် တစ်နိုင်ငံထက် တစ်နိုင်ငံ သူ့ထက်ငါ ကိုယ့်ဆီဧည့်သည်လာအောင် အပြိုင်အဆိုင်ဆွဲဆောင်ကြမှာ ဖြစ်ပါတယ်။ ကိုယ်က သူတို့နဲ့မတူအောင်ဘယ်လိုဆွဲဆောင်မလဲဆိုတာ စဉ်းစားပြီး ကြိုတင်ပြင်ဆင်ထားဖို့လိုပါမယ်။

ဒီလို ကြိုတင်ပြင်ဆင်နေတဲ့အချိန်မှာ မလုပ်မဖြစ်သတိထားပြီး လုပ်ကိုလုပ်ဆောင်ရမယ့် ကိစ္စကတော့ အခြေခိုင်ပြီး ခရီးစဉ်ဒေသတွေရဲ့အရည်အသွေး တိုးတက်ရေးနဲ့ အသစ်ဖော်ထုတ်မယ့်ခရီးစဉ်ဒေသတွေရဲ့ သဘာဝမပျက်အောင် ထိန်းသိမ်းရေးပဲ ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော်အစိုးရဆောင်ရွက်ဖို့ကိုချည်းပဲ စောင့်မနေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ လုပ်ငန်းရှင်တွေ၊ ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်တဲ့ လုပ်ငန်းအဖွဲ့တွေနဲ့ ထိန်းသိမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

COVID-19 အလွန်မှာ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လာဖို့ အတွေးသစ်တွေနဲ့ လုပ်ဖို့လိုပါတယ်။ အတွေးသစ်တွေရအောင် စဉ်းစားကြပါ။ ဒီအတွေးသစ်တွေကို အကောင်းဆုံးနည်းနဲ့ အကောင်အထည်ဖော်နိုင်ရပါမယ်။ အကောင်အထည်ဖော်တဲ့အခါ နိုင်ငံရဲ့ရေရှည်အကျိုးကို မျက်ခြည်မပြတ်ကြပါနဲ့။ ကျွန်မတို့ နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဘာလုပ်ငန်းလုပ်လုပ် ကျွန်မတို့ ပြည်ထောင်စုကြီး အကျိုးကို မမေ့ဘဲနဲ့လုပ်ဆောင်စေချင်ပါတယ်။ ခရီးသွားလုပ်ငန်းလုပ်ရာမှာလည်း တိုင်းဒေသကြီးတစ်ခုတည်း၊ ပြည်နယ်တစ်ခုတည်း အကျိုးရှိဖို့ထက် ကျွန်မတို့ ပြည်ထောင်စုသားအားလုံး အကျိုးရှိအောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေချင်ပါတယ်။ ခရီးသွားလုပ်ငန်းကြောင့် ပြည်ထောင်စုသားတွေပိုပြီးတော့ နီးစပ်လာတာမျိုး၊ ညီညွတ်လာတာမျိုး၊ ပိုပြီးတော့စည်းလုံးလာတာမျိုးပဲ ဖြစ်စေချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်လုပ်ပြီးတော့ စိတ်ဝမ်းကွဲတာမျိုးမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ပြီး ဟန်ချက်ညီညီ တိုးတက်လာတာမျိုး ဖြစ်စေချင်ပါတယ်။ ညီညီညွတ်ညွတ်နဲ့ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးအတွက် အကျိုးဖြစ်စေမယ့် ခရီးသွားလုပ်ငန်းတွေ အမြန်ဆုံးပြန်လည်ရှင်သန်လာအောင် ဖော်ဆောင်နိုင်ပါစေ၊ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတိုးတက်ဖို့ ခရီးသွားလုပ်ငန်းက ထိရောက်စွာပံ့ပိုးနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွင် ပါရှိသည့် **ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တောဒေသ၌ AA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ချွတ်ပြင်ကျေးရွာနှင့် မောင်နုကျေးရွာ ဖြစ်စဉ်များအပေါ် စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်** အစား **ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တောဒေသ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ချွတ်ပြင်ကျေးရွာနှင့် မောင်နုကျေးရွာ ဖြစ်စဉ်များအပေါ် စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

## ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများသည် အထွေထွေရွေးကောက်ပွဲ လေ့လာခွင့်ကို လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများသည်
အထွေထွေရွေးကောက်ပွဲ လေ့လာခွင့်ကို
လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာသူများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင်လည်းကောင်း ရွေးကောက်ပွဲလေ့လာခွင့်ကို ယနေ့မှစတင်ကာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက် နေ့အထိ လျှောက်ထားနိုင်ပါသည်။

၂။ လွှတ်တော်ရွေးကောက်ပွဲများ လေ့လာရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာသူများ၏ ကျင့်ဝတ်များကို အမိန့်ကြော်ငြာစာအမှတ် ( ၁၈ /၂၀၂၀)နှင့် ( ၁၉ / ၂၀၂၀) တို့ဖြင့် လည်းကောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် ( ၂၀ / ၂၀၂၀)နှင့် ( ၂၁ /၂၀၂၀) တို့ဖြင့် လည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၇-၇-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ official website ဖြစ်သည့် https://uec.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် Download ရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❖*ကျောဖုံးမှ*

ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး နောက်ပိုင်း ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်း ဗဟိုကော်မတီ၏ တတိယအကြိမ်မြောက် အစည်းအဝေး ဖြစ်ပါကြောင်း။

ဒုတိယအကြိမ်အစည်းအဝေးတွင် ထွက်ပေါ်လာခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိက အပိုင်းတို့၏ ဆောင်ရွက်ပြီးခဲ့သည်များကို တင်ပြကြရန်နှင့် ဆောင်ရွက်ရန်ကျန်ရှိသည်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးကြရမည်ဖြစ်သော်လည်း COVID–19 ကပ်ရောဂါကြောင့် ပြောင်းလဲသွားသည့် ခရီးသွားလာရေးလုပ်ငန်း အခြေအနေပေါ်မူတည်၍ မြန်မာ့ခရီးသွားလုပ်ငန်း မဟာဗျူဟာတစ်ခုလုံးကို ပြန်လည်သုံးသပ် လမ်းညွှန်မှုပေးနိုင်ရေးသည် အရေးအကြီးဆုံး ဦးစားပေး ဖြစ်လာခဲ့ပါကြောင်း။

## ပြည်ပခရီးသွား တိုးတက်ဝင်ရောက်

မြန်မာနိုင်ငံ ခရီးသွားကဏ္ဍ လုပ်ငန်းလမ်းညွှန်ဖြစ်သည့် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၁၃–၂၀၂၀)ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖော်ဆောင်ခဲ့ရာ နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍကို လုပ်ပိုင်ခွင့်မြှင့်တင်ပေးခြင်း၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ ခရီးသွားလာရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပိုမိုပါဝင်စေနိုင်ရန် ဒေသအလိုက် ခရီးသွားစီမံကိန်းများ ရေးဆွဲဖော်ဆောင်စေခြင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်ရန် ပြည်ဝင်ခွင့် ဖြေလျှော့ပေးခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သဘာဝခရီးသွားလာရေးလုပ်ငန်း တိုးမြှင့်နိုင်ရန် ကန့်သတ်နယ်မြေများ ဖြေလျှော့ပေးခြင်း၊ မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး ဘေးအန္တရာယ်ကင်းစွာ လာရောက်လည်ပတ်နိုင်သည်ကို နိုင်ငံတကာခရီးသွားများ သိရှိနိုင်ရန် Digital Marketing လုပ်ဆောင်ခြင်း၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ ဖိတ်ခေါ်၍ ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ခြင်း၊ ပြည်ပနိုင်ငံများတွင် Road Show များ ပြုလုပ်ခြင်း၊ Familirization Trip များ ဖိတ်ခေါ်ခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ပြည်ပခရီးသွား ၃ ဒသမ ၅ သန်းကျော် ဝင်ရောက်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ပြည်ပခရီးသွား ၄ ဒသမ ၄ သန်းခန့်အထိ ဝင်ရောက်ခဲ့သဖြင့် ပြည်ပခရီးသွား ၁ သန်းနီးပါးခန့် တိုးတက်ဝင်ရောက်လာခဲ့ပါကြောင်း။

## ထိခိုက်မှုများဖြစ်ပေါ်ခဲ့

ပင်မစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပခရီးသွား ၅ သန်းကျော် လာရောက်ရန် မျှော်လင့်ပြင်ဆင်ထားခဲ့သော်လည်း COVID–19 ရောဂါ ဖြစ်ပွားလာသည့်အခါ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ပြည်ဝင်ခွင့်များ ရပ်ဆိုင်းခြင်း၊ လေကြောင်းလိုင်းများ ရပ်ဆိုင်းခြင်း၊ ခရီးသွားလာခွင့်ထိန်းချုပ်ခြင်း စသည်တို့ကို လုပ်ဆောင်သည့်အခါ ကမ္ဘာနှင့်တစ်ဝန်းရှိ ခရီးသွားလုပ်ငန်းများ ပြင်းပြင်းထန်ထန် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခန့်မှန်းချက်အရ ယခုနှစ် ခရီးသွားလုပ်ငန်း အခြေအနေသည် ပြီးခဲ့သည့်နှစ်ထက်စာလျှင် နိုင်ငံတကာခရီးသည် သန်း ၈၅၀ မှ ၁ ဒသမ ၁ ဘီလီယံအထိ လျော့နည်းနိုင်ပြီး ခရီးသွားလုပ်ငန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၉၁၀ ဘီလီယံ မှ ၁ ဒသမ ၂ ထရီလီယံအထိ ဆုံးရှုံးနိုင်ကာ ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်သန်း ၁၀၀ မှ ၂၀၀ အထိ ဆုံးရှုံးနိုင်သည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လေကြောင်းမှဝင်ရောက်ခဲ့သည့် ပြည်ပခရီးသွား ၁၈၃၄၁၆ ဦး ဝင်ရောက်ခဲ့ရာမှ ဧပြီလတွင် ၈၂ ဦးသာ ဝင်ရောက်ခဲ့ပါကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ မေလအထိ နိုင်ငံတကာခရီးသည်ဝင်ရောက်မှုကို ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါကြောင်း၊ Stay Home အစီအစဉ်ကြောင့် ပြည်တွင်းခရီးသွားလုပ်ငန်းများသည်လည်း ရပ်ဆိုင်းသွားခဲ့ပါကြောင်း။

COVID–19 ကြောင့်ဖြစ်ရသည့် လူမှုစီးပွား သက်ရောက်မှုများကို ဖြေလျှော့ပေးရန် နိုင်ငံတော်က CERP (COVID–19 Economic Relief Plan)ကို ချမှတ်လုပ်ဆောင်နေပြီ ဖြစ်ပါကြောင်း၊ CERP ၏ နောက်ဆက်တွဲအဖြစ် COVID–19 Tourism Relief Plan ကို ရေးဆွဲအတည်ပြုချက်ရယူပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အဆင့် (၃) ဆင့်ဖြင့် စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း။

## ညှိနှိုင်းပေးခြင်း ဆောင်ရွက်

လက်ရှိအချိန်တွင် ပထမအဆင့် Survival အနေဖြင့် ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်သည့် လိုင်စင်ကြေး ဖြေလျှော့ပေးခြင်း၊ ပေးဆောင်ရမည့် အခွန်အခများကို အချိန်ကန့်သတ်ရွှေ့ဆိုင်းပေးခြင်း၊ လုပ်ငန်းရှင်များ လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်ရန် အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ပေးခြင်း၊ ဌာနပိုင်အဆောက်အအုံ ငှားရမ်းခများ သက်သာခွင့်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် Reopening ကို လုပ်ဆောင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲပြီး ပြည်ဝင်ခွင့်များ ပြန်လည်ပေးအပ်၍ လေဆိပ်များ ပြန်လည်ဖွင့်လှစ်သည်ကို ယခုနှစ်၏ တတိယသုံးလပတ်နောက်ပိုင်းမှသာ မျှော်လင့်နိုင်သည့်အတွက် ပြည်တွင်းခရီးသွား လုပ်ငန်းဖြင့် ဦးစွာစတင်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ စတင်ရာတွင် COVID–19 ရောဂါ ကူးစက်မှု ပြန်လည်တိုးတက်မလာနိုင်ရန် သတိကြီးစွာထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ထုတ်ပြန်သည့် COVID–19 ကပ်ရောဂါ ဘေးကင်းရေးလမ်းညွှန်မှုများကို စုစည်းကာ National Tourism Guidelines အဖြစ် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

ထိုသို့ ထုတ်ပြန်ထားသည့် Guideline များကို အမှန်တကယ် ကျင့်သုံးလိုက်နာပြီး COVID–19 Safe Tourism Destination အဖြစ် မြန်မာ့ခရီးသွားလာရေးလုပ်ငန်း ပြန်လည်ပေါ်ထွက်လာရေးအတွက် ယခုဗဟိုကော်မတီတွင် ပါဝင်သည့် ဝန်ကြီးဌာနများ၊ ကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရှိကြသည့် Stakeholder များအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

## တိုးချဲ့လုပ်ဆောင်သွားမည်

ဒုတိယအဆင့် Reopening ကို အောင်အောင်မြင်မြင် စတင်နိုင်ပါက တတိယအဆင့် Relaunching ကို ယခုနှစ် စတုတ္ထ သုံးလပတ်တွင် ASEAN နိုင်ငံများ၊ အာရှနိုင်ငံများနှင့် စတင်ဖော်ဆောင်ရန် ရည်ရွယ်ထားပါကြောင်း၊ မိမိတို့နိုင်ငံနှင့် တိုက်ရိုက်လေကြောင်းမရှိသည့် လာအို၊ ကမ္ဘောဒီးယားနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလာခြင်းကို Travel Bridge ပုံစံ လုပ်ဆောင်နိုင်ရန် မိမိတို့နိုင်ငံနှင့် တိုက်ရိုက်လေကြောင်းရှိသည့် ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် Travel Bubble လုပ်ဆောင်နိုင်ရန် ဖြစ်ပါကြောင်း၊ ထိုမှ တစ်ဆင့် COVID–19 ကို ထိန်းချုပ်နိုင်နေပြီဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ မကာအိုတို့နှင့် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် ပြည်ပခရီးသွားများ၏ သုံးစွဲငွေသည် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်ရှိသည်ဟု သိရပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းက တိုက်ရိုက်အလုပ်ပေးထားသူ တစ်သိန်းနီးပါးရှိပြီး စားသောက်ဆိုင်၊ အနေးယာဉ်၊ ပုံကျစျေးသည်များကဲ့သို့ သွယ်ဝိုက်အလုပ်အကိုင်ရရှိသူ ၂ သိန်းနီးပါးရှိကာ စုစုပေါင်း ပြည်သူ ၃ သိန်းနီးပါးနှင့် မှီခိုသူမိသားစုများ အားကိုးအားထားပြုနေရသည်ဟု နောက်ဆုံးကောက်ယူသည့် စာရင်းဇယားများအရ သိရှိရပါကြောင်း၊ ခရီးသွားလာရေးလုပ်ငန်း တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်နိုင်ပါက လူထုလူတန်းစား အသီးသီးထံ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်နည်းလမ်းဖြင့် ဝင်ငွေများ စီးဆင်းစေပြီး multiplier effect ဖြင့် လူတန်းစားနယ်ပယ်ပေါင်းစုံ အကျိုးရှိစေမည် ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းဟု တင်စားခေါ်ဝေါ် ပြောဆိုနိုင်သော်လည်း ခရီးသွားလာခြင်းများကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများဖြစ်သည့် အမှိုက်စွန့်ပစ်ခြင်းများ၊ လေထုညစ်ညမ်းခြင်းများနှင့် သဘာဝပတ်ဝန်းကျင် ထိပါးပျက်စီးခြင်းများ ဖြစ်ပေါ်လာသည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်စတင်ပြီး တိုးတက်အောင် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ကြရာတွင် ဂေဟစနစ်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအဖြစ် ဖော်ဆောင်ကြရန် လိုအပ်ပါကြောင်း။

## ခရီးသွားလာရေးပုံစံသစ် ဖော်ဆောင်

COVID အလွန်ကာလ New Normal တွင် ခရီးသွားများ၏ ရွေးချယ်မှုသည် ယခင်ကနှင့်မတူ ပြောင်းလဲသွားပြီး လူများပြည့်ကျပ်နေသည့် မြို့ပြဘဝခရီးသွားထက် social distancing ဖြင့် နေထိုင်သွားလာခြင်းများ၊ Natural Tourism, Ethnic Tourism, Environmental Tourism ကဲ့သို့သော ခရီးသွားလာခြင်းများကို ပိုမိုလိုလားလာကြလိမ့်မည်ဟု ခန့်မှန်းသည့်အတွက် ထိုသို့သော ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည့် ခရီးသွားလာရေး ပုံစံသစ်ကို ဖော်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စည်းမျဉ်း၊ စည်းကမ်းများကို လေ့လာပြီး မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် model များအဖြစ် ပြုပြင်ပြောင်းလဲကာ Safe & Enchanting Travel in Myanmar ဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများပေါင်းစပ်၍ ကြိုတင်လေ့လာသုံးသပ်ကြစေလိုပါကြောင်း။

COVID–19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်သည့် လိုအပ်ချက်များကို ပြုပြင်ပြီး COVID–19 အလွန်ကာလတွင် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်တည့်မတ်လာရန်၊ အဆင်သင့်ဖြစ်နေစေရန်၊ ပြောင်းလဲလာသည့် ဖြစ်စဉ်များနှင့် လိုက်လျောညီထွေဖြစ်ရန် ပြောင်းလဲနိုင်ရေးသည် ယခုဗဟိုကော်မတီတွင် ပါဝင်သည့် ဝန်ကြီးဌာနများနှင့် ကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များတွင် ရှိကြသည့် Stakeholder များအနေဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်လတ်က ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ၏ လတ်တလောအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဗဟိုကော်မတီ အစည်းအဝေး (၂/ ၂၀၁၉) ဆုံးဖြတ်ချက်များ မှတ်တမ်းတင်ပေးနိုင်ရေး၊ ခရီးသွားလုပ်ငန်းကော်မတီဝင်နှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးနှင့် မသန်စွမ်းသူများ အတားအဆီးမဲ့ သွားလာနိုင်ရေးအတွက် ( Barrier Free Tourism Pilot Project) ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းဆွေးနွေး

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်ထွေးတို့က ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၁၉) ဆုံးဖြတ်ချက်ပါ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ နိုင်ငံခြားခရီးသွားများ လိုက်နာဆောင်ရွက်သင့်သည့် ကိစ္စရပ်များ ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ COVID –19 ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများ၊ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် စပ်လျဉ်းသည့် ပြည်ပနိုင်ငံများ၏ ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်ပဘုရားဖူး ခရီးသွားလာခြင်းဆိုင်ရာကိစ္စရပ်များ ၊ ခရီးသွားလုပ်ငန်းအနေဖြင့် ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးကို အထောက်အပံ့ပြုနေသည့် ကိစ္စရပ်များ၊ COVID – 19 ကပ်ရောဂါနှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဒေါက်တာရဲမြင့်ဆွေနှင့် ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဗဟိုကော်မတီဝင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဒေသအလိုက်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုများကို Video Conferencing စနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (World Tourism Organization)၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၄၀ ဒသမ ၂ ရာခိုင်နှုန်း ရှိသဖြင့် တိုးတက်မှုအရှိဆုံး စာရင်းဝင်ခဲ့သည်ဟု သိရပါကြောင်း၊ ထို့ကြောင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ခြင်းအား အသိအမှတ်ပြု ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ထိုသို့သော အောင်မြင်ခဲ့မှုသည် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းမှု၏ အသီးအပွင့်ရလဒ်ကောင်း ဖြစ်ပါကြောင်း၊ COVID အလွန်ကာလတွင်လည်း အဆိုပါနှုန်းအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

---

● *ကျောဖုံးမှ*

ယင်းပဋိပက္ခများ ကြာရှည်လာသည်နှင့်အမျှ လုပ်ငန်းများလည်ပတ်ရန် မြေပေါ် မြေအောက် သယံဇာတများ ထုတ်ယူသုံးစွဲမှုများကြောင့် ဂေဟစနစ်များ ပျက်စီးခြင်းများ ရှိပါကြောင်း။

JMC ဖွဲ့စည်းခဲ့သည်မှာ ယခုဆိုလျှင် လေးနှစ်ရှိပြီဖြစ်ကြောင်း၊ ယင်းသို့ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းကြောင့် NCA လက်မှတ်ရေးထိုးထားသည့် နယ်မြေများတွင် ပဋိပက္ခများ လျော့နည်းသွားခြင်း၊ ပြည်သူလူထု ခံစားရသည့် ဝန်ထုပ်ဝန်ပိုးများ လျော့ချနိုင်ခြင်းနှင့် ယင်းဒေသများရှိ သယံဇာတများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် ဒေသများတွင် နှစ်ဖက်ညှိနှိုင်းကာ ပြဿနာများကို ဖြေရှင်းလာသည့်အတွက် များစွာလျော့ကျလာသည်ကို တွေ့ရပါကြောင်း၊ ယင်းမှာ NCA ရေးထိုးလိုက်သည့်အတွက် ဖြစ်ပေါ်လာသည့် ရလဒ်ဟု ပြော၍ရပါကြောင်း။

JMC အစည်းအဝေးများ မကျင်းပနိုင်သေးသည့် ကာလများတွင်လည်း အရပ်သားကိုယ်စားလှယ်များအနေဖြင့် တက်တက်ကြွကြွ သက်ဆိုင်ရာနယ်မြေများသို့ သွားရောက်ကာ ပဋိပက္ခမဖြစ်အောင် တားဆီးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တရားဝင်အစည်းအဝေးများ မကျင်းပနိုင်သော်လည်း တစ်ခါတစ်ရံ လူချင်းတွေ့ဆုံ၍ လိုအပ်သည့်ဖြေရှင်းမှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကြီးမားသည့် ပဋိပက္ခများမရှိဘဲ သာမန်ပဋိပက္ခများကို နှစ်ဖက်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

JMC တွင် အတည်ပြုပြဋ္ဌာန်းထားသည့် လုပ်ငန်းလမ်းညွှန်များ ရှိပါကြောင်း၊ ယင်းလုပ်ငန်းလမ်းညွှန်ချက်များကို လိုအပ်ပါက ပြန်လည်ညှိနှိုင်းကာ လက်ရှိအချိန်နှင့် ကိုက်ညီအောင် စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တစ်ဖက်နှင့် တစ်ဖက် ဝိဝါဒများ ကွဲပြားမှုများ ရှိနိုင်ပါကြောင်း၊ သို့သော် ငြိမ်းချမ်းရေးကို အခြေခံကာ သေသေချာချာ စေ့စပ်ညှိနှိုင်းဆောင်ရွက်သွားရန် အကြံပြုလိုပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်ရေးလုပ်ငန်းများကို ပိုမိုတည်ငြိမ်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဓိကအားဖြင့် ပဋိပက္ခဖြစ်ပွားသည့် နေရာများတွင် ဒေသခံအရပ်သား စောင့်ကြည့်သူများကို ဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်၍လည်း JMC၏ (၁၀) ကြိမ်၊ (၁၇) ကြိမ်နှင့် (၁၈) ကြိမ်မြောက် အစည်းအဝေးများတွင် စောင့်ကြည့်အဖွဲ့များ ဖွဲ့စည်းရန်အတွက် သဘောတူညီချက် ရရှိထားပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့်တိုက်တွန်းလိုသည်မှာ မိမိတို့ ဖော်ပြလိုသည့် ပုံရိပ်သည် လက်ရှိအခြေအနေနှင့် အလှမ်းဝေးနေမည်ဆိုပါက ညှိနှိုင်းဆွေးနွေးမှုမှာ ကြန့်ကြာတတ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများ ကြန့်ကြာလာသည်နှင့်အမျှ လမ်းကြောင်းလွဲသွားနိုင်ပါကြောင်း၊ ထို့ကြောင့် အနီးစပ်ဆုံး လက်ရှိအခြေအနေများနှင့် ကိုက်ညီပြီး မိမိတို့ ပုံဖော်လိုသည့် ပုံရိပ်ကို ညှိနှိုင်းဆွေးနွေးကြကာ အဆင့်လိုက် ယုံကြည်မှု တည်ဆောက်သွားကြရန်နှင့် အလှမ်းမကွာရန် မိမိအနေဖြင့် အကြံပြုလိုပါကြောင်း၊ JMC လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် NCA ပါ ဖော်ပြချက်များအတိုင်း စောင့်ကြည့်ရေး၊ စိစစ်အတည်ပြုရေး၊ ပဋိပက္ခဖြေရှင်းရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် ဘက်လိုက်မှုကင်းခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို အခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

*စာမျက်နှာ ၉ သို့*

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ဆွေးနွေးပွဲကို ကျင်းပသည့် ရည်ရွယ်ချက်နှစ်ခု ရှိပါကြောင်း၊ ပထမရည်ရွယ်ချက်မှာ မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးမှုကို နှစ်စဉ် ပြုလုပ်လျက်ရှိရာ ယနေ့ဆွေးနွေးပွဲတွင်လည်း မဏ္ဍိုင်လေးရပ်တွေ့ဆုံမှု ပြုလုပ်သွားနိုင်ရန်အတွက် အကြိုတွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတက်ရောက်လာသည့် သတင်းမီဒီယာသမားများအနေဖြင့် မဏ္ဍိုင်သုံးရပ်နှင့် တွေ့ဆုံသည့်အခါ ပြောဆိုဆွေးနွေးလိုသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသွားရန် ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ကိုဗစ်ကာလတွင် လုပ်ငန်းပေါင်းစုံမှာ အခက်အခဲများ တွေ့ကြုံကြရပါကြောင်း၊ လုပ်ငန်းများ ထိခိုက်မှုရှိသည့်အတွက် ထိခိုက်မှုကို ကုစားသည့်အစီအစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် ကိုဗစ်ကာလတွင် မိမိတို့အပိုင်းအလိုက် ထိခိုက်မှုများကို ကူညီဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားရန် ဖြစ်ပါကြောင်း။

### ဆွေးနွေးပွဲမှရလဒ်များ ပြန်လည်သုံးသပ်

မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်လေးချက် ရှိပါကြောင်း၊ ယင်းတို့မှာ နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းရန်၊ သတင်းမီဒီယာများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်အတွက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေး မဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်နှင့် သတင်းမီဒီယာများအကြား တွေ့ဆုံဆွေးနွေးအဖြေရှာရန်၊ မဏ္ဍိုင်တစ်ရပ်ချင်းစီ၏ လုပ်ငန်းသဘာဝနှင့် သတင်းမီဒီယာလုပ်ငန်းသဘာဝတို့ကို အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုလက်ခံကာ ပူးပေါင်းညှိနှိုင်းခြင်းဖြင့် ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူ့အကျိုးပြုအစိုးရစနစ် Good Governance ပေါ်ထွန်းရေးအတွက် အထောက်အကူပြုရန်နှင့် တတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါကြောင်း။

### စာနယ်ဇင်းကျင့်ဝတ်ကို လိုက်နာ

ထို့ပြင် မိမိအနေဖြင့် ယနေ့တွေ့ဆုံပွဲတွင် ဆွေးနွေးလိုသည့် အကြောင်းအရာနှစ်ခု ရှိပါကြောင်း၊ ပထမအချက်မှာ မဏ္ဍိုင်သုံးရပ်သည် မဏ္ဍိုင်အချင်းချင်း ထိန်းကျောင်းမှု ရှိပါကြောင်း၊ Check and Balance စနစ်ရှိပါကြောင်း၊ ဆိုလိုချင်သည်မှာ လူ့အဖွဲ့အစည်းတွင် အာဏာကို ကျင့်သုံးချင်သလို ကျင့်သုံး၍မရဘဲ ထိန်းသိမ်းကြပ်မတ်သည့်စနစ် ဖြစ်ပါကြောင်း၊ ထို့အတူ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာကိုယ်တိုင်လည်း မိမိစွမ်းအားကို သုံးစွဲရာတွင် အများလက်ခံနိုင်စေရန်အတွက် စာနယ်ဇင်းကျင့်ဝတ်ကို လိုက်နာရမည် ဖြစ်ပါကြောင်း၊ စွမ်းရည်ပြည့်ဝခြင်းမရှိသည့် သတင်းမီဒီယာကို ကျန်သည့်မဏ္ဍိုင်များက လေးစားမှု အားနည်းနိုင်ပါကြောင်း။

ဒုတိယအချက်မှာ သတင်းမီဒီယာရေစီးကြောင်း ပြောင်းလဲမှုဖြစ်ပါကြောင်း၊ ပြောင်းလဲမှုသည် လျင်မြန်ပါကြောင်း၊ စတုတ္ထမဏ္ဍိုင် ပေါ်ထွန်းလာမှုမှာ ပုံနှိပ်သတင်းစာကို အခြေခံ၍ ပေါ်ထွန်းလာခြင်းဖြစ်ပါကြောင်း၊ ယနေ့ခေတ်သည် ပုံနှိပ်ခေတ်မဟုတ်တော့ဘဲ အွန်လိုင်းမီဒီယာ၊ လူမှုမီဒီယာ၊ ဒစ်ဂျစ်တယ်နည်းပညာများ ပေါ်ထွန်းလာသည့်ခေတ် ဖြစ်လာပါကြောင်း၊ ပြီးခဲ့သည့် နှစ်များအတွင်းက Citizen Journalist များ မွေးထုတ်ရမည်ဟု သတင်းမီဒီယာလောကတွင် ပြောဆိုကြသော်လည်း စမတ်ဖုန်းများ သုံးစွဲမှု၊ လူမှုမီဒီယာများ သုံးစွဲမှုနှင့်အတူ လူတိုင်းသည် Citizen Journalist များ ဖြစ်သွားပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ပြောင်းလဲမှုနှင့် လျော်ညီစွာ ပြောင်းလဲလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စတုတ္ထမဏ္ဍိုင် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်သွားနိုင်ရန် ပြောင်းလဲဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### အကြိုညှိနှိုင်းခြင်းဖြစ်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့သည် စတုတ္ထအကြိမ် မဏ္ဍိုင်လေးရပ်အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရန် အကြိုညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ထဲမှ တစ်ခုဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်များသည် လာမည့်အပတ်တွင် ပြန်လည်ကျင်းပမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကျင်းပနေသည့်ကာလတွင် စတုတ္ထအကြိမ် မဏ္ဍိုင်လေးရပ်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် ကျန်သည့်မဏ္ဍိုင်သုံးရပ်၏ Focal Ministry ဖြစ်ပြီး ဆက်စပ်ပေးရပါကြောင်း၊ မီဒီယာသည် ထာဝရရှင်သန်နေရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများရှိ မီဒီယာများသည် Self-Censorship မဟုတ်ဘဲ Self-Regulated အသိတရားဖြင့် ဆောင်ရန်၊ ရှောင်ရန်ကို ခွဲခြားနားလည်ပြီး ဖြစ်လာနိုင်သည့်အန္တရာယ်များကို ချိန်ဆရပ်တည်နိုင်ရန် အကြံပြုလိုပါကြောင်း၊ ရှေ့ရှည်တွင် မီဒီယာတိုင်းသည် Self-Regulated ဖြစ်ရမည်ဖြစ်ပြီး လွတ်လပ်၍ အမှီအခိုကင်းရန် လိုအပ်ပါကြောင်း။

မီဒီယာများသည် မည်သည့်ခေတ်၊ မည်သည့်စနစ်၊ မည်သည့်အခြေအနေတွင်မဆို လိုအပ်နေမည်ဖြစ်ပါကြောင်း၊ အကြောက်တရားကြောင့်လည်း ဘက်မလိုက်ရ၊ တံစိုးလက်ဆောင်ကြောင့်လည်း ဘက်မလိုက်ရ၊ သတင်းသည် စိတ်ကူးယဉ်မဟုတ် အရှိအတိုင်း မှန်ကန်ရန်၊ မျှတရန် လိုအပ်ပါကြောင်း၊ သတင်းရင်းမြစ်များနှင့် အပြန်အလှန် ယုံကြည်မှုကိုလည်း တည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ စတုတ္ထအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါအကြောင်းအရာများ ပါဝင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇေယျာမြတ်ခိုင်၊ မြန်မာဂျာနယ်လစ်ကွန်ရက်ကိုယ်စား ရောဝတီသတင်းဂျာနယ်မှ သတင်းထောက် ဦးထက်နိုင်ဇော် ၊ News Watch သတင်းဌာနမှ နေပြည်တော်တာဝန်ခံ ဦးမောင်မောင်ထွန်း၊ BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ၊ Mizzima သတင်းဌာနမှ နေပြည်တော်တာဝန်ခံ ဦးသန်းထိုက်အောင်၊ RFA သတင်းဌာနမှ အယ်ဒီတာ ဒေါ်အေးအေးမွန်၊ ပြည်ထောင်စုနေ့စဉ်သတင်းစာမှ သတင်းထောက် ဦးကိုကိုလွင်၊ VOA သတင်းဌာနမှ သတင်းထောက် ဦးစည်သူနိုင် ၊ The Voice သတင်းဌာနမှ နေပြည်တော်တာဝန်ခံ ဦးအောင်ထက်တို့က ဆွေးနွေးတင်ပြကြရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် တက်ရောက်သူများက လွှတ်တော်များတွင် သတင်းများ ရယူသည့်ကိစ္စနှင့် ပတ်သက်၍ သတင်းမီဒီယာများ ဝင်ထွက်သည့်ကိစ္စများ၊ သတင်းရယူသည့် ကိစ္စများနှင့် ပတ်သက်၍ တတ်နိုင်သမျှ အကန့်အသတ်များ လျှော့ချပေးရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ကိုဗစ်ကာလအတွင်း ရခိုင်ဒေသအတွင်း သတင်းရယူရေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား စီစဉ်ဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာများ၏ တိုက်ပိုင်ရှင်များ၊ အယ်ဒီတာချုပ်များကို ဖိတ်ခေါ်၍ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးပွဲကျင်းပပေးရန်၊ Social Media သည် Mainstream Media အနေအထားသို့ ရောက်ရှိလာပါသဖြင့် Social Media ကို အခြေခံသည့် အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ပေးရန်၊ နေပြည်တော်တွင် သတင်းမီဒီယာများအတွက် သင်တန်းများ ဖွင့်လှစ်သည့်အခါ ပြန်ကြားရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးရန်၊ ရွေးကောက်ပွဲကာလတွင် သတင်းများ အဆင်ပြေစွာ ရယူနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ပေးရန်၊ သတင်းသမားများသတင်းရယူရာတွင် တွေ့ကြုံရသည့် အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲ စီစဉ်ပေးရန်၊ ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာများအား Messenger သို့မဟုတ် Viber တွင် Private Group ဖွဲ့စည်း၍ သတင်းရယူရေးကိစ္စများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန် စသည်ဖြင့် ဆွေးနွေးတင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့သည် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

ထို့နောက် JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအနေဖြင့် JMC ကို ထူထောင်နိုင်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက်အကြား ယုံကြည်မှုများ တိုးတက်လာမည်ဟု မျှော်လင့်ထားသည့်အပေါ် လက်တွေ့ဖြစ်မလာပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအကြား အထူးစိုးရိမ်ရသည့် အခြေအနေမဟုတ်သော်လည်း JMC ၏ တာဝန်ရှိသည့် လုပ်ငန်းများ ကောင်းစွာလည်ပတ်လာနိုင်ခြင်း မရှိသေးသည်ကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်တပ်တွေ့ဆုံမှုယန္တရား၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ထိပ်တိုက်ရင်ဆိုင်မှု ရှောင်ရှားရေးနှင့် တပ်နေရာချထားရေး လုပ်ဆောင်နိုင်ရန် သဘောတူညီမှုရလဒ်များရရှိနိုင်ရေး လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ယင်းရလဒ်ကိုရရှိရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ စောင့်ကြည့်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပိုမိုထိရောက်သည့် စောင့်ကြည့်လေ့လာမှုများ ပြည်နယ်အဆင့်တွင်ရှိပြီး အဓိကမဏ္ဍိုင်အဖြစ် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်ရေးကော်မတီများတွင် ပဋိပက္ခလက်တွေ့ခံစားရသည့် နယ်မြေခံလူထုများ ပါဝင်လာရေးသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ ထို့ပြင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စိစစ်မှုလုပ်ဆောင်ရာတွင် လွတ်လပ်၍ ဘက်မလိုက်သည့်အဖွဲ့မှ တာဝန်ယူရမည်ဟု မျှော်လင့်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် JMC-U ဒုတိယဥက္ကဋ္ဌ(၂) Rev. စောမက်သယူးအေးက မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ထောက်ပြအကြံပြုရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ထို့ပြင် ပဋိပက္ခဖြစ်ပွားနေသည့် လက်နက်ကိုင်အဖွဲ့များအကြား ဘက်လိုက်မှုမရှိသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ယူဆလျှင်လည်း မမှားပါကြောင်း၊အချိန်ကြာလာသည်နှင့်အမျှ JMC လုပ်ငန်းများ အဆင့်ဆင့် အရှိန်ရလာပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း အရပ်သားများ၏ ပါဝင်မှုအခန်းကဏ္ဍကို ဦးစားပေးလာကြသည့်အတွက် JMC လုပ်ငန်းများ အကောင်အထည်ဖော်မှုအပိုင်းတွင် အရပ်သားကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို ပိုမိုထည့်သွင်းလာကြသည်ကို တွေ့ရပါကြောင်း၊ နှစ်နှစ်နီးပါးကာလအကြာမှ ပြန်လည်ကျင်းပသည့် JMC အစည်းအဝေးသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆတက်ထမ်းပိုး ပိုမိုလုပ်ဆောင်နိုင်ရန် အားယူပြင်ဆင်သည်ဟု မိမိအနေဖြင့် ခံယူပါကြောင်း။

ငြိမ်းချမ်းရေးခရီးစဉ်အပေါ် ပြည်သူများ စိုးရိမ်ကြောင့်ကြမှု လျော့ပါးရေးအတွက် အရပ်သားများ ဦးဆောင်ပါဝင်သည့် လူထုတွေ့ဆုံပွဲများအပြင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပြီး JMC လုပ်ငန်းများ၊ သင်တန်းများနှင့် ဆွေးနွေးပွဲများကို အဆက်မပြတ် လုပ်ဆောင်ခဲ့ကြပါကြောင်း၊ JMC ဖွဲ့စည်းပြီးနောက်ပိုင်း ပစ်ခတ်တိုက်ခိုက်မှု လျော့ပါးသွားသည်ကို တွေ့ရပါကြောင်း၊ JMC အဆင့်ဆင့် ကော်မတီများအကြားတွင်လည်း ချစ်ကြည်ရင်းနှီးမှုများရရှိအောင် တိုးတက်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ မိမိတို့၏ အန္တိမရည်မှန်းချက်ဖြစ်သည့် အပစ်အခတ်ရပ်စဲရေးနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခြေခံပြည်သူများ ပူးပေါင်းပါဝင်လာရေးကိုလည်း အဓိကဦးတည်ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူများ ပူးပေါင်းပါဝင်မှုသည် ငြိမ်းချမ်းရေးခရီးစဉ်အတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ JMC အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးခရီးစဉ်အတွက် အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်ရင်း မိမိတို့၏ ခိုင်မာမှုကို တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် JMC-U တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့် ကော်မတီဝင် အမည်စာရင်းအား အတည်ပြုခြင်း၊ JMC-U ၏ (၁၈) ကြိမ်နှင့် (၁၉) ကြိမ် အစည်းအဝေးကြားကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်မှုများအား တင်ပြခြင်း၊ JMC ၏ ရန်ပုံငွေအား No Cost Extension ဖြင့် ဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေးခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေ ဘတ်ဂျက်ရေးဆွဲနိုင်ရေး ဆွေးနွေးခြင်း၊ အစိုးရဘက်မှ အဆိုပြုခန့်အပ်သော အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ရာထူးနေရာ အတည်ပြုခန့်အပ်ခြင်းနှင့် EAOs ဘက်မှ ဒုတိယအလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ရာထူးနေရာအတွက် အဆိုပြုခန့်အပ်ရန် ဆွေးနွေးခြင်း၊ အတည်ပြုပြဋ္ဌာန်းထားပြီးသော JMC ဆိုင်ရာ လုပ်ငန်းလမ်းညွှန် (ToR) နှင့် လုပ်ထုံးလုပ်နည်း (SoP) များကို လိုအပ်ပါက ပြန်လည်သုံးသပ်နိုင်ရေး ဆွေးနွေးခြင်း၊ JMC အတွင်း Bilateral များ ဆွေးနွေးသွားနိုင်ရေး အစီအမံနှင့် JMC-S အစည်းအဝေးများ ပုံမှန်ပြန်လည်ကျင်းပနိုင်ရေး ဆွေးနွေးခြင်း၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များ ဖွဲ့စည်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးခြင်း၊ JMC အဆင့်ဆင့်၏ အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီ အစည်းအဝေးများမှ မူဝါဒတောင်းခံရန် လိုအပ်သော ဆုံးဖြတ်ချက်များအား တင်ပြခြင်း၊ နဝမအကြိမ် JMC အဆင့်ဆင့်၏ အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီအစည်းအဝေးအား ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ကျင်းပခွင့်တင်ပြခြင်း၊ JMC သို့ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လှူဒါန်းငွေများနှင့် JMC ပိုင် ရန်ပုံငွေများသုံးစွဲမှုနှင့် လက်ကျန်စာရင်း တင်ပြခြင်းနှင့် နောက်တစ်ကြိမ် ကျင်းပမည့် JMC-U အစည်းအဝေးအတွက် နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး JMC-U ၏ (၁၉) ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်များ ဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်၊ အေးသန့်**

*အဖေ(၆-၁၁-၂၀၁၁ နေ့တွင် ကွယ်လွန်သွားခဲ့သော ယောက္ခမဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူးဦးလွင်) ရေးသားခဲ့သော ဗိုလ်ချုပ်နှင့် သူအမှတ်တရဆုံစည်းခဲ့ရသည့် ဖြစ်ရပ် (၄)ရပ်အပေါ်တွင် သမိုင်းအချက်အလက် အချို့ကို ဖြည့်စွက်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ (စာရေးသူ)*

# ကျွန်တော်အမှတ်ရနေသော ဗိုလ်ချုပ်

ဒလဘန်း

၁၉၃၈ နှစ်ဆန်းပိုင်း ချောက်မြို့မှစတင်ခဲ့သည့် ရေနံမြေသပိတ်ကြီး၏ လှုပ်ရှားမှုဂယက်က ရန်ကုန်သို့ တဖြည်းဖြည်းချင်း ရိုက်ခတ်လာသည်။ မတ်လ ၅ ရက်နေ့ ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေးကြီးက ဗြိတိသျှပိုင် BOCရေနံကုမ္ပဏီကြီးကို ရှုတ်ချခဲ့သည်။

တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရပြီး တစ်နှစ်ခန့်အကြာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂနှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌတာဝန်တို့မှ နုတ်ထွက်ခဲ့သည့် ကိုအောင်ဆန်း၏ အရိုက်အရာကိုဆက်ခံသည့် တကသဥက္ကဋ္ဌသစ် ကိုဗဟိန်းနှင့်ဗကသအထွေထွေအတွင်းရေးမှူးကိုဗဆွေတို့ ရေနံချောင်းအမျိုးသားကျောင်းသပိတ်ကို ဖြေရှင်းရန် အသွား မကွေးတွင် ဖမ်းဆီးခံရသည်။

ယင်းကိုကန့်ကွက်ကာ အာဏာရှင်ဖိဆန်ရေးအစီအစဉ်အရ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရွှေတိဂုံရင်ပြင်တော်၌ တက္ကသိုလ်နှင့် ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူတို့ စုဝေးဆန္ဒပြကြသည်။ နောက်တစ်နေ့ တက္ကသိုလ်နှင့် ကျောင်းပေါင်းစုံက လူ ၁၀၀၀၀ ကျော် ကျောင်းသားထု ရန်ကုန်မြို့တွင်း လှည့်လည်ဆန္ဒပြကြသည်။ ကျောင်းသား ထုဆန္ဒပြပွဲကြီးမှာ အဖေလည်းပါဝင်ခဲ့သည်။

**တစ်ပြည်လုံးရှိကျောင်းသားများ သပိတ်မှောက်**

ကျောင်းသားခေါင်းဆောင်နှစ်ဦးကို ဖမ်းဆီးထားပြီး ကျောင်းသားထု၏ ကန့်ကွက်ဆန္ဒပြမှုအပေါ် နယ်ချဲ့ဗြိတိသျှအစိုးရက တုံ့ပြန်သဘောထား တစ်စုံတစ်ရာ မပေး၍ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျောင်းသားထုသည် အတွင်းဝန်ရုံးကို ဝိုင်းပြီးဆန္ဒပြကြသည်။ အစိုးရက မြင်းစီးပုလိပ်များဖြင့် ဆန္ဒပြပွဲကို လူစုခွဲစေခဲ့ရာ ကျောင်းသား ၈၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ပြီး ဂျပ်ဆင်ကောလိပ်ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် နှစ်ရက်အကြာ ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ (ဗကသ) ကကြီးမှူးလျက် သပိတ်မှောက်ရန် ကြေညာလိုက်ရာ မြန်မာတစ်ပြည်လုံးရှိ ကျောင်းတိုင်းလိုလို နယ်ချဲ့ကိုဆန့်ကျင်သည့် သပိတ်ပွဲတွင် အဖေလည်း ဆက်လက်ပါဝင်ဆင်နွှဲခဲ့သည်။ မှတ်သားစရာအချက်တစ်ချက်မှာ အဆိုပါ ဆန္ဒပြပွဲကြီးအပြီး တစ်ပတ်ခန့်အကြာ “ကိုအောင်ဆန်း” သည် ရန်ကုန်တက္ကသိုလ်ကောင်စီတွင် ပထမဆုံး ကျောင်းသားကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

၁၆ နှစ်အရွယ်ရှိအဖေသည် ကျောင်းသားသပိတ်ကြီးကြောင့် နိုင်ငံရေးစိတ်ဓာတ်များ တက်ကြွနိုးကြားလျက်ရှိသည်။ ဗကသဥက္ကဋ္ဌ ကိုအောင်ဆန်းကိုလည်း အလွန်လေးစား၊ အားကျလျက်ရှိသည်။ ၁၀တန်း ကျောင်းသားများက ကျောင်းသားသမဂ္ဂကို မဖွဲ့ရဲကြ၍ ၉ တန်းကျောင်းသားမောင်လွင်က အလံနီ ကိုလှကြည်၊ စိတ်တူသဘောတူ သူငယ်ချင်းတစ်စုနှင့်တိုင်ပင်ပြီး တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုလှမောင် (ဗိုလ်ဇေယျ) ကို ဖိတ်ခေါ်ကာ ကျောင်းသားသမဂ္ဂဖွဲ့ရေးအကြံဉာဏ်ယူပြီး သမဂ္ဂဖွဲ့သည်။ ယူဂျီလုပ်ငန်းများ မထင်မရှားလုပ်ဆောင်သည်။

ချောက်ရေနံမြေသပိတ်တပ်မကြီးနှင့် သထုံ၊ ပဲခူး စီရင်စုက လယ်သမားတပ်ပေါင်းစုတို့ ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ကမာရွတ်လမ်း(၄) ခွဆုံမှာ ဆုံမိကြပြီး ရွှေတိဂုံအနောက်တောင်စောင်းတန်းအနီး မြေကွက်လပ်မှာ စခန်းချကြသည်။ တို့ဗမာအစည်းရုံးကဦးဆောင်ကာ ရွှေတိဂုံအလယ်ပစ္စယံ၌ အုပ်ချုပ်ရေးစနစ်သစ်ကို တိုက်ဖျက်ရေး ပြည်လုံးကျွတ်အစည်းအဝေးပြုလုပ်သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့ အစည်းအဝေးကြီးအပြီး ၂၃ ရက်နေ့တွင် တို့ဗမာအစည်းအရုံးအထွေထွေအတွင်းရေးမှူး“သခင်အောင်ဆန်း” အပါအဝင် ခေါင်းဆောင် ၁၀ ဦးတို့ကို ရန်ကုန်အရေးတကြီးလုံခြုံရေးဥပဒေဖြင့် ဖမ်းဆီးပြီး ထောင် ၁၅ ရက်ချသည်။

မြို့မကျောင်းသပိတ်စခန်းမှ ကျောင်းသားကျောင်းသူ ၁၀၀၀ ကျော် အစာငတ်ခံဆန္ဒပြကြရာတွင် မြို့မိမြို့ဖများနှင့် ကျောင်းသားခေါင်းဆောင်များက မေတ္တာရပ်ခံချက်အရ နောက်တစ်နေ့ အစာငတ်ခံဆန္ဒပြပွဲ ရပ်ဆိုင်းလိုက်သည်။ ရန်ကုန်ကျောင်းသားသပိတ်ကို ထောက်ခံသည့် မန္တလေးမှ ရဟန်းသံဃာတော်များ၊ ကျောင်းသား ကျောင်းသူ၊ မြို့သူ မြို့သား တစ်သိန်းကျော်ပါဝင်သည့် လူထုချီတက်ပွဲကို အစိုးရကချေမှုန်းရာ သံဃာတော်နှင့်လူ ၂၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ မန္တလေးဆန္ဒပြပွဲကြီးကို အကြမ်းဖက်နှိမ်နင်းမှုအား ကန့်ကွက်သည့် ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေး ညွန့်ပေါင်းအစိုးရကို ကန့်ကွက်ရှုတ်ချပြီး ရက်ပိုင်းအကြာ အောက်လွှတ်တော်အစည်းအဝေးက ညွန့်ပေါင်းအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းရာ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရပြုတ်ကျခဲ့သည်။

**ဒုတိယညွန့်ပေါင်း အစိုးရတက်လာ**

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဦးပု၏ ဒုတိယညွန့်ပေါင်းအစိုးရတက်ပြီးနောက် မော်လမြိုင် မော်တင်လိန်းကျောင်း ဆန္ဒပြပွဲကို ရဲက နှိမ်နင်း၍ ကျောင်းသားကျောင်းသူများ ဒဏ်ရာရရှိကြသည်။ ဆာဦးသွင်အိမ်၌ အစိုးရနှင့် မြို့မိမြို့ဖလူကြီးများဆွေးနွေးပြီး ဗကသကို သပိတ်လှန်ရန် ဆင့်ဆိုခဲ့သည်။ တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များ တက်ရောက်သည့် ကျောင်းသားလွှတ်တော် အစည်းအဝေးတစ်ရပ်ပြုလုပ်ကာ သပိတ်လှန်မှုကို မတ်လ ၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ရေနံကုမ္ပဏီများဘက်က ကတိခံဝန်ချက်များပေး၍ ရေနံမြေသပိတ်ကြီးတစ်နှစ်ခွဲအကြာ ၁၁ ဇွန်လ ၁၉၃၉ တွင် ပြီးဆုံးခဲ့သည်။ ဤသို့ ၁၉၃၈ ကျောင်းသားသပိတ်မှစတင်ကာ သပိတ်ပေါင်းစုံကို တွေ့ရကြုံရပြီး ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ရာမှ နယ်ချဲ့အစိုးရကို မနှစ်မြို့စိတ်များ အဖေ့စိတ်တွင်းဝယ်ကိန်းအောင်း အမြစ်တွယ်ခဲ့သည်။ တစ်ချိန်က ဗကသနှင့် တကသဥက္ကဋ္ဌ နောင်တွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး ကိုအောင်ဆန်း(သခင်အောင်ဆန်း) ကို အားကျလေးစားကြည်ညိုစိတ်တွေဖြစ်ရသည်။ အလုံကူရှင်ဟိုက်စကူး ၁၀ တန်း၌ အဖေပညာသင်ကြားစဉ် ဂျာမနီက ပိုလန်ကို စက်တင်ဘာလ ၁ ရက်နေ့တွင် ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရာမှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်။

မြေအောက်တော်လှန်ရေးလှုပ်ရှားမှုလုပ်ရန် သခင်အောင်ဆန်းက ပြည်ပခေါင်းဆောင်၊ သခင်မြက ပြည်တွင်းခေါင်းဆောင်အဖြစ် ပါဝင်သော “ပြည်သူ့အရေးတော်ပုံပါတီ” (The People's Revolutionary Party) ကို ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။

ပြည်ပအကူရရေး သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ ဩဂုတ်လ ၈ ရက်နေ့တွင် ဟိုင်လီသင်္ဘောဖြင့် လျှို့ဝှက်ထွက်ခွာသွားကြကာ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် Shunten Maru သင်္ဘောဖြင့် ဂျပန်မှ ပြန်ရောက်လာကြသည်။ မတ်လ ၉ ရက်နေ့မှစ၍ အသုတ် ၄ သုတ်ခွဲကာ ရဲဘော်သုံးကျိပ်ဝင်တို့ သခင်အောင်ဆန်းနှင့်အတူ ဂျပန်သို့ထွက်ခွာခဲ့သည်။

ဤကြားကာလ ၁၉၄၀ စက်တင်ဘာလ ၇ ရက်နေ့က ဦးပုညွန့်ပေါင်းအစိုးရပြုတ်ကျကာ ဦးစော ဦးဆောင်သော ညွန့်ပေါင်းအစိုးရ စက်တင်ဘာလ ၉ ရက်နေ့တွင် တက်ကာ အစိုးရတစ်ရပ်အပြောင်းအလဲက ဖြစ်ခဲ့သေးသည်။

တို့ဗမာအစည်းအရုံးကြီးကို ဗြိတိသျှအစိုးရက တရားမဝင်ကြေညာကာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှာ ဖျက်သိမ်းခဲ့သည်။

ရန်ကုန်မြို့ကို ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဂျပန်လေတပ်က ဗုံးစတင်ကြဲ၍ မြို့လူထု ၂၀၀၀ ခန့် သေ၊ ၂၅၀၀ ခန့်ဒဏ်ရာရသည်။ ၂ ရက်အကြာ ဂျပန်စစ်လေယာဉ်များ ဒုတိယအကြိမ် ရန်ကုန်ကို ဗုံးကြဲသည်။

**ဗမာလွတ်လပ်ရေးတပ်မတော်ကိုအုတ်မြစ်ချ**

ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဘန်ကောက်မြို့ ဘော်နီယိုခြံဝင်းအတွင်း သခင်အောင်ဆန်းနှင့် အပေါင်းပါ သခင် ၃ ဦးတို့ လက်မောင်းသွေးဖောက်၊ သစ္စာဆိုကာ “ဗမာ့လွတ်လပ်ရေးတပ်မတော်” (BIA) ကို အုတ်မြစ်ချခဲ့သည်။



၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဗိုလ်မိုးကြိုး (ဗိုလ်မှူးကြီးဆူဇူကီး) နှင့် ဗိုလ်တေဇ(နောင်ဗိုလ်ချုပ်အောင်ဆန်း) တို့ဦးစီးသော BIA ဌာနချုပ်စစ်ကြောင်းနှင့် မော်လမြိုင်စစ်ကြောင်းတို့ ဘန်ကောက်မှစတင်၍ စစ်ရေးထွက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ မန္တလေးကို ဂျပန်ဗုံးကြဲသည်။ ရန်ကုန်မြို့ကို ဂျပန်က တတိယအကြိမ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ဗုံးကြဲအပြီး၊ ဘုရင်ခံ Sir Dorman Smith နှင့် ဝန်ကြီးများ၊ ရန်ကုန်မြို့မှ မေမြို့သို့ စတင်ထွက်ခွာကြသည်။

မတ်လ ၈ ရက်နေ့တွင် BIA က ရန်ကုန်မြို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။ တစ်ပတ်အကြာ မတ်လ ၁၅ ရက်နေ့တွင် စစ်အုပ်ချုပ်ရေး ကြေညာသည်။ မတ်လ ၂၅ ရက်နေ့တွင် ဘီအေအေအားကစားကွင်း (အောင်ဆန်းအားကစားကွင်း) ၌ တပ်မတော်သား ၁၀၀၀၀ ခန့်ပါဝင်၍ ဗိုလ်မိုးကြိုး၊ ဗိုလ်တေဇ၊ သခင်ကိုယ်တော်မှိုင်းတို့ကို ချီတက်အလေးပြုသည့် စစ်ရေးပြအခမ်းအနားပြုလုပ်သည်။

ဧပြီလ ၃ ရက်နေ့ ဂျပန်ဗုံးကြဲ၍ မန္တလေးတစ်မြို့လုံးနီးပါး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ မြို့သူမြို့သား ၂၀၀၀ကျော် အသက်ဆုံးရှုံးခဲ့သည်။ ဗြိတိသျှတို့သည် ၎င်းတို့ ဆုတ်ခွာရာလမ်းကြောင်းရှိ စက်ရုံ၊ တံတားစသည်တို့ကို ဖောက်ခွဲဖျက်ဆီးပြီးသွားကြသည်။ မေလ ၁ ရက်နေ့တွင် မန္တလေးမြို့ကို BIAက သိမ်းပိုက်လိုက်ပြန်သည်။ BIAတပ်များ အောင်ပွဲတစ်ခုပြီး တစ်ခု ရရှိနေချိန် မိမိတို့အခြေအနေမကောင်းတော့သည်ကို သဘောပေါက်၍ ဘုရင်ခံ Dorman Smith သည် မေလ ၄ ရက်နေ့၌ တပ်လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံသို့ မြစ်ကြီးနားမှ ဆုတ်ခွာခဲ့သည်။ ရန်ကုန်မြို့ကို မတ်လ ၈ ရက်နေ့တွင် BIA ကအောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။ စစ်ဘေးစစ်ဒဏ်ဝေးရာ ဓနုဖြူသို့ အဖေတို့မိသားစု စစ်ရှောင်ရန်ရောက်သွားကြသည်။ အဖေ့စိတ်ထဲမှာတော့ နယ်ချဲ့ကိုဆန့်ကျင်သည့် ကျောင်းသားသပိတ်များကို အမှတ်ရနေသည်။

*စာမျက်နှာ ၁၁ သို့*

**“ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ (ဗကသ) ကကြီးမှူးလျက် သပိတ်မှောက်ရန် ကြေညာလိုက်ရာ မြန်မာတစ်ပြည်လုံးရှိ ကျောင်းတိုင်းလိုလို နယ်ချဲ့ကိုဆန့်ကျင်သည့် သပိတ်ပွဲတွင် အဖေလည်း ဆက်လက်ပါဝင်ဆင်နွှဲခဲ့သည်။ မှတ်သားစရာအချက်တစ်ချက်မှာ အဆိုပါ ဆန္ဒပြပွဲကြီးအပြီး တစ်ပတ်ခန့်အကြာ “ကိုအောင်ဆန်း” သည် ရန်ကုန်တက္ကသိုလ်ကောင်စီတွင် ပထမဆုံးကျောင်းသားကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရ”**



၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က ကျောင်းသားလှုပ်ရှားမှုကို အတွင်းဝန်များရုံးအနီး ပုလိပ်များ ရိုက်နှက်လူစုခွဲနေစဉ်။



*စာမျက်နှာ ၁၀ မှ*

ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေချိန် တပ်ထဲဝင်ပြီး နိုင်ငံ့အကျိုးကို တစ်တပ်တစ်အား ပါဝင်ဖြည့်ဆည်းလိုသည်။ တပ်ထဲဝင်လိုကြောင်း ဖခင်ကြီးဦးဘသာကို ခွင့်တောင်းသည်။ အသက် (၁၈ နှစ်) ပင် မပြည့်တတ်သေးသော မိမိသားကို ဖခင်ကြီးက တပ်ထဲ မဝင်စေလိုပေ။ သားဖြစ်သူက အကြိမ်ကြိမ်ပူဆာရာ"စစ်သင်တန်းမည်မျှပင် ခက်ခဲကြမ်းတမ်းစေကာမူ၊ တပ်ထဲဝင်ပြီးလျှင် သင်တန်းကို အောင်မြင်ပြီးဆုံးအောင်တက်ပြီး တိုင်းပြည်ကာကွယ်ရေးတာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ပါမည်"ဟူသော ကတိစကား သားဖြစ်သူမောင်လွင်ထံမှ ရယူသည်။ ပြီးတော့မှ ဖခင်ကြီးဦးဘသာက သားမောင်လွင်ကို ခေါ်ပြီး ရန်ကုန်သို့ တက်လာကြသည်။ ဖခင်ကြီး၏ မိတ်ဆွေ သခင်ချစ်၏ စာကိုယူကာ အဖေသည် မင်္ဂလာဒုံစစ်သင်တန်းကျောင်းတက်ခွင့်ရရေး၊ ဗိုလ်ကြီးကျော်ဇောနှင့် သွားတွေ့လျှောက်ထားသည်။ သင်္ကြန်လွန်ပြီးကာလ လောက်တွင် မင်္ဂလာဒုံစစ်သင်တန်းကျောင်းဝင်ခွင့်ကို အဖေရသည်။

မေလ ၁ ရက်နေ့တွင် မန္တလေးမြို့ကို မြန်မာတို့ သိမ်းပိုက်နိုင်ခဲ့သည်။ ဘုရင်ခံ Dorman Smithလည်း မေလ ၄ ရက်နေ့တွင် မြစ်ကြီးနားမြို့မှ လေယာဉ်ဖြင့် အိန္ဒိယသို့ ဆုတ်ခွာသွားတော့သည်။ အိန္ဒိယနိုင်ငံ ဆင်းမလားသို့ ဘုရင်ခံနှင့်အတူ ဆုတ်ခွာသွားသော စစ်ပြေးအစိုးရအဖွဲ့ကို နန်းရင်းဝန်(ဝန်ကြီးချုပ်)ဆာပေါ်ထွန်းက ဦးဆောင်ပြီး ယင်းကို ''ဆင်းမလားအစိုးရ''ဟု ခေါ်သည်။

**ဂျပန်အုပ်ချုပ်ရေးကာလ**

ဂျပန်တို့က မြန်မာနိုင်ငံကို ဇွန်လ ၁ရက်နေ့ကစ၍ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သည်။ ဂျပန်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအီးဒါး (Iida)ကမေမြို့သို့ မြန်မာနိုင်ငံရေးခေါင်းဆောင်များကို ဖိတ်ခေါ်ဆွေးနွေးပြီး ဒေါက်တာဘမော်ခေါင်းဆောင်သော ပုဂ္ဂိုလ် ၁၀ ဦးပါ "ဗမာပြည်အုပ်ချုပ်မှုစီစဉ်ရေးအဖွဲ့" ကို ဖွဲ့စည်းပေးသည်။ ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းကလည်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၌ BIAက ပါဝင်ပတ်သက်ခြင်း မပြုရန် အမိန့်ထုတ်သည်။

ဂျပန်တို့က မြန်မာနိုင်ငံလွတ်လပ်ရေးကို ကူညီရန်နှင့်မြန်မာလူငယ်များကို စစ်ပညာသင်ကြားပေးရန် ဟူသော ရည်ရွယ်ချက်တို့ဖြင့် ဂျပန်နိုင်ငံ၌ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က ဖွဲ့စည်းခဲ့သော မီနားမိကီကန် (Minami Kikan)အဖွဲ့အစည်းကို ဖျက်သိမ်းလိုက်သည်။ အဖွဲ့ခေါင်းဆောင်ဖြစ်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ် စစ်သေနာပတိချုပ်အဖြစ် တာဝန်ယူခဲ့သော ဗိုလ်မှူးကြီးဆူဇူကီး(ဗိုလ်မိုးကြိုး)ကလည်း တာဝန်များ ပြီးဆုံး၍ တိုကျိုသို့ ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

ဇူလိုင်လနောက်ဆုံးပတ်တွင် ပျဉ်းမနား၌ တပ်များအားလုံးစုရန် တပ်မိန့်ထွက်သည်။ မင်္ဂလာဒုံတပ်ရှိ သင်တန်းသားအားလုံးနှင့် အခြားတပ်ဖွဲ့များအားလုံး ပျဉ်းမနားစစ်ဌာနချုပ်သို့ စုရုံးရောက်ရှိကြပြီး ၂၇ ရက်နေ့တွင် သစ်တောကျောင်း ဘောလုံးကွင်း၌ စုရုံးစစ်ရေးပြကြသည်။ ထိုနေ့၌ ဂျပန်စစ်အာဏာပိုင်တို့က အင်အား ၅၀၀၀၀ခန့်ရှိသော "ဗမာ့လွတ်လပ်ရေး တပ်မတော်" (ဘီအိုင်အေ)ကို ဖျက်သိမ်းခဲ့သည်။ ဗမာ့ကာကွယ်ရေး တပ်မတော် (BDA) စစ်ဌာနချုပ် (ဗဟိုစစ်ရုံးချုပ်) ကို ပျဉ်းမနားမြို့၌ ဖွင့်လှစ်သည်။ နောက်တစ်နေ့တွင် ဗိုလ်တေဇကို ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်ဦးစီးမှူးများအဖြစ်လည်းကောင်း၊ ဗိုလ်စကြာနှင့် ဗိုလ်လကျ်ာတို့ကို ဗိုလ်မှူးအဆင့်ဖြင့် စစ်ဦးစီးမှူးများ အဖြစ်လည်းကောင်း ဗိုလ်ချုပ်ကြီးအီးဒါးက ခန့်အပ်သည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဗိုလ်မှူးကြီးအောင်ဆန်းအား ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ)၏ စစ်သေနာပတိအဖြစ် ခန့်အပ်သည့် အခမ်းအနားကို ပြုလုပ်သည်။ **ကျောင်းသားဘဝကတည်းက အဖေသည် သူချစ်ခင်လေးစားကြည်ညို နေရသော ဗိုလ်ချုပ်ကို ပထမဆုံးအကြိမ် အဝေးက မြင်တွေ့အလေးပြုရသည်ကို သူ့တစ်သက်မေ့၍ရနိုင်မည် မဟုတ်ပါ။**

ဘီအိုင်အေတပ်မတော်သားဘဝကနေ ရက်ပိုင်းအတွင်းဘီဒီအေတပ်မတော်သားအဖြစ် ဘဝတစ်ဖြစ်လဲကာ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းသို့ အဖေပြန်ရောက်သည်။ ဗိုလ်သင်တန်းတက်စဉ် အလွန်ပင်ပန်းသော နေ့တစ်နေ့ကို အဖေအမှတ်တရရှိသည်။ ထိုနေ့က အဖေမှတ်မိသော တိုက်ပွဲလေ့ကျင့်ခန်းမှာ မနက်စောစောသင်တန်းကျောင်း နောက်ဘက်ပေါက်မှ ထွက်ကြရသည်။ ကျောင်းနောက်ဘက်ရေစင်ကြီးအောက်က ရန်သူရှေ့ပြေးကင်းကို စ၍တိုက်ရသည်။ ရန်သူက ပြေးသည့်နောက်သို့ တောက်လျှောက်လိုက်တိုက်ရသည်။ တိုက်ပွဲဖြစ်လိုက် ရန်သူဆုတ်ခွာရာသို့ လိုက်တိုက်လိုက်နှင့် ဒညင်းကုန်း၊ ရွာမ၊ အင်းစိန်၊ ကမာရွတ်တောက်လျှောက် တိုက်လိုက် ပြေးလိုက်နှင့် အလွန်မောကြသည်။ လမ်းမှာငါးခြောက် နည်းနည်းနှင့်ထမင်းဆုပ်ဝါး၊ ရေမော့သောက်ပြီး မနားတမ်းလိုက်ကြရသည်။ ဂျပန်နည်းပြတွေက အနားမပေး အတင်းမောင်းကြသည်။ အိမ်တော်ရာဘုရားလမ်းဘေး ရောက်သောအခါ မိုးကမရွာ၊ နေကလည်းပူ၍ ရဲဘော် နှစ်ဦး မူးလဲသည်။ နောက်ဆုံးမြို့မကျောင်းရှေ့ မိုင်ဒါကွင်း၌ အနီးကပ်လှံစွပ်ထိုးတိုက်ပွဲနှင့် အဆုံးသတ်သည်။ ၁၅-၁၆ မိုင်ရှည်သည့် ခရီးရှည်တိုက်ပွဲမို့ အလွန်ပင်ပန်းနေကြသည်။ လှံစွပ်ထိုးတိုက်ပွဲကြည့် စင်မြင့်ပေါ်တွင် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းလည်း ရှိနေပေသည်။ မောလွန်းလှ၍ ပွဲကြည့်ပရိသတ်ကိုပင် အာရုံမထားနိုင်ရှိသည်။ တိုက်ပွဲအခမ်းအနားပြီးသည့်အခါ မင်္ဂလာဒုံတပ်ရင်းပြန်ရန် အဖေတို့အဖွဲ့ အယောက် ၃၀ လောက်ကပစ္စည်းများသိမ်းပြီး ကားပေါ်တင်ရသည့် တာဝန်ကျသည်။ ပစ္စည်းများသိမ်းနေဆဲ ဗိုလ်ချုပ်က ''ကောင်လေးတွေ ပင်ပန်းရှာရှော့မယ်၊ ပေါင်မုန့်ကျွေးလိုက်ပါ " ဟု ပြော၍ ပေါင်မုန့်စားရမည့် သတင်းကောင်းကို ကြားရသည်။ ကံခေချင်တော့ အဖေတို့ အလှည့်မရောက်ခင် ဝေစရာ ပေါင်မုန့်က ပြတ်သွားသည်။ ထိုသတင်း ဗိုလ်ချုပ်ထံ ရောက်သွားရာ "ပေါင်မုန့်ထပ်ဝယ်၊ ဝယ်မရရင်ကိတ်မုန့် ကျွေး"ဟု စိတ်ဆိုးပြီးပြောကြောင်း သတင်းရပြန်သည်။ နောက်ဆုံးပြန်ခါနီး ကားပေါ် အရောက် မုန့်များရောက်လာ၍ ဆာဆာနှင့်ပါးစပ်ထဲထည့် ကိုက်စားလိုက်ရာ ပေါင်မုန့်အစား ကိတ်မုန့်ဖြစ်နေ၍ ဝမ်းသာအားရ မြိန်ရေရှက်ရေ စားကြရသည်။ တပ်ရင်းပြန်ရောက်၍ အဖြစ်အပျက်မှန်ကို ကျန်ရဲဘော်များအား ပြောပြရာ မယုံကြ အမောမမပြေသေးဘူး၊ နောက်နိုင်ရန်ကော ဟု အပြစ်တင်ခံရသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# လွတ်လပ်ခါနီး

မကန်းချိန် စန်းအိမ်အဆင်းတွင်မှ
အောင်ချင်း တဘောင်သီလို့
ရောင်နီမှာ အောင်စည်ရွှမ်းကြတော့
လွှမ်းမိရဲ့ သူတို့ကို။
ခါးတောင်း မဖြုတ်ခင်က
မကောင်းအယုတ်နော် ကြမ္မာမွေလို့
ခမျာတစ်တွေ မရဏာမြေလားရှာရ
အားမဲ့ လူဗိုလ်။
မျိုးအခြေ ရိုးရာက ပတ်ခဲ့တဲ့
ဆိုးမွေကို ကြိုးကာဆပ်မယ်တဲ့
ခါးချပ်ကာ တစ်မာန်တင်းပါလို့
ရန်မင်းကိုတဲ့ သူတို့ဖြို
ရွှေဘိုရဲ့ နေမျိုး။
ရောင်ပျို့ကာနီ
အောင်မြို့ အတန်သီမှ
အောင်စစ်ချီ အောင်တပ်ဦးမှာလ
ဘီလူးကောင် သဘက်သင်းတွေက
ကိုယ့်ဗိုလ်ကို ကိုယ်ပြန်ညှဉ်းသော်ကြောင့်
မြတ်ဆံရှင် ခြေတော်ရင်းမှာ
စင်းဝပ်ရိုကျိုး။ ။

မင်းသုဝဏ်

ရှုမဝ၊ (ဇူလိုင် ၁၉၈၈)



"ဇူလိုင်လ ၂၉ ရက်နေ့တွင် ဗိုလ်မှူးကြီးအောင်ဆန်းအား ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ)၏ စစ်သေနာပတိအဖြစ် ခန့်အပ်သည့် အခမ်းအနားကို ပြုလုပ်သည်။ ကျောင်းသားဘဝကတည်းက အဖေသည် သူချစ်ခင်လေးစားကြည်ညို နေရသော ဗိုလ်ချုပ်ကို ပထမဆုံးအကြိမ်အဝေးက မြင်တွေ့ အလေးပြုရသည်ကို သူ့တစ်သက်မေ့၍ရနိုင်မည် မဟုတ်ပါ"

# ဘရက်ဇစ်ဆွေးနွေးမှုကို ဘရပ်ဆဲလ်တွင် ပြုလုပ်ပြီးနောက် လန်ဒန်တွင် ထပ်မံဆွေးနွေးမည်

လန်ဒန် ဇူလိုင် ၇

**ဗြိတိန်နှင့် အီးယူတို့သည် ဘရက်ဇစ်အလွန် ဆက်ဆံရေးပုံစံသစ်တစ်မျိုးကို သဘောတူညီချက်တစ်စုံတစ်ရာရရှိရန် ကြိုးစားနေသောကြောင့် နောက်ဆုံးအကြိမ် ကုန်သွယ်ရေးဆွေးနွေးပွဲသည် ယခုသီတင်းပတ်စီစဉ်ထားသည်ထက် ပိုမိုနောက်ကျနိုင်ကြောင်း နှစ်ဖွဲ့စလုံးက ဇူလိုင် ၆ ရက်တွင် ပြောကြားလိုက်သည်။**

ကနဦးအချိန်ဇယားအရ ယခုသီတင်းပတ်ညှိနှိုင်းဆွေးနွေးမှုများကို ဇူလိုင် ၆ ရက်မှစကာ လန်ဒန်တွင် ကျင်းပရန် လျာထားခဲ့သော်လည်း နောက်ထပ် ၂၄ နာရီ ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်။

အချိန်ဇယားပြောင်းလဲလိုက်ရသည့်အပေါ် မည်သည့်ရှင်းလင်းချက်မှ မထုတ်ပြန်ကြောင်း သိရသည်။ ယခုသီတင်းပတ်ဆွေးနွေးပွဲသည် ပုံမှန်အားဖြင့် အနည်းငယ်ရင်းနှီးဖော်ရွေပြီး လွတ်လပ်မှုရှိမည်ဟု ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်၏ ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များကို ပြောကြားခဲ့သည်။

အီးယူဘက်ကလည်း ယခုဆွေးနွေးမှုသည် နှစ်ဖက်ကျွမ်းကျင်အဖွဲ့များကြား လုပ်ထုံးလုပ်နည်းအဆင့်များကို ဆွေးနွေးသွားနိုင်ပြီး ဇူလိုင် ၉ ရက်အထိ ကြာမည်ဖြစ်ကြောင်း ပြောသည်။

ယခုဆွေးနွေးမှု၏ သီးသန့်တွေ့ဆုံမှုအဖြစ် အီးယူညှိနှိုင်းရေးမှူးအကြီးအကဲ မိုက်ကယ်ဘာနီရာသည် ဗြိတိန်ညှိနှိုင်းရေးမှူး ဒေးဗစ်ဖရို့စ်နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ လွန်ခဲ့သောသီတင်းပတ်က ဘရပ်ဆဲလ် မျက်နှာချင်းဆိုင်ဆွေးနွေးမှုသည် နှစ်ဖက်အဖွဲ့များကြား တိုးတက်မှုအနည်းငယ်ဖြင့် အဆုံးသတ်ခဲ့သည်။

စေ့စပ်ညှိနှိုင်းသူ ရာချီပါဝင်သည့် အဆင့်မြင့်ဆုံးဆွေးနွေးမှုများကို ဇူလိုင် ၂၀ ရက်တွင် လန်ဒန်၌ ပြုလုပ်မည်ဖြစ်သည်။

**အေအက်ဖ်ပီ**


အီးယူဆိုင်ရာ ဘရက်ဇစ်ညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီရာ (လယ်) ကို တွေ့ရစဉ်။

# ကိုဗစ် - ၁၉ ကို အထင်သေးခဲ့သည့် ဘရာဇီးသမ္မတ ကိုဗစ်သံသယလူနာဖြစ်နေ

**ဘရာစီးလီးယား ဇူလိုင် ၇**

ဘရာဇီးသမ္မတ ဂျာဘော်စွန်နာရိုက ၎င်းသည် ကိုဗစ်- ၁၉နှင့် ပတ်သက်သော ရောဂါလက္ခဏာများကို ခံစားနေရပြီး ကိုဗစ်-၁၉ ရှိ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဘော်စွန်နာရိုက စီအင်န်အင်န် ဘရာဇီးနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ၎င်းသည် အဖျားရောဂါလက္ခဏာများကိုခံစားခဲ့ရကြောင်း ပြောကြားခဲ့သည်။

ရလဒ်ကို ဇူလိုင် ၇ ရက်တွင် ရရှိမည်ဖြစ်ကြောင်းနှင့် ၎င်း၏ အလုပ်တာဝန်များကို ရပ်နားပြီး အနားယူမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

လတ်တလောတွင် သမ္မတသည် ၎င်း၏အိမ်တွင်ရှိနေပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း သိရသည်။

ဘော်စွန်နာရိုသည် ကိုဗစ် – ၁၉ ကို တုပ်ကွေးအပျော့စားအဖြစ် ဖော်ပြထားသူဖြစ်ပြီး စီးပွားရေးကို ဦးစားပေးသည့် သမ္မတတစ်ဦးဖြစ်သည်။

သမ္မတသည် ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်ထားရှိမှုများနှင့် ပတ်သက်ပြီး အများ၏ ဝေဖန်ခြင်းများကိုလည်း ခံနေရသူဖြစ်သည်။ သူသည် တစ်ခါတစ်ရံတွင် ပါးစပ် နှာခေါင်းစည်းများမတပ်ဘဲ ပြည်သူရှေ့သို့ ထွက်ပေါ်လာခဲ့သည်။

ဘော်စွန်နာရို၏ စီးပွားရေးမူဝါဒများကြောင့် ဘောလုံးပွဲများ၊ စားသောက်ဆိုင်များ၊ စီးပွားရေးလုပ်ငန်းများလည်း ပြန်လည်စတင်ခဲ့ပြီဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် လတ်တလောတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရသူ ၁ ဒသမ ၆ သန်းကျော် ရှိခဲ့ပြီး ယခုပမာဏထက် ကူးစက်မှုမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာတွင် ဒုတိယအများဆုံး ကိုဗစ် –၁၉ ကူးစက်ခံရသည့်နိုင်ငံ ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဘရာဇီးသမ္မတ ဂျာဘော်စွန်နာရို

## ကိုဗစ်– ၁၉ ကာလအတွင်း ဂျပန်နိုင်ငံတွင် အလုပ်သမား ၃၂၀၀၀ ကျော် အလုပ်ဖြုတ်ခံရ

**တိုကျို ဇူလိုင် ၇**

ကိုဗစ် –၁၉ ကူးစက်မှု မြင့်တက်နေသည့် ကာလအတွင်း ဂျပန်နိုင်ငံတွင် အလုပ်သမား ၃၂၀၀၀ ကျော်မှာ အလုပ်ဖြုတ်ခံရခြင်း သို့မဟုတ် စာချုပ်သက်တမ်း ထပ်မတိုးခြင်း အစရှိသည်တို့နှင့် ရင်ဆိုင်နေရသည်ဟု ဂျပန်အလုပ်သမားဝန်ကြီးဌာနက ပြောသည်။

ဇန်နဝါရီလကုန်ပိုင်းမှစတင်ကာ အလုပ်ဖြုတ်ခံရသည့် အလုပ်သမားပေါင်း ၃၂၃၄၈ ဦးရှိပြီး ယင်းအချက်အလက်များကို နိုင်ငံတစ်ဝန်းရှိ အလုပ်သမားအေဂျင်စီများမှ ဇူလိုင် ၃ ရက်တွင် ကောက်ယူထားခြင်းဖြစ်သည်။ အလုပ်နေရာ ဆုံးရှုံးသွားသူများထဲတွင် ဟိုတယ်နှင့် အင်းများတွင် အလုပ်လုပ်ကိုင်နေသူ ၅၉၆၆ ဦး၊ ထုတ်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူ ၅၂၇၂ ဦး၊ အရက်ဘားများနှင့် စားသောက်ဆိုင်များတွင် အလုပ်လုပ်ကိုင်ကြသူ ၄၄၀၈ ဦးတို့ ဖြစ်ကြသည်။

ယာယီအလုပ်သမားနှင့် အချိန်ပိုင်းလုပ်သား ၁၁၇၉၈ ဦးတို့မှာလည်း အလုပ်အကိုင်ဆုံးရှုံးခဲ့ရသည်။ လုပ်ငန်းပေါင်း ၂၃၂၅၀၀ မှာလည်း လုပ်ငန်းများ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဇူလိုင် ၃ ရက်တွင် ထောက်ပံ့ငွေတောင်းခံထားကြသည်။

ယင်းလုပ်ငန်းများအတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၈ ဘီလီယံတန်နှင့် ညီမျှသည့် ထောက်ပံ့မှုများ ပေးအပ်သွားမည်ဟု သိရသည်။ အလုပ်သမားများကို ဆက်လက်ခန့်ထားရန် ပိုမိုခက်ခဲလာဖွယ်ရှိသည့်အတွက် ထောက်ပံ့ကြေးရယူသည့် အစီအစဉ်ကို အသုံးပြုကြရန် စီးပွားရေးလုပ်ငန်းရှင်များကို အာဏာပိုင်များက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမြင့်တက်

**ဗီယန်ကျင်း ဇူလိုင် ၇**

လာအိုနိုင်ငံတစ်ဝန်းတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၈၀ ထပ်မံတွေ့ရှိရသည့်အတွက် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၅၆၄ ဦးရှိပြီး အများစုမှာ လာအိုနိုင်ငံမြို့တော် ဗီယန်ကျင်းမှဖြစ်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၅၆၄ ဦးရှိပြီး ဇန်နဝါရီလမှစတင်ကာ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူခုနစ်ဦးအထိ ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

သွေးလွန်တုပ်ကွေး ဖြစ်ပွားသူအများစုမှာ ဗီယန်ကျင်းမြို့မှဖြစ်ပြီး ၅၈၄ ဦး ရှိကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေး နေအိမ်များနှင့် လုပ်ငန်းခွင်များရှိ ခြင်များပေါက်ဖွားနိုင်သည့် နေရာများတွင် ရှင်းလင်းမှုများ လုပ်ဆောင်ကြရန် လာအိုကျန်းမာရေးအာဏာပိုင်များက တိုက်တွန်းထားသည်။ ထို့ပြင် သွေးလွန်တုပ်ကွေးကို ထိန်းချုပ်နိုင်ရေးအတွက် ပြည်နယ်ကျန်းမာရေးဌာနများနှင့်လည်း ချိတ်ဆက်ကာ လုပ်ငန်းဆောင်ရွက်သွားမည်ဟု လာအိုကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

**ဆင်ဟွာ**

## ဂျပန်သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသူများ ၎င်းတို့ဘဝကို ပြန်လည်တည်ဆောက်ရန် အကူအညီရမည်ဖြစ်ကြောင်း အာဘေးပြော

**တိုကျို ဇူလိုင် ၇**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကို သာမန်ထက်လွန်ကဲသည့် သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာရန် အစိုးရလုပ်ငန်းအဖွဲ့များကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုက်တွန်းပြောကြားလိုက်သည်။ သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသူများအနေဖြင့် ၎င်းတို့ဘဝများကို ပြန်လည်တည်ဆောက်ရန် အကူအညီများ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသောဒေသများသည် ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် တခြားဒေသများနှင့် ထိတွေ့မှုမရှိဘဲ ပိုင်းခြားခံထားရသလိုဖြစ်ကြောင်းနှင့် အသက်ရှင်သန်ကျန်ရစ်သူများကို ကယ်ဆယ်မှုများနှင့် ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်ရန်နှင့် ပျောက်ဆုံးသူများကိုလည်းရှာဖွေရန် ဝန်ကြီးချုပ်က တိုက်တွန်းထားသည်။

သဘာဝဘေးဒုက္ခဆိုင်ရာ ကူညီကယ်ဆယ်ရေးတာဝန်ယူကြမည့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ဝင်များကိုလည်း ၂၀၀၀၀ ထိ နှစ်ဆတိုးမြှင့်လိုက်သည်။

အပျက်အစီးများနှင့် ရွှံ့များသည် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသောနေရာများတွင် စုပုံလျက်ရှိရာ ယင်းတို့ကို အလျင်အမြန် ဖယ်ရှားခြင်းက အသက်ရှင်သန် ကျန်ရစ်သူများအတွက် ၎င်းတို့ဘဝကို ပြန်လည်တည်ဆောက်နိုင်မည့် ပထမခြေလှမ်းပင်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားလိုက်သည်။

အာဘေးက အစိုးရလုပ်ငန်းအဖွဲ့ကို ပြည်နယ်အစိုးရများနှင့် လက်တွဲလုပ်ဆောင်ပြီး အဆိုပါအညစ်အကြေးများကို ဝိုင်းဝန်းဖယ်ရှားရန် တိုက်တွန်းပြောကြားလိုက်သည်။

ထို့အပြင် ဂျပန်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းထားကြောင်း အာဘေးက ပြောကြားလိုက်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံတစ်ဝန်းရှိ ပြည်သူများကို သတိဖြင့် နေထိုင်ကြရန် ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဆေးရုံသစ်လေးရုံ ဖွင့်လှစ်



မွမ်ဘိုင်းမြို့တွင် ဖွင့်လှစ်ထားသည့် ကိုဗစ် – ၁၉ ကုသရေးယာယီဆေးရုံကို တွေ့ရစဉ်။

**မွမ်ဘိုင်း ဇူလိုင် ၇**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် မွမ်ဘိုင်းတွင် ကိုဗစ်– ၁၉ ယာယီဆေးရုံသစ် လေးရုံကို ဇူလိုင် ၇ ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း သေဆုံးသူအရေအတွက်မှာ မြင့်တက်နေပြီး ၂၀၀၀၀ ကျော်ရှိနေသည့်အချိန်တွင် ကိုဗစ် – ၁၉ ယာယီဆေးရုံသစ်များ ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ လူဦးရေထူထပ်သည့် မြို့ကြီးများဖြစ်သည့် မွမ်ဘိုင်းနှင့် ဒေလီမြို့တို့သည် ကိုဗစ် – ၁၉ ကို ထိန်းချုပ်နိုင်ရေး ရုန်းကန်နေရသည်။

ယခုအခါ နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၇၂၀၀၀၀ ဝန်းကျင်ရှိနေပြီး ကမ္ဘာပေါ်တွင် တတိယမြောက် ကူးစက်မှုအမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။ မွမ်ဘိုင်းမြို့တစ်မြို့တည်း၌ပင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူစုစုပေါင်း၏ လေးပုံတစ်ပုံရှိပြီး ကူးစက်မှုမြင့်တက်လာမှုများနှင့်လည်း ရင်ဆိုင်နေရသည်။

ထို့ကြောင့် အာဏာပိုင်များအနေဖြင့် ယာယီဆေးရုံများနှင့် သီးသန့်ခွဲထားသည့်စင်တာများ တည်ဆောက်ရန် ဖိအားများလျက်ရှိသည်။ ကျောင်းများ၊ ဟိုတယ်များနှင့် အားကစားရုံကြီးများကို ယခုအခါ အသွင်ပြောင်းပြီး ဆေးရုံသစ်ကြီးလေးရုံအဖြစ် ဇူလိုင် ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ပြိုင်မြင်းကွင်းအတွင်း ဖွင့်လှစ်ထားသည့် ယာယီဆေးရုံတွင် ခုတင် ၇၀၀ ဆံ့ကြောင်း သိရသည်။ ယခုဖွင့်လှစ်လိုက်သည့် ယာယီဆေးရုံများသည် ခုတင် ၃၅၀၀ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ လူဦးရေသန်း ၂၀ နီးပါးရှိသော မြို့အတွင်း ဆေးရုံများမှာ နေ့စဉ် လူနာရာပေါင်းများစွာနှင့် ပြည့်နှက်နေလေ့ရှိသည်။

ကျန်းမာရေးလုပ်သားများမှာလည်း ဝန်ထမ်းအင်အား ပြတ်တောက်မှုကြောင့် ညည်းညူနေကြသည်။ အချို့သောသူနာပြုများနှင့် ဆရာဝန်များမှာ အသက်အရွယ်ကြီးမြင့်မှုကြောင့်သော်လည်းကောင်း၊ ဆီးချိုကဲ့သို့သော နာတာရှည်ရောဂါများ ရှိနေသည့်အတွက်ကြောင့် လည်းကောင်း ကိုဗစ် – ၁၉ ကုသရာတွင် ရှေ့တန်းမှာ ပါဝင်နိုင်ခြင်း မရှိပေ။ **အေအက်ဖ်ပီ**

# ဥရောပသမဂ္ဂမှ ပိတ်ဆို့မှုများပြုလုပ်လျှင် ပြန်လည်လက်တုံ့ပြန်သွားမည်ဟု တူရကီပြော

**အန်ကာရာ ဇူလိုင် ၇**

မြေထဲပင်လယ် အရှေ့ပိုင်း အငြင်းပွားမှု ပြဿနာနှင့် ပတ်သက်ပြီး သဘောမတူညီမှုများ ဖြစ်ပေါ်နေရာ ဥရောပသမဂ္ဂကသာ တူရကီအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပါက တူရကီဘက်ကလည်း အရေးယူ လက်တုံ့ပြန်မှုများ ပြန်လည်လုပ်ဆောင်မည်ဟု ဇူလိုင် ၆ ရက်က ပြောကြားခဲ့သည်။

တူရကီအပေါ် ပိတ်ဆို့အရေးယူမှု ပြုလုပ်ခြင်းဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိကြောင်း၊ ပြဿနာကို ပိုမိုရှုပ်ထွေးစေခြင်းသာ ဖြစ်လာမည်ဖြစ်ကြောင်း တူရကီဘက်က ပြောကြားခဲ့သည်။

ထို့ပြင် ဥရောပသမဂ္ဂဘက်ကသာ တူရကီအပေါ် ဆန့်ကျင်သည့် လုပ်ရပ်များလုပ်ဆောင်လာပါက တူရကီဘက်ကလည်း လက်တုံ့ပြန်သွားမည်ဟု တူရကီ နိုင်ငံခြားရေးဝန်ကြီး မက်ဗလပ်ကာဗူဆိုကလူနှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးရာကိစ္စရပ်များနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ ကိုယ်စားလှယ် ဂျိုးဆက်ဘော်ရယ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် မက်ဗလပ်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျိုးဆက်ဘော်ရယ်ကမူ ဥရောပသမဂ္ဂနှင့် တူရကီတို့၏ ရင်းနှီးမှုကြားတွင် ချက်ချင်းဖြေရှင်းရမည့် ပြဿနာများ ရှိနေကြောင်း ပြောကြားခဲ့သည်။ ပိုမိုသိမ်မွေ့သည့် နည်းလမ်းများ နောက်လိုက်ရမည်ဖြစ်ပြီး သို့မှသာ လက်ရှိပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလပ်ကာဗူဆိုကလူ(ယာ)နှင့် ဥရောပသမဂ္ဂမှ အရာရှိ ဂျိုးဆက်ဘော်ရယ်

မြေထဲပင်လယ် အရှေ့ပိုင်း ပြဿနာနှင့် လစ်ဗျားအရေးတွင် တူရကီ၏ ပါဝင်မှုအတွက် တူရကီကို ပိတ်ဆို့မှုပြစ်ဒဏ် ချမှတ်သွားရန် ပြင်သစ်နိုင်ငံက ဥရောပသမဂ္ဂကို တောင်းဆိုခဲ့သည်။ တူရကီသည် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ အခြေစိုက်အစိုးရကို စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန် လွန်ခဲ့သောနှစ် နိုဝင်ဘာလက သဘောတူထားသည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ကို အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ထပ်မံပြုလုပ်

**မဲလ်ဘုန်း ဇူလိုင် ၇**

ဩစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မဲလ်ဘုန်း၌ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာလျက်ရှိရာ ဇူလိုင် ၇ ရက်တွင် အာဏာပိုင်များက မဲလ်ဘုန်းမြို့ရှိ ဒေသခံပြည်သူ ငါးသန်းကို အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု အသစ်ပြန်လည်ချမှတ်လိုက်ကြောင်း သိရသည်။

မဲလ်ဘုန်းမြို့ အကြီးအကဲ ဒန်နီရယ်လ် အန်ဒရူးစ်က တစ်မြို့လုံးအဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုကို ဇူလိုင် ၇ ရက်တွင် စတင်မည်ဖြစ်ကာ ရက်သတ္တခြောက်ပတ်အထိ ကြာမြင့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကိုဗစ်– ၁၉ ရောဂါ အကျပ်အတည်းတစ်ခုကို အဆုံးသတ်နိုင်ခဲ့ပြီဟု ကျွန်ုပ်တို့အနေဖြင့် ဟန်ဆောင်၍ မနေနိုင်ကြောင်း ဒန်နီရယ်လ် အန်ဒရူးစ်က ပြောကြားလိုက်သည်။

ဩစတြေးလျနိုင်ငံ တစ်ဝန်း၌ ပြီးခဲ့သည့် ဧပြီလအတွင်း ကိုဗစ်– ၁၉ ကို ကောင်းစွာထိန်းချုပ်နိုင်ခဲ့ပြီးချိန်မှ စတင်ကာ ပထမဆုံးအကြိမ် ရောဂါကူးစက်မှု ထပ်မံမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံအရှေ့တောင်ပိုင်းမြို့တွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၁၉၁ ဦးကို စစ်ဆေးတွေ့ရှိခဲ့ရပြီး နောက်တွင် နောက်ထပ် ဗိုင်းရပ်စ်ရှိ မရှိ သေချာစွာ ခြေရာခံရမည့် သံသယလူနာများစွာ ရှိနေပြီဖြစ်ကြောင်း အန်ဒရူးစ်က ပြောကြားလိုက်သည်။

အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုအောက် ထပ်မံကျရောက်ရသည့်အခြေအနေကို မည်သူမျှ အလိုမရှိကြောင်း၊ ကန့်သတ်ပိတ်ဆို့မှုကြောင့် ကြီးကြီးမားမား ထိခိုက်နစ်နာမှုများ ဖြစ်လာမည်ကို မိမိအနေဖြင့် သိရှိနားလည်သော်လည်း ကိုဗစ်–၁၉ ဗိုင်းရပ်စ်၏ စိန်ခေါ်မှုကို လျစ်လျူရှုထား၍ မရနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မဲလ်ဘုန်းမြို့ရှိ ဒေသခံပြည်သူများအနေဖြင့် လုပ်ငန်းခွင်သွားရောက်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဆေးကုသမှုနှင့် အရေးကြီးပစ္စည်းများ ဝယ်ယူခြင်းမှလွဲ၍ အိမ်ပြင်ထွက်ခွင့်တားမြစ်မည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**




မဲလ်ဘုန်းမြို့၌ လုံခြုံရေးအဖွဲ့ဝင်တစ်ဦးက ကားမောင်းသူတစ်ဦးကို စစ်ဆေးနေစဉ်။

## ဗီယက်နမ်၌ နိုင်ငံတော်ကို ဆန့်ကျင်သည့် ရေးသားဖော်ပြမှုများ ပြုလုပ်သည့် ဖေ့စ်ဘွတ်သုံးစွဲသူတစ်ဦးကို ထောင်ဒဏ်ရှစ်နှစ် ချမှတ်

**ဟန္နိုင်း ဇူလိုင် ၇**

ဗီယက်နမ်နိုင်ငံ၌ ဖေ့စ်ဘွတ်သုံးစွဲသူ အမျိုးသားတစ်ဦးက ၎င်း၏ဖေ့စ်ဘွတ်အကောင့်တွင် နိုင်ငံတော်ကိုဆန့်ကျင်သည့် ရေးသားဖော်ပြမှုများ ပြုလုပ်ခဲ့မှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ပြီးနောက် အဆိုပါအမျိုးသားအား ထောင်ဒဏ်ရှစ်နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပြီး လူမှုရေးဆိုင်ရာ အပြောင်းအလဲများအတွက် ပိုမိုလမ်းဖွင့်ပေးမှုများ လုပ်ဆောင်လျက်ရှိသော်လည်း ဗီယက်နမ်နိုင်ငံ၏ အာဏာရကွန်မြူနစ်ပါတီသည် သတင်းမီဒီယာဆိုင်ရာ ကန့်သတ်ချက်များ တင်းကျပ်စွာ ဆက်လက်ချမှတ်ထားပြီး ဝေဖန် ရေးသားမှုများကို အနည်းအကျဉ်းသာခွင့်ပြုထားသည်။

လမ်ဒေါင်ပြည်နယ်၌ တစ်ရက်ကြာ စစ်ဆေးခဲ့မှုအတွင်း ငုယင်ကွက်ဒတ်ဘောင်အမည်ရှိ အမျိုးသားကို နိုင်ငံတော်ပုန်ကန်ရန် ရည်ရွယ်ချက်ဖြင့် အချက်အလက်များ သိမ်းဆည်းစုဆောင်းခြင်းနှင့် သတင်းဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဘောင်သည် ဗီယက်နမ်နိုင်ငံ တည်ထောင်သူ ခေါင်းဆောင်ကြီး ဟိုချီမင်း၏ ရုပ်ပုံကို စော်ကားသည့် ရေးသားဖော်ပြမှုပေါင်း ၃၆၆ ခုနှင့် နာရီပေါင်း ၁၁၀ ကြာသည့် တိုက်ရိုက်ရုပ်သံထုတ်လွှင့်မှုများ လုပ်ဆောင်ခဲ့ကြောင်းနှင့် နိုင်ငံတော် ပုန်ကန်သည့် ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ဘန်ကောက်ပို့စ်**

## မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးသံတမန် စတီဖင်ဘီဂန် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံသို့ သွားမည်

**ဝါရှင်တန် ဇူလိုင် ၇**

မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန်အဖြစ် ဆောင်ရွက်နေသည့် အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး စတီဖင်ဘီဂန်သည် ယခုရက်သတ္တပတ်တွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

စတီဖင်ဘီဂန်သည် ဇူလိုင် ၇ ရက်မှစတင်ကာ တောင်ကိုရီးယားနှင့် ဂျပန်တို့မှ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံကာ မြောက်ကိုရီးယားအရေး အပါအဝင် ကမ္ဘာ့အရေးဆွေးနွေးရန် ဆိုးလ်နှင့် တိုကျိုမြို့များသို့ သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုရီးယားကျွန်းဆွယ်ပေါ်တွင် တင်းမာမှုများ မြင့်တက်လျက်ရှိပြီး အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံအကြား နျူကလီးယားလက်နက်ဖျက်သိမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ ထပ်မံလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ မှေးမှိန်လျက်ရှိနေချိန်တွင် အမေရိကန်အထူးသံတမန် စတီဖင်ဘီဂန်၏ ယခုခရီးစဉ်ထွက်ပေါ်လာခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တောင်ကိုရီးဘားသမ္မတ မွန်ဂျယ်အင်းက ၎င်း၏နိုင်ငံသည် အမေရိကန်ရွေးကောက်ပွဲမတိုင်မီ မြောက်ကိုရီးယားနှင့် အမေရိကန်တို့အကြား ဆွေးနွေးပွဲများ ဖြစ်မြောက်လာစေရေး အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်တို့အကြား နျူကလီးယားလက်နက် ဖျက်သိမ်းရေးဆွေးနွေးမှုများသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က နောက်ဆုံးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သဘောတူညီချက်တစ်စုံတစ်ရာမရရှိဘဲ အဆုံးသတ်ခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုတွာ

### တောင်ကိုရီးယားတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်သူ ၄၄ ဦးတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၇**
တောင်ကိုရီးယား၌ ဇူလိုင် ၇ ရက်က ကိုဗစ် - ၁၉ ကူးစက်ခံထားရသူ ၄၄ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၁၃၁၁၈ ဦးအထိ ရှိလာကြောင်း သိရသည်။

တောင်ကိုရီးယားတွင် နေ့စဉ် ကူးစက်ခံရမှုစာရင်းမှာ ၅၀ အောက် လျော့လာသည်မှာ နှစ်ရက်ဆက်တိုက် ရှိပြီဖြစ်သည်။ အသစ်ကူးစက်ခံရသူများတွင် ၂၄ ဦးမှာ ပြည်ပမှပြန်လာသူများဖြစ်ပြီး ဘာသာရေးပွဲများ တက်ရောက်ကာ အစုလိုက်ကူးစက်ခံရမှုမှ ကူးစက်ခံရမှုအနည်းငယ်ကို ဆက်လက်တွေ့ရှိနေရဆဲ ဖြစ်သည်။ ရောဂါကူးစက်ခံရသူ များထဲမှ နောက်ထပ်တစ်ဦး သေဆုံးသွားသည့်အတွက် သေဆုံးသူစုစုပေါင်း ၂၈၅ ဦး အထိရှိလာပြီ ဖြစ်သည်။ နောက်ထပ် လူနာ ၆၆ ဦးနေပြန်ကောင်းသွားပြီ ဖြစ်သည့်အတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူ အရေအတွက်မှာ ၁၁၉၁၄ ဦးအထိ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ပိုးတွေ့သူ ၇၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၂၀၀၀၀ ကျော်ရှိ

**နယူးဒေလီ ဇူလိုင် ၇**
အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၇၀၀၀၀၀ ကျော်လွန်သွားပြီး ဇူလိုင် ၇ ရက်တွင် ကူးစက်ခံရသူပေါင်း ၇၁၉၆၆၅ ဦးရှိသည်ဟု သိရသည်။

သေဆုံးသူ အရေအတွက်မှာလည်း ၂၀၁၆၀ ရှိသည်ဟုကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ဇူလိုင် ၆ ရက်နံနက်ပိုင်းအထိ ကူးစက်ခံရသူစုစုပေါင်းမှာ ၆၉၇၄၁၃ ဦး ရှိခဲ့သည်။ ဆေးရုံမှ ဆင်းသွားသူ အရေအတွက်မှာ ၄၃၉၉၄၈ ဦးအထိ ရှိပြီဖြစ်သည်။

ထို့ကြောင့် လက်ရှိနိုင်ငံအတွင်း ရောဂါပိုးမကင်းစင်သေးဘဲ ကျန်ရှိနေသေးသူ ၂၅၉၅၅၇ ဦး ကျန်ရှိနေသေးသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် ကန့်သတ်မှုများဖြေလျှော့မှု အဆင့် ၂ အတွင်းသို့ ဝင်ရောက်လာသော်လည်း ကိုဗစ် -၁၉ ကူးစက်မှု မြင့်မားသည့် ဒေသများတွင်မူ ကန့်သတ်မှုများ ဆက်လက်ထားရှိဆဲဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လေကြောင်းလိုင်းများ ပြေးဆွဲမှုကို ဇူလိုင် ၃၁ ရက်မတိုင်ခင်အထိ ရပ်နားထားဦးမည်ဟု အိန္ဒိယနိုင်ငံ၏ လေကြောင်းပျံသန်းမှု ညွှန်ကြားရေးမှူးချုပ်ရုံးက ဇူလိုင် ၃ ရက်တွင် ကြေညာခဲ့သည်။
**ဆင်ဟွာ**

# ရွှေရောင်အနာဂတ်လို့ထင်ခဲ့ပေမယ့် ကိုဗစ် - ၁၉ က ဖျက်ဆီးလိုက်တဲ့ လေယာဉ်မှူးအိပ်မက်

ဖြူးစန္ဒီဇွေး

ဂျော့ရှ်အာဝင်စတိန်းရဲ့ ရည်မှန်းချက်ကတော့ လေယာဉ်မှူးတစ်ယောက်ဖြစ်လာဖို့ပါပဲ။ ကံကြမ္မာဟာ ကြိုတင်မှန်းဆထားလို့ မရဘူးဆိုတဲ့အတိုင်း သူတက္ကသိုလ်စတက်တဲ့ ၂၀၀၂ ခုနှစ်မှာပဲ လေကြောင်းလုပ်ငန်းဟာ အခက်အခဲအကျပ်အတည်းတွေကြား ရောက်ရှိနေခဲ့ပါတယ်။ ဒါကြောင့် ဝင်စတိန်းဟာ လေယာဉ်မှူးတစ်ယောက်ဖြစ်လာရမယ့်အစား အလယ်တန်းကျောင်းဆရာ တစ်ဦးသာ ဖြစ်လာခဲ့ပါတယ်။

## လေယာဉ်မှူးအိပ်မက်

အခြေအနေအရသာ ကျောင်းဆရာဖြစ်ခဲ့ရပေမယ့် လေယာဉ်မှူးဖြစ်ချင်တဲ့ အိပ်မက်ကိုတော့ မစွန့်လွှတ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့အားလပ်ချိန်တွေမှာ ဒေါ်လာထောင်နဲ့ချီ အကုန်အကျခံပြီး လေကြောင်းပျံသန်းမှုတွေ လေ့ကျင့်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ ဝင်စတိန်းအတွက်မျှော်လင့်ချက် ရောင်ခြည်သန်းလာပြန်ပါတယ်။ အဲဒါကတော့ လေယာဉ်မှူးတွေ ရှားပါးတဲ့ အခြေအနေရောက်နေပြီဆိုတဲ့ သတင်းစကားကြားသိလာရတာပါပဲ။ ဒီလိုနဲ့အခြေအနေအရ ဖြစ်ခဲ့ရတဲ့ ကျောင်းဆရာအလုပ်ကို သူကျောခိုင်းလိုက်ပြီး သူ့အိပ်မက်နောက်ကိုသာ ဆက်လိုက်ခဲ့ပါတယ်။ ဇန်နဝါရီလမှာတော့ သူဟာ အိတ်စပရက်ဂျက်ကုမ္ပဏီနဲ့ ဆက်သွယ်မိပြီး မောင်းနှင်မှု သင်တန်းတက်ခဲ့ပါတယ်။ အဲဒီကုမ္ပဏီဟာ အမေရိကန်ပြည်ထောင်စုအတွင်း ပြေးဆွဲတဲ့ လေကြောင်းလိုင်းတစ်ခုပဲ ဖြစ်ပါတယ်။

## မမျှော်လင့်တဲ့ကံကြမ္မာဆိုး

ဒါပေမယ့်လည်း မမျှော်လင့်တဲ့ ကံကြမ္မာဆိုးက ရိုက်ချလိုက်ပြန်ပါတယ်။ အဲဒါကတော့ ကိုဗစ်-၁၉ ဆိုတဲ့ ကပ်ရောဂါပါပဲ။ ကိုဗစ် -၁၉ ဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ လေကြောင်းလုပ်ငန်းကို ဖျက်ဆီးပစ်လိုက်ပါတယ်။ အလုပ်နေရာ လျှော့ချမှုတွေ အများကြီးဖြစ်ပေါ်ခဲ့ပြီး မစ္စတာ ဝင်စတိန်းလို ခုမှအခြေတည်ခါစ လေယာဉ်မှူးတွေအတွက်လည်း ရှေ့တိုးရမလို နောက်ဆုတ်ရမလို အနေအထားနဲ့ ကြုံတွေ့နေရပါတယ်။ လေ့ကျင့်မှုတွေကိုလည်း ရပ်ဆိုင်းလိုက်ရပါတယ်။ အဆိုးဆုံးအခြေအနေကတော့ ဘာဆက်ဖြစ်မယ်ဆိုတာ ဘယ်သူမှမသိနိုင်တာပဲ။ ရှေ့ဆက်ပြီး ဘာတွေ ဆက်ဖြစ်လာမယ်ဆိုတာဘယ်သူမှ တပ်အပ်မပြောနိုင်ဘူးလို့ မစ္စတာ ဝင်စတိန်းက ပြောပါတယ်။

## လေယာဉ်မှူးလိုအပ်ချက် မြင့်တက်လာလိမ့်မယ်

ကိုဗစ် -၁၉ မတိုင်ခင် ကာလတွေတုန်းကတော့ လေယာဉ်ပျံသန်းမှုကျောင်းတွေ လေကြောင်းလိုင်းတွေနဲ့ ကျွမ်းကျင်သူတွေက လေယာဉ်မှူးအဖြစ် လုပ်ကိုင်ကြဖို့ လူငယ်တွေကို စည်းရုံးကြပါတယ်။ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းသေချာတယ်ဆိုတဲ့ မက်လုံးတွေနဲ့ ဆွဲဆောင်ကြပါတယ်။ ဘာလို့လဲဆိုရင် လက်ရှိလေကြောင်းလိုင်းမှာ လေယာဉ်မှူးတွေအဖြစ် လုပ်ကိုင်နေကြတဲ့ သူတွေဟာ အသက် ၅၀ ဝန်းကျင် ၆၀ တွေဖြစ်ပြီး သူတို့ဟာ မကြာခင်အချိန်အတွင်းမှာ အငြိမ်းစားသွားကြတော့မှာပါ။ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုကတော့ လိုလားမှုတွေ ဆက်လက်မြင့်တက်ဆဲဖြစ်တာကြောင့် လေယာဉ်မှူး လိုအပ်ချက်ဟာ မြင့်တက်လာလိမ့်မယ်လို့ ထင်မြင်ယူဆခဲ့ကြပါတယ်။

## ဝန်ထမ်းတွေ လျှော့ချရတော့မယ်

ကိုဗစ် -၁၉ ဖြစ်ပွားလာခဲ့တဲ့ အခါမှာတော့ အခြေအနေတွေဟာပြောင်းလဲကုန်ပါတယ်။ လက်ရှိလေကြောင်းလုပ်ငန်းမှာ လုပ်ကိုင်ကြသူ တွေအတွက်တောင် အလုပ်နေရာဟာ မသေချာတော့ပါဘူး။ ကျွမ်းကျင်သူတွေ သုံးသပ်ကြတာကတော့ လေကြောင်းလုပ်ငန်း ပြန်လည်နာလန်ထူဖို့ အချိန်ဟာ နှေးကွေးနေဦးမှာပဲဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်တွေ ဆက်လက်ထားရှိတာနဲ့ ကိုဗစ် -၁၉ ရဲ့ သဘောသဘာဝဟာ ဘာဆက်ဖြစ်မယ် မခန့်မှန်းနိုင်သေးတာကြောင့်လည်း အခုလိုသုံးသပ်ရတာပါ။ မသေချာတဲ့အနာဂတ်ကို ပြင်ဆင်ဖို့အတွက် နိုင်ငံရေးအကြီးဆုံး လေကြောင်းလိုင်းတွေဟာ ဒေါ်လာဘီလီယံနဲ့ချီတဲ့ ငွေကြေးတွေကို ပိုက်ဆံအဖြစ် သိမ်းဆည်းထားရပါတယ်။ အကယ်၍ လက်မှတ်အရောင်းတွေ ပြန်တက်မလာဘူးဆိုရင် အမေရိကန်လေကြောင်းလိုင်း၊ ဒယ်လ်တာလေကြောင်းလိုင်း အပါအဝင် အခြားသော လေကြောင်းလိုင်းတွေဟာ မတက်သာတဲ့အဆုံး ဝန်ထမ်းတွေ လျှော့ချဖို့ လုပ်ရတော့မှာပါ။

## ငှားရမ်းမှုတွေရပ်တန့်

လေကြောင်းလိုင်း အများစုဟာလည်း လေယာဉ်မှူးငှားရမ်းမှုတွေကို ရပ်တန့်နေကြပါပြီ။ ကုမ္ပဏီအချို့ဟာလည်း ဝန်ထမ်းအင်အား ဖြတ်တောက်တာတွေ၊ လျှော့ချတာတွေ ဒီထက်ပိုပြီး မလုပ်ချင်တာကြောင့် ရှယ်ယာတွေ ရောင်းချတာမျိုးကမ်းလှမ်းကြပါတယ်။ ဒယ်လ်တာကုမ္ပဏီကလည်း လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာ လေယာဉ်မှူးပေါင်း ၂၆၀၀ ကို အလုပ်ကနေနားဖို့နဲ့ စောစီးစွာ ပင်စင်ယူဖို့ကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ တချို့သော လေကြောင်းကုမ္ပဏီတွေ ကျပြန်တော့လည်း ကုမ္ပဏီကနေ ယာယီ သို့မဟုတ် ပင်စင်ယူဖို့ သဘောတူတဲ့လေယာဉ်မှူးတွေကို တစ်စိတ်တစ်ပိုင်းအားဖြင့် အကျိုးခံစားခွင့်ပေးဖို့ ကမ်းလှမ်းမှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။




လေဆိပ်အတွင်းသွားလာနေသည့် လေယာဉ်မှူးတစ်ဦးကို တွေ့ရစဉ်။

> "လေကြောင်းလိုင်းအများစုဟာလည်း လေယာဉ်မှူးငှားရမ်းမှုတွေကို ရပ်တန့်နေကြပါပြီ။ ကုမ္ပဏီအချို့ဟာလည်း ဝန်ထမ်းအင်အား ဖြတ်တောက်တာတွေ၊ လျှော့ချတာတွေ ဒီထက်ပိုပြီး မလုပ်ချင်တာကြောင့် ရှယ်ယာတွေ ရောင်းချတာမျိုး ကမ်းလှမ်းကြပါတယ်။ ဒယ်လ်တာကုမ္ပဏီကလည်း လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာ လေယာဉ်မှူးပေါင်း ၂၆၀၀ ကို အလုပ်ကနေနားဖို့နဲ့ စောစီးစွာ ပင်စင်ယူဖို့ကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့"

## ရင်းနှီးမြှုပ်နှံ

မစ္စတာဝင်စတိန်းလို နောက်ထပ်လူတစ်ယောက် ရှိပါသေးတယ်။ သူ့နာမည်ကတော့ အာချီဘတ်ပါ။ သူဟာ လေကြောင်းသယ်ယူပို့ဆောင်ရေးနည်းပညာနဲ့ ဘွဲ့ယူပြီးတဲ့နောက် အမေရိကန် အီဂယ်ကုမ္ပဏီက ငှားရမ်းခြင်းခံခဲ့ရပါတယ်။ ၂၀၀၁ ခုနှစ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးတဲ့နောက်မှာတော့ သူလည်းအလုပ်ကနေအချိန် အကြာကြီးနားလိုက်ရပါတယ်။ တစ်နှစ်ခန့်ကြာတဲ့အခါမှာတော့ ဂျက်လေယာဉ်မောင်းတဲ့ အလုပ်ပြန်လုပ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကျမှ ဒယ်လ်တာကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တာပါ။

လေယာဉ်မှူးတွေ အားလုံးဟာ သူတို့ရဲ့ အလုပ်ကိုတကယ်ချစ်မြတ်နိုးတာကြောင့် ဝင်ရောက်လုပ်ကိုင်ကြသူတွေပါ။ ဒါကြောင့်မို့လည်း သူတို့ဟာ နှစ်ပေါင်းများစွာ ကြာအောင် လေ့ကျင့်မောင်းနှင်ရေး အစီအစဉ်တွေကြား သူတို့ရဲ့အချိန်တွေကို ရင်းနှီးမြှုပ်နှံခဲ့ကြတာပါ။

## ငွေကြေးကုန်ကျမှုများ

အရည်အချင်းနဲ့ပြည့်ဝတဲ့ လေယာဉ်မှူးဖြစ်လာဖို့ လေ့ကျင့်မှုတွေအတွက် ဒေါ်လာ ၁၀၀၀၀၀ အကုန်အကျခံခဲ့ရပြီးဒါတောင်မှ သူတို့ရဲ့ ဘွဲ့ရအောင် ကျောင်းတက်ရတဲ့ စရိတ်တွေ မပါသေးပါဘူး။ မစ္စတာ ဝင်စတိန်းဆိုရင် လေ့ကျင့်ပျံသန်းမှုအတွက် ခန့်မှန်းခြေအားဖြင့် ဒေါ်လာငါးသောင်းကနေ ခုနစ်သောင်းကြား သုံးစွဲခဲ့ရပါတယ်။ အိတ်စပရက်ဂျက်မှာ အလုပ်လုပ်တဲ့ လေယာဉ်မှူးဟာ ပထမတစ်နှစ်မှာ ဝင်ငွေ ၃၆၀၀၀ အနည်းဆုံး ရရှိပါတယ်။ လေယာဉ်မှူးအများစုဟာ လေယာဉ်မောင်းသင်တန်းတွေတက်ဖို့ ဒေါ်လာထောင်နဲ့ချီပြီးချေးငှားရပါတယ်။ နောက်မှ တဖြည်းဖြည်း ချင်းကြွေးတွေကို ပေးဆပ်ပါတယ်။ ဝါရင့်လေယာဉ်မှူး တစ်ယောက်ဟာ တစ်နှစ်မှာဝင်ငွေ ၃၀၀၀၀၀ ရရှိပါတယ်။

## စိန်ခေါ်မှုဖြစ်ခဲ့

လွန်ခဲ့တဲ့တစ်နှစ်ကဆိုရင် လေယာဉ်မှူးပြတ်တောက်မယ့် အရေးဟာ လေကြောင်းလိုင်းအတွက် အကြီးဆုံးစိန်ခေါ်မှု ဖြစ်ခဲ့တယ်လို့ ဘိုးရင်းကုမ္ပဏီအကြီးအကဲက ပြောခဲ့ပါတယ်။ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုနှုန်းတွေ မြင့်တက်နေတာကြောင့် လာမယ့်နှစ်နှစ်အတွင်းမှာ လေယာဉ်မှူးပေါင်း ၆၄၅၀၀၀ အထိ လိုအပ်လာလိမ့်မယ်လို့ ဘိုးရင်းကခန့်မှန်းခဲ့ပါတယ်။ ကိုဗစ် -၁၉ ဖြစ်ပွားလာတဲ့အခါမှာတော့ အခြေအနေတွေဟာ ဘာဆက်ဖြစ်မယ်ပြောလို့ မရအောင် ဖြစ်သွားခဲ့ရပါတယ်။

## နောင်တမရအောင် တွန်းအားပေး

မစ္စတာဝင်စတိန်းလို လေယာဉ်မှူးတွေအတွက်ကတော့ နောက်ဆက်ဘာဖြစ်လာမလဲဆိုတာကို မျှော်လင့်ရုံပါပဲ။ ရလဒ်အနေနဲ့ ဘာတွေပဲဖြစ်လာဖြစ်လာ သူလုပ်ခဲ့တာတွေဟာ တန်ကြေးရှိတယ်။ ထိုက်တန်တယ်လို့ သူကဆက်ပြောပါတယ်။ " ကျွန်တော်ဟာ အနည်းဆုံးတော့အိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ လေကြောင်းလုပ်ငန်းနဲ့လည်း ချိတ်ဆက်နိုင်ခဲ့တယ်။ ဒီအချက်တွေကပဲကျွန်တော့်ကို နောင်တမရအောင် တွန်းအားပေးနေတယ်" လို့ မစ္စတာဝင်စတိန်းက ပြောပါတယ်။

**ကိုးကား - နယူးယောက်တိုင်းမ်**



# ပေါ့ဆ၍ မဖြစ်သေး

သတင်းများကို လေ့လာကြည့်မည်ဆိုပါက အခြားနိုင်ငံများတွင် ကောင်းသွားပြီဆိုပြီး ကိုဗစ် – ၁၉ ရောဂါ ဒုတိယလှိုင်းဝင်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါကြောင်း၊ ဆိုးရွားစွာ မဖြစ်စေလိုပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေး ရှုထောင့်နှင့် ကုသရေးရှုထောင့်များအနေဖြင့် မည်သည်တို့ကို သတိပြုရန်လိုအပ်သည်၊ မည်သည့်အတွက်ကြောင့် သတိပြုရန်လိုအပ်သည် စသည်တို့ကို အများပြည်သူ ရှင်းရှင်းလင်းလင်းနားလည်နိုင်စေရန် ဆောင်ရွက်ပေးလိုပါကြောင်း၊ ပေါ့ဆ၍ မဖြစ်သေးပါကြောင်း၊

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID –19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇူလိုင် ၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၄၅ ဦး၊ ဂျာမနီနိုင်ငံမှ တစ်ဦး၊ နော်ဝေနိုင်ငံမှ တစ်ဦး၊ ဆော်ဒီအာရေဗျနိုင်ငံမှ တစ်ဦး၊ ရုရှားနိုင်ငံမှ တစ်ဦး၊ ဩစတြီးယားနိုင်ငံမှ နှစ်ဦး၊ နယ်သာလန်နိုင်ငံမှ နှစ်ဦး၊ ဆွစ်ဇာလန်နိုင်ငံမှ သုံးဦး၊ ဂရိနိုင်ငံမှ လေးဦး၊ ဗြိတိန်နိုင်ငံမှ ငါးဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၀ ဦး၊ ပြင်သစ်နှင့် စပိန်နိုင်ငံတို့မှ ၁၀ ဦးနှင့် အမေရိကန်ပြည်ထောင်စုမှ ၃၀ စုစုပေါင်း ၁၁၅ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Myanmar Airways International-MAI ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(အောက်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသား စုစုပေါင်း ၆၉၃၄ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ကလေးဘူတာ

## ကလေး-ဂန့်ဂေါ ရထားခရီးစဉ်များ တစ်ရက်ခြားစီ ပြန်လည်ပြေးဆွဲ

**ကလေး ဇူလိုင် ၇**

ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်နားထားသည့် ကလေး-ဂန့်ဂေါ ရထားခရီးစဉ်များကို ခြောက်ပေခွာ၍ ခရီးသည်များကို ထိုင်စေကာ ယမန်နေ့ နံနက် ၆ နာရီခွဲခန့်မှစ၍ တစ်ရက်ခြားစီဖြင့် ပြန်လည် ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ၆ ရက်ကနေစပြီးတော့ တစ်ရက်ခြားပြီး ပြေးဆွဲမှာ ဖြစ်ပါတယ်။ ကလေး-ဂန့်ဂေါ အားလုံးပေါင်း ရိုးရိုးတန်း ငါးတွဲ ပြေးဆွဲထားပြီးတော့ ခရီးသည်တွေကို အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်း တပ်ဆင်စေခြင်း၊ လက်ဆေးစေခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။ ပြီးတော့ ထိုင်ခုံတွေကိုလည်း Social Distancing အရ ကြက်ခြေခတ်ထားခြင်းတို့ကို ဆောင်ရွက်ပေးထားပါတယ်။ ရထားလက်မှတ်ကို လူတစ်ယောက်ကို ထိုင်ခုံနှစ်ခုံစာ ဝယ်ယူစီးနင်းရမှာဖြစ်ပေမယ့် ရထားလက်မှတ်ဖိုးကို တစ်ယောက်စာပဲပေးရမှာဖြစ်တယ်" ဟု ကလေးရထားဘူတာရုံပိုင် ဦးသန်းနိုင်က ပြောကြားသည်။

" ရထားတွဲ ငါးတွဲမှာ တွဲ-၁၊ တွဲ-၂ ၊ တွဲ-၃ ကိုတော့ ကလေး – ဂန့်ဂေါကိုသွားမယ့် ခရီးသည်တွေကို ရောင်းချမှာဖြစ်ပါတယ်။ ကျန်တဲ့ ရထားတွဲတွေကိုတော့ လမ်းဘူတာတွေအတွက် ရောင်းမှာ ဖြစ်ပါတယ်။ ရထားတွဲတစ်တွဲမှာ လူ ၂၀ နှုန်းနဲ့ ငါးတွဲပေါင်းရင် လူ ၁၀၀ လောက် စီးနင်းနိုင်မှာဖြစ်ပြီး ရထားလက်မှတ်ကိုတော့ လူကြီးတစ်ယောက်ကို ၁၁၅၀ ကျပ်နဲ့ရောင်းချကာ ကလေးတစ်ယောက်ကိုတော့ ၆၀၀ ကျပ်နှုန်းနဲ့ ရောင်းချပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကလေး-ဂန့်ဂေါ ရထားပြေးဆွဲရာတွင် ကလေးမြို့မှ နံနက် ၆ နာရီခွဲတွင် စတင်ပြေးဆွဲပြီး ဂန့်ဂေါဘူတာသို့ မွန်းလွဲ ၂နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ဂန့်ဂေါမှ နံနက် ၇ နာရီတွင် စတင်ပြေးဆွဲပြီး ကလေးမြို့သို့ မွန်းလွဲ ၂ နာရီတွင် ဆိုက်ရောက်ကာ ပြေးဆွဲမှုများကို တစ်ရက်ခြားစီဖြင့် ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ထန်းဖုန် (ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၉၂) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၃၆) ခု၊ စုစုပေါင်းဓာတ်ခွဲနမူနာ (၃၂၈) ခုတွင် -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၄၆) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၉၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊

စုစုပေါင်း (၁,၆၅၄) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦးတွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦးတွေ့ရှိကြောင်းကို (၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၇-၇-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၁၆) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၆-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၉၂) ခု |
| (၆-၇-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၃၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၀၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၉) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု

စုစုပေါင်း (၁,၁၇၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၁၆) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် စုစုပေါင်း (၂၄၅) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၃၁) ဦးအား ဆေးရုံမှဆင်းခွင့် ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၆-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၇-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၀၃) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၉) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၂) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၆) ခု |
| (၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၁၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၄၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# ကိုဗစ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို အောက်တိုဘာလတွင် ကျင်းပဖွယ်ရှိ

နေပြည်တော် ဇူလိုင် ၇

ONE Championship ၏ ဝိတ်တန်းနှစ်ခုချန်ပီယံ မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို အောက်တိုဘာလတွင် ကျင်းပဖွယ်ရှိနေသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ပြိုင်ဘက်ဟောင်း ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခင်က ဧပြီ ၁၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး မေလတွင် ကျင်းပရန် ပြောင်းလဲစီစဉ်သော်လည်း ရောဂါအခြေအနေတည်ငြိမ်မှုမရှိသောကြောင့် ထပ်မံရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ONE Championship သည် ပြီးခဲ့သည့်ရက်ပိုင်းက ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများကို ထုတ်ပြန်ခဲ့ရာ အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ပါဝင်သည့် ONE Infinity-1 ပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် လအနည်းငယ်ကြာ ပြိုင်ပွဲများကျင်းပနိုင်ခြင်းမရှိခဲ့သော်လည်း ONE Championship သည် ဇူလိုင် ၃၁ ရက်တွင် ထိုင်းနိုင်ငံ၌ ပြိုင်ပွဲစတင်ကျင်းပမည်ဖြစ်ပြီး ပရိသတ်မပါဘဲ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ခံစားနေရသော်လည်း ပြိုင်ပွဲအမီ ပြန်လည်လေ့ကျင့်နိုင်ဖွယ်ရှိနေပြီး ကျန်းမာရေးအခြေအနေ တိုးတက်မှုရှိကြောင်း သိရသည်။

အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် ပထမအကြိမ် တွေ့ဆုံရာတွင် ပြင်ဆင်မှုအချိန် နည်းပါးခဲ့၍ ဘစ်ဒက်ရှ်ကို အရေးနိမ့်ခဲ့သော်လည်း ခြောက်လအကြာတွင် ပြန်လည်စိန်ခေါ်ရာတွင် အမှတ်ဖြင့် ပြန်လည်အနိုင်ယူပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ရယူနိုင်ခဲ့ပြီး ယင်းနောက်ပိုင်း ချန်ပီယံကာကွယ်ပွဲ သုံးပွဲထိုးသတ်ခဲ့ရာ ဂျပန်နိုင်ငံသား ဟာဆဲဂါဝါကို နှစ်ပွဲ၊ လက်ဘနွန်နိုင်ငံသား ကရာကီကို တစ်ပွဲ အနိုင်ရခဲ့သည်။

ညီမြတ်သော်တာ

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၆ )ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၆–၇–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း | 200.00 |
| ၂။ | မြန်မာနိုင်ငံ မော်တော်ဆိုင်ကယ် တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသူများအသင်း | 104.00 |
| ၃။ | မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာထမ်း အမှုထမ်းများ | 100.00 |
| ၄။ | Burmese Community Development Collaboration (Sydney, BCDC) | 100.00 |
| ၅။ | RIT 85–94 FD & Friend | 100.00 |
| ၆။ | တိရစ္ဆာန်များ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ | 100.00 |
| ၇။ | မြန်မာ့အဏ္ဏဝါသိပ္ပံအသင်း | 50.00 |
| ၈။ | ဝဏ္ဏကျော်ထင် ဦးဦးထွန်း၊ အသက် (၁၀၀)ပြည့်မွေးနေ့အလှူ ဗဟန်း | 5.00 |
| ၉။ | ဦးဆန်းကြည်၊ (၇၁)နှစ်ပြည့်မွေးနေ့အလှူ ကမာရွတ် | 5.00 |
| ၁၀။ | ဦးစိုးဝေ(လ/ထညွှန်မှူး)+ဒေါ်ဘေဘီသန်း (ဒုညွှန်မှူး၊ ငြိမ်း) | 5.00 |
| ၁၁။ | ဗိုလ်ကြီးခင်မောင်လွင်(လေ၊ငြိမ်း)+ဒေါ်လှမြင့်၊ရွှေပေါက်ကံ | 1.00 |
| ၁၂။ | ဒေါ်ကြင်မြိုင်၊ မြောက်ဥက္ကလာပ | 1.00 |
| ၁၃။ | ဒေါ်မာလာသိင်္ဂီ၊ မြောက်ဥက္ကလာပ | 1.00 |
| ၁၄။ | ဦးလှသိန်း+ဒေါ်စန်းစန်းငွေ၊ မရမ်းကုန်း | 1.00 |
| | စုစုပေါင်း | 773.00 |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့် ဗဟိုကော်မတီ

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၅၆၈၉ | ၃၁၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၄၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၁၆၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၃၁ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၄၄ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၁၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇–၇–၂၀၂၀ ရက်၊ ည (၈) နာရီ

## COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၇-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၄၁၉၅၀ | ၁၃၂၅၆၂၀ | ၁၃၃၀၄၁ |
| ၂။ | ဘရာဇီး | ၁၆၂၈၂၈၃ | ၁၀၇၂၂၂၉ | ၆၅၆၃၁ |
| ၃။ | အိန္ဒိယ | ၇၂၃၁၉၅ | ၄၄၁၇၃၃ | ၂၀၂၀၁ |
| ၄။ | ရုရှား | ၆၉၄၂၃၀ | ၄၆၃၈၈၀ | ၁၀၄၉၄ |
| ၅။ | ပီရူး | ၃၀၅၇၀၃ | ၁၉၇၆၁၉ | ၁၀၇၇၂ |
| ၆။ | စပိန် | ၂၉၈၅၅၇ | စိစစ်ဆဲ | ၂၈၃၈၈ |
| ၇။ | ချီလီ | ၂၉၈၅၅၇ | ၂၆၄၃၇၁ | ၆၃၈၄ |
| ၈။ | ဗြိတိန် | ၂၈၅၇၆၈ | စိစစ်ဆဲ | ၄၄၂၃၆ |
| ၉။ | မက္ကဆီကို | ၂၆၁၇၅၀ | ၁၅၉၆၅၇ | ၃၁၁၁၉ |
| ၁၀။ | အီရန် | ၂၄၅၆၈၈ | ၂၀၇၀၀၀ | ၁၁၉၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၆၂၂၆ | ၃၀၇၈၅ | ၃၃၀၉ |
| စင်ကာပူ | ၄၅၁၄၀ | ၄၀၇၁၇ | ၂၆ |
| ဖိလစ်ပိုင် | ၄၇၈၇၃ | ၁၂၃၈၆ | ၁၃၀၉ |
| မလေးရှား | ၈၆၇၄ | ၈၄၈၁ | ၁၂၁ |
| ထိုင်း | ၃၁၉၅ | ၃၀၇၂ | ၅၈ |
| ဗီယက်နမ် | ၃၆၉ | ၃၄၁ | ၀ |
| မြန်မာ | ၃၁၆ | ၂၄၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# Cash for Work စီမံချက်ဖြင့် လုပ်သားအရေအတွက် ၂ ဒသမ ၇ သန်း အကျိုးခံစားခွင့်ရရှိမည်

**— — — အောင်ကြည် (ကျေးလက်) — — —**

Covid-19 ကူးစက်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း တွေ့ကြုံရသော အခက်အခဲများအတွက် နိုင်ငံတော်က ရေးဆွဲဆောင်ရွက်လျက်ရှိသော ကိုဗစ်ကာလ စီးပွားရေး ကုစားမှုအစီအစဉ် Covid-19 Economic Relief Plan (CERP) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်ကာလ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ် (Contingency Emergency Response Component) တစ်ခုအဖြစ် Cash for Work စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ Cash for Work စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ COVID-19 စီးပွားရေး ကုစားမှုအစီအစဉ်ကို အထောက်အကူပြုခြင်း၊ ပြည်သူများ ချက်ချင်းဝင်ငွေရရှိခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

### ဖွံ့ဖြိုးတိုးတက်စေသည့် စီမံကိန်း

Cash for Work ဆိုသည်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံနေရသော ကျေးလက်ဒေသများရှိ မိသားစုများ၏ ဝင်ငွေရရှိရေး လုပ်ငန်းများ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခငွေ ပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရုံသာမက ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေသည့် စီမံကိန်းအမျိုးအစားဖြစ်ပါသည်။

Cash for Work စီမံကိန်းအတွက် ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ရမည်ဖြစ်ပြီး စီမံကိန်းကာလ (၃) လတာအတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင်လည်း နည်းပညာ ရှုပ်ထွေးမှုမရှိဘဲ ရိုးရှင်းလွယ်ကူသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်သည်။ ဥပမာ- လမ်းပြုပြင်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ သောက်သုံးရေကန်များ ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း၊ ရေနုတ်မြောင်းနှင့် ရေဆိုးမြောင်း တူးဖော်ခြင်း၊ မြေသားရေကန်တူးဖော်ခြင်း အစရှိသည့် ကျေးရွာအသီးသီးက မိမိတို့ကိုယ်တိုင်ရွေးချယ်သော လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

Cash for Work စီမံကိန်းကာလ (၃)လအတွင်း စီမံကိန်းစက်ဝန်းလုပ်ငန်းစဉ်များဖြစ်သော ကျေးရွာအဆင့်တွင် (၁) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ (၂) ကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပို့ချခြင်း၊ (၃) စီမံကိန်းလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်းနှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီအား တင်ပြခြင်း၊ (၄)အကျိုးခံစားခွင့် အိမ်ထောင်စုများ ရွေးချယ်ခြင်း၊ (၅) စီမံကိန်းလုပ်ငန်းများ အတည်ပြုခြင်းနှင့် ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်း၊ (၆) လုပ်သားများအား စီမံခန့်ခွဲခြင်း၊ (၇) စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ (၈)စောင့်ကြည့်ခြင်းစစ်ဆေးခြင်းနှင့် စီမံကိန်းပိတ်သိမ်းခြင်း စသည်တို့ကို အဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။

**Cash for Work ဆိုသည်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံနေရသော ကျေးလက်ဒေသများရှိ မိသားစုများ၏ ဝင်ငွေရရှိရေးလုပ်ငန်းများ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသည့် အတွက် ကျေးလက်နေပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ် လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေ ပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရုံသာမက ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေသည့် စီမံကိန်းအမျိုးအစားဖြစ်**

### ထောက်ပံ့ပေးသွားမည်

စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပစ္စည်းဝယ်ယူမှု ၄၀ ရာခိုင်နှုန်းနှင့် လုပ်အားခ ၆၀ ရာခိုင်နှုန်း အချိုး မျှော်မှန်းထားပြီး ကျေးရွာတစ်ရွာအတွက် အကျိုးခံစားခွင့်ရရှိ အိမ်ထောင်စုများအား စုစုပေါင်း ပေးချေမည့် လုပ်အားခသည် ကျပ်သိန်း ၆၀ ခန့် ရရှိမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash for Work စီမံကိန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ ကျေးရွာပေါင်း ၂၄၈၈ ရွာတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။

အဆိုပါ ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်သားအရေအတွက် ၂ ဒသမ ၇ သန်းအတွက် လုပ်အားခ စုစုပေါင်း ကျပ် ၁၄၉၂၈ သန်းခန့် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

### အကျိုးခံစားခွင့်ရရှိ

ထိုကဲ့သို့ Cash for Work စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သော အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများအား လုပ်အားခပေးချေရာ၌ ကျွမ်းကျင်လုပ်သားများအတွက် ဒေသပေါက်ဈေးအတိုင်း ပေးချေရမည်ဖြစ်ပြီး ရိုးရိုးလုပ်သားများအတွက် လုပ်အားခ အနိမ့်ဆုံးနှုန်းထား ၄၈၀၀ ကျပ်မှ ၆၀၀၀ ကျပ်အထိ သတ်မှတ်ထားပါသည်။ သို့သော်လည်း လုပ်သားတစ်ဦးလျှင် ပျမ်းမျှလုပ်အားခနှုန်းထား တစ်ရက်လျှင် ၅၄၀၀ ကျပ်နှုန်း ရရှိမည်ဖြစ်သည့်အတွက် ကျေးရွာတစ်ရွာတွင် တစ်ရက်လျှင် လုပ်သား ၃၅ ယောက်နှုန်းဖြင့် ခန့်မှန်းအလုပ်လုပ်ရက် ရက်ပေါင်း ၃၀ ခန့်ဖြင့် လုပ်သားအင်အား ၁၁၀၀ ခန့်အတွက် အကျိုးခံစားခွင့်ရရှိစေမည် ဖြစ်ပါသည်။

Cash for Work စီမံချက်တွင် ပါဝင်ဆောင်ရွက်ရန်အတွက် လုပ်သားများရွေးချယ်ရာတွင် ပျမ်းမျှတစ်အိမ်ထောင်လျှင် တစ်ဦးနှုန်း ပါဝင်ဆောင်ရွက်နိုင်ရန် လျာထားပါသည်။ ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်သည့် လုပ်သားအင်အား လိုအပ်သည်ထက်များပြားနေပါက စီမံကိန်းအကျိုးခံစားခွင့် အိမ်ထောင်စု ရွေးချယ်ရေးစံနှုန်းများအား အသုံးပြု၍ အမှတ်ပေးကဒ်ဖြင့် ပါဝင်မည့်လုပ်သားများကို ကျေးရွာကော်မတီမှ ရွေးချယ်ပေးရမည်ဖြစ်သည်။ အခြေခံကျသော ရွေးချယ်ရေးစံနှုန်းများဖြစ်သည့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါသည်နှင့် သက်ကြီးရွယ်အိုများပါဝင်သောမိသားစု၊ ပုံမှန်အလုပ်အကိုင်မရှိသော အိမ်ထောင်စုဝင်များမှ လုပ်သားများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

ကာလတိုစီမံချက်ဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ပုံမှန်စီမံကိန်းလုပ်ငန်းစဉ်များကဲ့သို့ စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများနှင့် ကျေးရွာအဆင့်တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ရာမှ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ ပြုစုခြင်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန်တို့အတွက် ကျေးရွာများအတွင်း ဝေဖန်အကြံပြု တိုင်ကြားရေးစနစ်ကိုပါ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များအား ကျေးရွာလူထု/အများပြည်သူ သိရှိနိုင်စေရန်ရည်ရွယ်၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု စာရွက်စာတမ်းများနှင့် ပိုစတာများအား ကြော်ငြာသင်ပုန်းတွင်ကပ်၍ ချပြရှင်းလင်းသွားမည်ဖြစ်ပါသည်။

### ကြိုးပမ်းဆောင်ရွက်သွားမည်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၊ မြစိမ်းရောင်စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း အစရှိသည့် စီမံကိန်းလုပ်ငန်းများကိုလည်း နိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှရရှိသော သင်ခန်းစာများနှင့် အတွေ့အကြုံများကိုအသုံးချပြီး ယခုကိုဗစ်ကာလအတွက် Cash for Work စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသော ကိုဗစ်ကာလစီးပွားရေးကုစားမှု အစီအစဉ် Covid-19 Economic Relief Plan (CERP) အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရုံးအဆင့်ဆင့် ဌာနဝန်ထမ်းများနှင့် အရင်းအမြစ်များကို အသုံးပြု၍ ယခု Cash for Work စီမံကိန်းကို ထိရောက်အောင်မြင်မှုရှိစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပညာပေးပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်



မကွေး ဇူလိုင် ၇

မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ငါးစားသုံးခြင်းသည် ကျန်းမာရေး (အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်ရေး) အတွက် အကျိုးရှိကြောင်း ပြည်သူများသိရှိစေရန်ရည်ရွယ်၍ " COVID-19 ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး" ပညာပေးပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မကွေးမြို့ ရန်ပယ်ဈေး အရှေ့ဘက်ဝင်ပေါက်တွင် ပြုလုပ်ရာ အဆိုပါအခမ်းအနားသို့ မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒု-ခရိုင်အုပ်ချုပ်ရေးမှူး နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ပညာပေးလက်ကမ်း စာစောင်များနှင့် ငါးသယံဇာတထိန်းသိမ်းရေးပညာပေး လက်ကမ်းစာစောင်များအား ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်သူများသို့ ဖြန့်ဝေပေးသည်။ (ဓာတ်ပုံ)

မကွေးမြို့တွင် " COVID-19 ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး" ပညာပေးပိုစတာများ စိုက်ထူခြင်းကို မကွေးမြို့ ရန်ပယ်ဈေး အရှေ့ဘက်ပေါက်တွင်လည်းကောင်း၊ ပြည်တော်သာလမ်းနှင့် ဆေးရုံလမ်းထောင့်၊ ဆေးရုံကြီး မြောက်ဘက်တွင်လည်းကောင်း စိုက်ထူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၇

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်ကော်မြို့နယ်ရှိ ဝက်မွေးမြူရေးခြံတစ်ခုတွင် ဝက်နာရောဂါကျရောက်၍ ဝက်များ အများအပြားသေဆုံး

လှိုင်ကော် ဇူလိုင် ၇

**ကယားပြည်နယ် လှိုင်ကော်မြို့နယ် ကုန်သာကျေးရွာအုပ်စု ပီကင်းကောခူကျေးရွာရှိ ဝက်မွေးမြူရေးခြံတစ်ခုတွင် ဝက်နာရောဂါကျရောက်၍ ဝက်များအများအပြားသေဆုံးမှု ဖြစ်ပွားလျက်ရှိကြောင်း အဆိုပါဝက်မွေးမြူရေးခြံပိုင်ရှင် ဦးမောင်မိုင်(ခ)ဖိလစ်မျိုးဝင်းအောင်၏ ပြောကြားချက်အရ သိရသည်။**

အဆိုပါဝက်မွေးမြူရေးခြံကို လွန်ခဲ့သောသုံးနှစ်ခန့်မှ စတင်၍ ပီကင်းကောခူကျေးရွာ အနောက်ဘက် လယ်ကွင်းစပ်၌ တည်ထောင်ကာ ဒေသတွင်း အသားဖြန့်ဖြူးခြင်းနှင့် ဝက်သားပေါက် ဖြန့်ဖြူးခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း၊ ယခုနှစ်ဇွန် ၂၈ ရက်မှစတင်၍ ဝက်နာကျရောက်ပြီး နေ့စဉ်ဝက်များ အစုလိုက် အပြုံလိုက် သေဆုံးလျက်ရှိရာ ဇူလိုင် ၆ ရက်အထိ ၇၅ ကောင် သေဆုံးပြီး နောက်ထပ်လည်း သေဆုံးမှုများ ရှိလာနိုင်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဝက်နာရောဂါ ကျရောက်တတ်သော်လည်း ယခင်နှစ်များက သေဆုံးမှု နည်းပါးခဲ့ပြီး ယခုနှစ်တွင် ထူးခြားစွာသေဆုံးမှုနှုန်း မြင့်တက်လျက်ရှိကြောင်း အဆိုပါ ဝက်မွေးမြူရေးခြံပိုင်ရှင် ဦးမောင်မိုင်(ခ)ဖိလစ်မျိုးဝင်းအောင်က ပြောကြားသည်။

ထို့အပြင် အဆိုပါကျေးရွာအတွင်းရှိ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးခြံအချို့တွင်လည်း ယခုရက်ပိုင်းအတွင်း ဝက်ငါးကောင်ခန့်သေဆုံးခဲ့ကြောင်း ကျေးရွာရာအိမ်မှူး ဦးအောင်ကျော်ဌေးက ပြောသည်။

ယခုနှစ် ဧပြီလအတွင်းကစတင်၍ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ဝက်နာရောဂါကျရောက်၍ ဝက်များ သေဆုံးမှုများရှိနေခဲ့ကာ နယ်နိမိတ်ချင်း ထိစပ်ပြီး ကူးသန်းသွားလာမှုများသည့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာတွင် မေလအတွင်းမှစတင်၍ ဝက်နာရောဂါဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ မိုးဖြဲကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ပီကင်းကောခူကျေးရွာတွင် ဝက်နာရောဂါဖြစ်ပေါ်လာကြောင်း ပီကင်းကောခူကျေးရွာ ရာအိမ်မှူး ဦးအောင်ကျော်ဌေးက ပြောသည်။

ယခုအခါ အဆိုပါ ဝက်နာရောဂါဂယက်ကြောင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်တို့ ဝက်သားစားသုံးမှု လျော့ကျလျက်ရှိကာ ယခင်က ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ အထိ ပေါက်ဈေးရှိခဲ့ရာမှ ယခုအခါ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ သာ ဈေးပေါက်သော်လည်း ဝယ်ယူစားသုံးသူ နည်းပါးနေကြောင်း ဒေသခံများမှ သိရသည်။

ယခုအခါ သက်ဆိုင်ရာက ယခုဖြစ်ပေါ်နေသော ဝက်နာရောဂါကို မည်သည့်ရောဂါအမျိုးအစားဖြစ်ကြောင်းနှင့် အချိန်မီ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**




❁ *ကျော်ဖုံးမှ*

"အခုလို မန်ယူအသင်းမှာ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်လက်ရှိနေခွင့်ရတဲ့အတွက် အလွန်ပဲ စိတ်လှုပ်ရှားပါတယ်။ ပြီးတော့ ကျွန်တော်တို့အသင်းမှာ လူငယ်ကစားသမားနဲ့ အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမား မျှမျှတတ ရှိပါတယ်။ ဒါဟာ အသင်းအတွက် အရေးပါတဲ့ သော့ချက်တစ်ခုပါ။ ကျွန်တော်တို့ ကောင်းမွန်စွာ ကစားနိုင်တယ်လေ၊ နောက်ပြီး လာမယ့်နှစ်ချန်ပီယံလိဂ် ဝင်ခွင့်ရရှိအောင် ဆက်လက်ကြိုးစားသွားမယ်" ဟု ထပ်လောင်းပြောသည်။

ထို့အပြင် နည်းပြ ဆိုးလ်ရှားကလည်း "မာတစ် အနေနဲ့ မန်ယူအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုလိုက်လို့ ကျွန်တော် ပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အတွေ့အကြုံတွေ၊ ပရော်ဖက်ရှင်နယ်ပီသတဲ့ စိတ်ဓာတ်တွေ၊ ခေါင်းဆောင်နိုင်မှု အရည်အချင်းတွေက အသင်းမှာ အရည်အသွေးရှိတဲ့ လူငယ်ကစားသမားတွေအတွက် တန်ဖိုးဖြတ်လို့ မရနိုင်မှန်း ကျွန်တော်သိတယ်လေ" ဟု ပြောသည်။

မာတစ်သည် ကိုဗစ် - ၁၉ ကြောင့် ပရီမီယာလိဂ်ပွဲစဉ်များ ရပ်နားထားပြီး ပြန်လည်စတင်ယှဉ်ပြိုင်ချိန်မှစကာ မန်ယူအသင်းအတွက် အဓိက အရေးပါသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။ စပါးအသင်းနှင့် ပွဲစဉ်တွင် လူစားလဲ ဝင်ရောက်ကစားခဲ့ရသော်လည်း နောက်ဆုံး ပရီမီယာလိဂ်သုံးပွဲဆက် အနိုင်ရရှိခဲ့သည့် ပွဲစဉ်များတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ၂၇ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။ ထို့အပြင် မာတစ်သည် ချယ်လ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၁၄ ပွဲ ပါဝင်ကစားထားကာ လေးဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

မာတစ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်က စကိုင်းစပေ့ါ့နှင့် သီးသန့်အင်တာဗျူးတစ်ခုတွင် "ကျွန်တော်က လေ့ကျင့်ရေးအစီအစဉ်မှာပဲ ဖြစ်ဖြစ်၊ ပြိုင်ပွဲမှာပဲဖြစ်ဖြစ် ကွင်းထဲမှာ ကစားရတဲ့အခါတိုင်း အစွမ်းကုန်ပေးဆပ်ပြီး ပရော်ဖက်ရှင်နယ်ဖြစ်အောင် အမြဲတမ်းကြိုးစားတယ်" ဟု ပြောကြားခဲ့သည်။

**အောင်ဇော်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၆၀/၅၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၇၅/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၇ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၁ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၉ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၀၅ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၉ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၇ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၅၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၈၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၇၃၃ | ၇၇၀၇၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၇၇၀ | ၆၇၂၆၀၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၀ | ၈၁၀၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၁၇၉၀ | ၃၉၆၅၇၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀၀ | ၂၈၀၀၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၅၉ | ၁၅၆၈၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကိုဗစ်ကာလအတွင်းစိတ်ခွန်အားဖြစ်စေမည့် "လဲတိုင်းထ"သီချင်းသစ်ထွက်လာမည့် အဆိုတော် သျှီ

မြန်မာပြည် ၏ ထိပ်တန်း အမျိုးသမီး ရော့ခ် အဆိုရှင် တစ်ဦးဖြစ်သည့် အဆိုတော် သျှီကို ဂီတလောကတွင် အတွေ့ရနည်းလာပြီး ယခုအခါ ကိုဗစ်ကာလ အတွင်း အများပြည်သူ အတွက် စိတ်ခွန်အားဖြစ်စေမည့် "လဲတိုင်းထ"သီချင်းသစ်ကို လက်ဆောင်အဖြစ် ထွက်ရှိလာမည်ကြောင်း သိရသည်။

"ဒီသီချင်းလေးရဲ့နာမည်က 'လဲတိုင်းထ'ပေါ့။ ဒီသီချင်းလေးဖြစ်လာတာကတော့ ၂၀၁၄ ခုနှစ် လောက်က သျှီ ကဗျာလေးတစ်ပုဒ်ရေးဖူးတယ်။ ကဗျာကို ဝါသနာပါတော့ လဲတိုင်းထ ဆိုတဲ့ ကဗျာကို ရေးလိုက်တာ။ ပြီးတော့မှ ဂစ်တာလေးနဲ့ အသံလေးပြန်ထည့်လိုက်တော့ သီချင်းပုံစံလေး ဖြစ်လာတယ်။ ကိုယ့်ရဲ့ မိဘရယ်၊ သူငယ်ချင်းတွေရယ်ကို တီးပြတဲ့အခါမှာ သူတို့ကိုယ်တိုင်ကလည်း သူတို့ရဲ့ ရင်ထဲကို ပုံစံ ဆန်းဆန်းလေး တစ်ခုရောက်လာတယ်လို့ ပြောတယ်။ အဆိုတော်တစ်ယောက်အနေနဲ့ သီချင်းပဲ ဆိုတတ်တဲ့လူက သီချင်းရေးနိုင်မယ်လို့ မထင်ဘူးပေါ့နော်။ အခုလို သီချင်းရေးနိုင်တယ်ဆိုတော့ ပုံစံ အဆန်းလေးလည်း ဖြစ်သွားပုံရပါတယ်။ဒီတေးသီချင်းမှာ အဓိပ္ပာယ်တွေအများကြီး ရှိတယ်"ဟု သျှီက တေးသံသာ Facebook Page မှ ဗီဒီယိုဖိုင်ဖြင့် တင်ထားသည်။



အဆိုပါ တေးသီချင်းကို ကိုယ်တိုင် ရေးသားထားပြီး Mixing အနေဖြင့် Ngwe Zar ၊ Lucky Hand Band ဖြင့် တီးခတ်ထားပြီး Tay Than Thar Ex-clusive ဖြင့်တင်ပေးသွားမည်ဖြစ်သည်။

"လူတိုင်းက ဘဝဖြတ်သန်းမှု အမျိုးမျိုးရှိတယ်၊ ကိုယ်တိုင်လည်း ဖြတ်သန်းနေတဲ့ အချိန်မှာ ဖြစ်ချင်တာတွေတိုင်းက ဖြစ်လာမှာ မဟုတ်ဘူးလေ။ ဒီခရီးကို သွားနေရင်းနဲ့အကြိမ်ကြိမ်လဲရင်လည်း လဲနေရမှာပေါ့။ သျှီ ကတော့ ကံမကောင်းတတ်တဲ့သူ ဆိုတော့ ငယ်ငယ်ကတည်းက အကြိမ်ကြိမ် လဲခဲ့ရတဲ့သူပေါ့။ သျှီဖြစ်လာဖို့ ဖြတ်သန်းလာတဲ့ တစ်လျှောက်လုံးမှာ အလူးလူးအလဲလဲ ခက်ခက် ခဲခဲဖြတ်သန်းခဲ့ရတယ်။ လဲတိုင်းလည်း ပြန် ထတယ်၊ ပြေးလို့ရသလောက်လည်း ပြေးတယ်။ နောက်ဆုံးတော့ သျှီဖြစ်လာတယ်ပေါ့။ သျှီက အဆိုတော် တစ်ယောက်ဆိုပေမယ့် အဆိုတော်အဖြစ်နဲ့ မရောင့်ရဲနိုင်ပဲ သီချင်းလေး တစ်ပုဒ်လည်း ရေးဖူးချင်တယ်။ ကိုယ်ရေးလိုက်တဲ့ သီချင်းကလည်း အားလုံးအတွက် အဓိပ္ပာယ်တစ်ခု ပြည့်တဲ့ သီချင်း ဖြစ်ချင်တယ်။ အထူးသဖြင့် ခွန်အားပေးတဲ့ သီချင်းဖြစ်ချင်တယ်။ ဒီသီချင်းက ကိုယ်ကိုယ်တိုင်လည်း ခွန်အားရတဲ့သီချင်းလည်း ဖြစ်သလို ကိုယ့်ပရိသတ်တွေကိုလည်း ခွန်အားပေးချင်တဲ့ဆန္ဒနဲ့ ဒီသီချင်းလေးကို လက်ဆောင်ပေးတာပါ"ဟု ၎င်းကဆက်လက် ပြောသည်။

ကိုလင်း

# အသက်အရွယ်အရ ပရိသတ်ကျွေးသည့် ထမင်းကို မစားနိုင်တော့သည့်အကယ်ဒမီ ဒေါ်မြတ်မွန်

မိန်းကလေးအချစ်၊ ဘယ်ပန်းသာလို့ယဉ် စသည့် ရုပ်ရှင်ဇာတ်ကားများမှာ အသက် (၁၆) နှစ်သမီးအရွယ် ငယ်ရွယ်လှသွေး ကြွယ်ခဲ့သည့် မင်းသမီး အကယ်ဒမီဒေါ်မြတ်မွန်သည် "နို့ဘီလူး" ရုပ်ရှင်ဇာတ်ကားကြောင့် ပရိသတ်ပြန်လည်သတိထားမိရာကနောက်ထပ် အနုပညာကမ်းလှမ်းမှုများ ရှိသော်လည်း ယခုအခါ လေဖြတ် ဝေဒနာခံစားရပြီး သရုပ်ဆောင်မလုပ်နိုင်တော့သည့်အတွက် ပရိသတ်ကျွေးသည့်ထမင်းကိုလည်း မစားနိုင်တော့ဘူးဟု ဆိုသည်။

"လက်ရှိ ကျန်းမာရေးအခြေအနေကတော့ မကောင်းပါဘူး။ ညာဘက်တစ်ခြမ်း လေဖြတ်ထားတော့ စာလည်း မရေးနိုင်ဘူး။ ထမင်းလည်း ဘယ်ဘက်လက်နဲ့ ဇွန်းနဲ့စားရတယ်။ တစ်နေ့က ထမင်းတစ်နပ်ပဲ စားပါတယ်။ ညပိုင်းမှာ အားပြည့် ဖြည့်စွက်စာလေး စားဖြစ်ပါတယ်။ အတူနေသမီးရဲ့ အမျိုးသားက ဆရာဝန်မို့လို့အားဆေးမပြတ်ထိုးပေးနေလို့ မတ်တတ်ရပ်နိုင်ပါတယ်။ အမေက အိုဇာတာကောင်းပေမယ့် မကျန်းမာတော့ ဘာမှမလုပ်နိုင်ပါဘူး။ အမေက ပရိသတ်ကျွေးတဲ့ ထမင်းကိုစားခဲ့တယ်။ ခုချိန်မှာ ပရိသတ်က ဘယ်လောက် ထမင်းကျွေးချင်ပါတယ်ပြောပြော အမေမစားနိုင်တော့ပါဘူး။ "ဟု ၎င်းက ပြောသည်။

အကူပစ္စည်းဖြင့်သာ လမ်းလျှောက်နိုင်ပြီး သမီးဖြစ်သူ မာမာမွန်နှင့် အတူနေထိုင်ကာ တစ်လလျှင် ဆေးဖိုး ဖြည့်စွက်စာဖိုး တစ်သိန်းကျော် ကုန်ကျလျက်ရှိကြောင်း သိရသည်။ ဒေါ်မြတ်မွန်သည် ၂၀၁၅ ခုနှစ်မှ စတင်ကာ လေဖြတ်ဝေဒနာကို ခံစားလာခဲ့ရသည်။ လက်ရှိတွင် ၇၉ နှစ်အရွယ်ရှိပြီဖြစ်သည်။

ကိုလင်း



# ဖားကန့်မြေပြိုမှုတွင် သေဆုံးသွားသူများ၏ မိသားစုဝင်များအတွက် ကူညီထောက်ပံ့မှုပြုလုပ်ရန် အွန်လိုင်း ဈေးရောင်းမှုပြုလုပ်မည့် ဖိုးချစ်

မြန်မာနိုင်ငံ ဇာတ်သဘင်အစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်သည့် ဇာတ်မင်းသား ဖိုးချစ်က ပရဟိတလုပ်ငန်းတွေကို ဆောင်ရွက်နေပြီး၊ မကြာသေးမီက ဖားကန့်ဒေသ၌ ဖြစ်ပေါ်ခဲ့သော မြေပြိုမှုအတွင်း သေဆုံးသွားကြသူ များ၏ ကျန်ရှိခဲ့သည့် မိသားစုဝင်များကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ ကူညီနိုင်ရန်အတွက် စီစဉ်နေကြောင်း သိရသည်။

"ဖားကန့်မြေပြိုလို့ ထိခိုက်ခဲ့ရတဲ့ မိသားစုတွေအတွက် လှူဒါန်းဖို့ ပိုသူလှူ လိုသူကူ အွန်လိုင်း ဈေးရောင်းပွဲတော် ရက်သတ္တပတ်ကို မကြာမီပြုလုပ်ကျင်းပသွားမှာဖြစ်ပါတယ်။ကျွန်တော်တို့အနေနဲ့ ရောင်းချပေးဖို့ လျာထားတဲ့ ပစ္စည်းများကတော့-

အနယ်နယ်အရပ်ရပ်မှ မိသားစုများအတွက်-

(၁)ဇော်ဂျီမြန်မာ နှလုံးသည်းခြေဆေး
(၂) ပိုသူလှူလိုသူကူ အသင့်စားငါးရံ့ခြောက်
(၃) ပို/လို အာလူးကြော်ထုပ်
(၄) ပို/ လို အမှတ်တရအင်္ကျီများ
(၅) ပို/လို တံဆိပ် ပန်းအိုးလေးများ ( ပန်းအစစ် )
(၆) လုပ်ငန်းသုံး/အိမ်သုံး မီးသတ်ဆေးဘူးများ
(၇) ပြည်တွင်းဖြစ် ရှမ်းပြည် Green Tea စသည်ဖြင့်

ရောင်းချရန်စီစဉ်ထားပါတယ်။ ရန်ကုန်မြို့အနီးက မှာယူသူများကတော့ ဖော်ပြထားတဲ့ ပစ္စည်းများအပြင် ဈေးရောင်းပွဲတော် ရက်သတ္တပတ်အတွင်း နေ့စဉ် အနုပညာရှင်များကိုယ်တိုင်ချက်ပြုတ်တဲ့ စားသောက်ဖွယ်ရာများကို မှာယူအားပေးရင်း လှူဒါန်းနိုင်ကြမှာပဲ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ မြို့ရွှေမန်းသားဖိုးချစ် ကိုယ်တိုင်ချက်မည့် ဟင်းစာရင်းထွက်လာပါပြီ။ သီးစုံချဉ်ရည်၊ ဝက်သားကြာညို့နှပ်နှင့် ကြာဆံဟင်းခါးပါ။ နောက်ထပ် အနုပညာရှင်များ ကိုယ်တိုင် စီမံချက်ပြုတ်ရောင်းချပေးမယ့် ဟင်းစာရင်းများလည်း ထပ်မံကြေညာပေးသွားမှာ ဖြစ်ပါတယ်။ ဈေးရောင်း ပွဲတော်ရက်သတ္တပတ်အတွင်း ရွှေဘုတ်အင်ဖက်ထမင်းထုပ်များမှာယူချင်တယ်ဆိုလည်း ရပါတယ်နော်"ဟု ဆိုသည်။

စိတ်ဝင်စားပြီး ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များမှာ09 5016548, 09 967941458 တို့ဖြစ်ကြောင်း သိရသည်။

ကိုလင်း





# ပထမဆုံးဒါရိုက်တာအဖြစ် တိုင်ရွန် ကိုယ်တိုင်ရိုက်ကူးထားသော Tyron Workout Motivation Video

Tyron Workout Motivation Video အဖြစ် သရုပ်ဆောင်တိုင်ရွန်မှ ပထမဆုံးဒါရိုက်တာအဖြစ် ရိုက်ကူးထားသော ဗီဒီယိုကို မကြာမီ ပရိသတ်ကြည့်ရှုနိုင်မည်ဟုသိရပြီး၊ အဆိုပါရိုက်ကူးမှုပြုလုပ်ရန်အတွက် ခြောက်လခန့်အချိန်ယူခဲ့ရပြီး ကိုဗစ်ဖြစ်ပေါ်ခဲ့သည့်အတွက် gym ဆော့ရန်နှင့် ရိုက်ကူးရေးဆောင်ရွက်ရန် နေရာအခက်အခဲဖြစ်ပေါ်ခဲ့သည့်အတွက် အချိန်ပိုမိုကြန့်ကြာနေခဲ့ကြောင်း သိရသည်။

''အခု ကျွန်တော့်ခန္ဓာကိုယ်လေး အရမ်းကြီး ပုံမပျက်ခင် ကျွန်တော်လုပ်ချင်တဲ့ အိပ်မက်လေးကို အကောင်အထည်ဖော်လိုက်ပါတယ်။ ကျွန်တော်ပိုက်ဆံ စုပြီး ဒီဟာကို ရိုက်ကူးခဲ့တယ်။ ကျွန်တော် ဒီဗီဒီယိုလေးကို ရိုက်ကူးရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်က Action ပိုင်းကိုလည်း ဝါသနာပါတယ်။ ဒုတိယ ဝါသနာဖြစ်တဲ့ GYM ဆော့တာကိုလည်း ဝါသနာပါတယ်။ အဲ့ဒီတော့ ကျွန်တော် တတ်နိုင်သလောက်လေးလုပ်ပြချင်တယ်။ အများကြီး မတတ်နိုင်သေးရင်တောင် တတ်နိုင်သလောက်လေးနဲ့ချပြချင်တယ်ဆိုတဲ့ စိတ်ကူးလေးကို အကောင်အထည်ဖော်လိုက်တာပါ။ ဒီဗီဒီယိုလေးကို ကြည့်ရှုပြီး လူငယ်တွေအတွက် Motivation ဖြစ်စေတဲ့ စိတ်လေးတွေရသွားတယ်ဆိုရင် ကျွန်တော် ဒီဗီဒီယိုလေးကို ဖန်တီးရကျိုးနပ်ပါတယ်''ဟု သရုပ်ဆောင် တိုင်ရွန်က ပြောသည်။

သရုပ်ဆောင် တိုင်ရွန်အနေနှင့် အကောင်းဆုံးကြိုးစားထားပြီး ပထမဆုံး ဒါရိုက်တာအဖြစ် ကြိုးစားထားတာမို့ ဒီဗီဒီယိုလေး ထွက်ရှိလာရင်လည်း အဆုံးထိ ကြည့်ပြီး အားပေးကြဖို့လည်း သရုပ်ဆောင်တိုင်ရွန်က ပြောခဲ့သည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ဗစ်တိုးရီးယားနှင့် ဒေးဗစ်ဘက်ခမ်းတို့ လပေါင်းများစွာဝေးကွာနေသည့် သားဖြစ်သူနဲ့ ပြန်လည်ဆုံစည်း

ဗစ်တိုးရီးယားနှင့် ဒေးဗစ်ဘက်ခမ်းတို့ဟာ ကိုဗစ် –၁၉ ကြောင့် လပေါင်းများစွာ ကွဲကွာနေရတဲ့ သားဖြစ်သူ ဘရွတ်ကလင်းနဲ့ ပြန်လည်ဆုံစည်းခွင့် ရသွားပါပြီ။

ကိုဗစ် –၁၉ ကူးစက်မှုပြင်းထန်နေစဉ်အတွင်း ဒေးဗစ်ဘက်ခမ်းတို့ ဇနီးမောင်နှံနဲ့ သားသမီးတွေဖြစ်ကြတဲ့ ရိုမီရို၊ ခရုဇ်နဲ့ ဟက်ပါတို့ဟာ အင်္ဂလန်တောင်ပိုင်းက နေအိမ်မှာပဲ နေနေစဉ်အတွင်းမှာ သားအကြီးဆုံးဖြစ်သူ ဘရွတ်ကလင်းကတော့ နယူးယောက်မြို့မှာ ရောက်နေပါတယ်။ ဒါပေမယ့် ဗစ်တိုးရီးယားရဲ့ အင်စတာဂရမ်ပို့စ်မှာတော့ မိသားစုအားလုံးစုံစုံညီညီနဲ့ ပြန်လည်ပေါင်းစည်းနိုင်တာကို ဖော်ပြထားပါတယ်။

ဘရွတ်ကလင်းဟာ သူတစ်ယောက်တည်း ပြန်လာတာမဟုတ်ပါဘူး။ ချစ်သူမိန်းကလေးဖြစ်တဲ့ နီကိုလာကိုပါ သူနဲ့အတူ ခေါ်ဆောင်လာခဲ့တာပါ။ ဇူလိုင် ၂ ရက်ကတည်းက ဘရွတ်ကလင်းဟာ ဒေးဗစ်ဘက်ခမ်းတို့ ပိုင်ဆိုင်တဲ့ အင်္ဂလန်တောင်ပိုင်း ကော့ဝါ့ထ်မှာရှိတဲ့ နေအိမ်ကြီးဆီကို ပြန်ရောက်နေပြီလို့ ပရိသတ်တွေ ထင်ကြေးပေးခဲ့ကြပါတယ်။

ဒါပေမယ့်လည်း သေချာတော့ မသိခဲ့ကြပါဘူး။ ဗစ်တိုးရီးယားဘက်ခမ်းက ဇူလိုင် ၅ ရက်မှာ ဓာတ်ပုံတင်လိုက်တော့မှ သူတို့ မိသားစုစုံစုံညီညီနဲ့ ပြန်လည်တွေ့ဆုံခွင့်ရသွားပြီဆိုတာကို သိခွင့်ရခဲ့တာပါ။

အခုဆိုရင် ကိုဗစ်– ၁၉ ကန့်သတ်ချက်တွေလည်း ဖြေလျှော့နေပြီဖြစ်တာကြောင့် ဒေးဗစ်ဘက်ခမ်းတို့မိသားစု လန်ဒန်ကို ပြန်ပြောင်းလာလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်။

**ဟယ်လို**



ဒေးဗစ်ဘက်ခမ်းတို့ မိသားစုကို စုံစုံညီညီတွေ့ရစဉ်။

## ဘရော့ဝေးကြယ်ပွင့် နစ်ကော်ဒဲရို ကိုဗစ် - ၁၉ ကြောင့် သေဆုံး

ဘရော့ဝေး ဇာတ်စင်မြင့်ပေါ်က ကြယ်ပွင့် နစ်ကော်ဒဲရိုဟာ ကိုဗစ် –၁၉ ကူးစက်ခံရပြီးနောက် အသက် ၄၁ နှစ် အရွယ်မှာပဲ သေဆုံးသွားပြီလို့ သိရပါတယ်။ ကော်ဒဲရို ဟာ သုံးလကျော်ကြာ ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရပြီး ကိုဗစ်– ၁၉ကို အရင်းပြုပြီး ထပ်တိုးလာတဲ့ရောဂါတွေကို ရင်ဆိုင်ခဲ့ရပါတယ်။

နောက်ဆုံးမှာတော့သူဟာ လော့စ်အိန်ဂျလိစ်မြို့က ဆေးဝါးကုသရေးစင်တာမှာပဲ အသက်ဆုံးရှုံးသွားပါတယ်။ ဇူလိုင် ၅ ရက်က ကွယ်လွန်ခဲ့တာဖြစ်ပြီးသူ ကွယ်လွန်ချိန်မှာတော့ မိသားစုဝင်တွေဟာ သူ့ရဲ့ဘေးနားမှာ ရှိနေပေးခဲ့ကြပါတယ်။ သူဟာ မတ်လနှောင်းပိုင်းကတည်းက ကိုဗစ် –၁၉ ကူးစက်ခံခဲ့ရတာဖြစ်ပြီး အထူးကြပ်မတ်ကုသဆောင်မှာ အသက်ရှူအထောက်အကူပြု ကိရိယာတပ်ဆင်ထားရတဲ့အထိ အခြေအနေဆိုးရွားခဲ့ပါတယ်။

ဇနီးသည်ဖြစ်သူ အမန်ဒါကတော့ ခင်ပွန်းသည်သေဆုံးသွားတာကို မယုံကြည်နိုင်သေးသလို ရှေ့ဆက်ပြီး ဘယ်လိုရှင်သန်သွားရမယ်ဆိုတာ မသိဘူးလို့ ပြောခဲ့ပါတယ်။

ကော်ဒဲရိုဟာ အနုပညာလုပ်ငန်းအတွက် ကယ်လီဖိုးနီးယားကို မိသားစုလိုက် ပြောင်းရွှေ့လာသူဖြစ်ပြီး ဘရော့ဝေးကဇာတ်ရုံအတွင်း အကောင်းဆုံးထူးချွန်ဆုဖြစ်သည့် တိုနီဆုအတွက်လည်း ဆန်ခါတင်စာရင်းဝင်သူ တစ်ယောက်ဖြစ်တယ်လို့ သိရပါတယ်။

**စကိုင်းနယူးစ်**



နစ်ကော်ဒဲရို၊ ဇနီးဖြစ်သူ အမန်ဒါနှင့် သားဖြစ်သူ အဲဗစ်တို့ကို တွေ့ရစဉ်။

(မြိုး)

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂၇)

# ဖမ်းဆီးခြင်းအကြောင်း (အဆက်)



### ဦးဟန်ညွှန့် (ဥပဒေ)

**ဗဟုသုတဖတ်ဖွယ်**

"ဖမ်းဆီးခြင်းအကြောင်း ဆောင်းပါးကို ဖတ်ရပါတယ်ဆရာကြီး။ ကျွန်တော်တို့ သိသင့် သိထိုက်တာတွေရေးပေးလို့ ကျေးဇူးတင်ပါတယ်။ ဆရာကြီးရဲ့ ဆောင်းပါးထဲမှ ဗဟုသုတဖြစ်ဖွယ် စာအုပ်တစ်အုပ်ကို ရည်ညွှန်းထားတာ တွေ့ပါတယ်။ အဲဒီစာအုပ်အကြောင်းကိုလည်း မိတ်ဆက်ပေးပါဦး ဆရာကြီး" ဟု အလုပ်သင်ရှေ့နေ မောင်ပျှင်းရိက ဆိုလာပြန်ပါသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**စာအုပ်**

ကျွန်တော်ရည်ညွှန်းကိုးကားခဲ့သော ဥပဒေဗဟုသုတဖြစ်ဖွယ် စာအုပ်မှာ စာရေးဆရာကြင်ဦးလူ (ရဲမှူးကျောင်းယုနိုင်–ငြိမ်း) ရေးသော "ဖမ်းဆီးခြင်း သိမှတ်စရာအချက် ၁၀၀" စာအုပ်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် 100 knowledges Relating to ARREST under Criminal Procedure Code by KYIN OO LU ဖြစ်ပါသည်။

**အမည်အပြည့်အစုံ**

စာအုပ်အမည်အပြည့်အစုံမှာ တရားဥပဒေနှင့်အညီ တစ်စုံတစ်ယောက်၏ လွတ်လပ်ခွင့်ကို ဆုံးရှုံးစေခြင်း(သို့မဟုတ်) ဖမ်းဆီးခြင်း သိမှတ်စရာအချက် ၁၀၀ ဖြစ်ပါသည်။ ရန်ကုန်မြို့ ခုနစ်စဉ်ကြယ်စာပေတိုက်က ၂၀၁၄ အောက်တိုဘာလတွင် ထုတ်ဝေပါသည်။

**မာတိကာ**

အောက်ပါအကြောင်းအရာများ ပါဝင်ပါသည်–

( ၁ ) တရားဥပဒေနှင့်အညီ တစ်စုံတစ်ယောက်၏ လွတ်လပ်ခွင့်ကို ဆုံးရှုံးစေခြင်း (သို့) ဖမ်းဆီးခြင်းနိဒါန်း
( ၂ ) ဖမ်းဆီးခြင်းဝေါဟာရအဓိပ္ပာယ်
( ၃ ) ဖမ်းဆီးခြင်းဆိုင်ရာ ယေဘုယျလုပ်ထုံးများ
( ၄ ) ဖမ်းဆီးပြီးနောက် ဆောင်ရွက်ရမည့်လုပ်ထုံးများ
( ၅ ) ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း
( ၆ ) ရဲက ကြိုတင်ကာကွယ်ဖမ်းဆီးခြင်း
( ၇ ) သာမန်အရပ်သား ပြည်သူတစ်ဦးက ဖမ်းဆီးခြင်း
( ၈ ) ဖမ်းဆီးရမိသူအား ချုပ်နှောင်ခြင်း
( ၉ ) ဝရမ်းဖြင့်ဖမ်းဆီးခြင်း
(၁၀) ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့်ပြစ်မှုများ
(၁၁) ဖမ်းဆီးခြင်းနှင့် ရဲတပ်ဖွဲ့ဝင်တို့၏တာဝန်များ အနှစ်ချုပ်သုံးသပ်ချက်

**အရေးကြီးသောလုပ်ငန်းတစ်ရပ်**

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကျသည့် လုပ်ငန်းရပ်များစွာရှိသည့်အနက် အရေးကြီးသော လုပ်ငန်းတစ်ရပ်မှာ **ဖမ်းဆီးခြင်း**ပင်ဖြစ်သည်။ အထူးသဖြင့် မှုခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း (Prevention of Crime)၊ ဖြစ်ပွားသော မှုခင်းများအား စုံစမ်းထောက်လှမ်းခြင်း (Investigation of Crime)၊ ပြစ်မှုများကို စစ်ဆေးစီရင်ခြင်း (Trial of Offence) တို့တွင် ဖမ်းဆီးခြင်းသည် မလွဲမသွေ ဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်ဆင့် တစ်ရပ်ဖြစ်ကြောင်း စာရေးဆရာ ကြင်ဦးလူက ရေးသားတင်ပြထားသည်။

**ဖမ်းဆီးခြင်း၏ အနက်အဓိပ္ပာယ်**

"ဖမ်းဆီးခြင်းအဓိပ္ပာယ်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေတို့တွင် သီးခြားအနက်အဓိပ္ပာယ် ဖွင့်ဆိုပြဋ္ဌာန်းထားခြင်း မရှိသော်လည်း ဥပဒေအဘိဓာန် (Legal Dictionary ) များ၊ အင်တာနက်ဝက်ဘ်ဆိုက် (Internet Website ) များ၊ ပညာစွယ်စုံကျမ်း (Encyclopedia) များတွင် အမျိုးမျိုးသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တွေ့ရှိရမည်" ဟု သုံးသပ်ရေးသားထားသည်။

**ဖမ်းဆီးခြင်း**သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အခြေခံရပိုင်ခွင့်ဖြစ်သော လွတ်လပ်မှု အခွင့်အရေးများကို တရားဥပဒေနှင့်အညီ အခွင့်အာဏာရှိသူက ရုပ်သိမ်းကန့်သတ်လိုက်ခြင်းပင် ဖြစ်၏။ သို့ဖြစ်၍ လူ့အခွင့်အရေးစောင့်ကြည့်သူများ၊ နိုင်ငံသားအခွင့်အရေး ကာကွယ်စောင့်ရှောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေး လိုလားသူများအနေဖြင့်လည်း တရားဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စိစစ်အကဲဖြတ်နိုင်ရေးအတွက် ဖမ်းဆီးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာရန်လိုအပ်ကြောင်းပါ ဖော်ပြထားလေသည်။

**ပြန်လည်ရုပ်သိမ်းကန့်သတ်ခြင်း**

ဖမ်းဆီးခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်စီရရှိပိုင်ဆိုင်အပ်သော လွတ်လပ်မှုအခွင့်အရေးနှင့် ယင်းအခွင့်အရေးကို " တရားဥပဒေနှင့်အညီ ပြန်လည်ရုပ်သိမ်းကန့်သတ်ခြင်း" တို့အကြားမှ "ပါးလွှာသော မျဉ်းတစ်ကြောင်း" ဖြစ်သည်ဟု တင်စားခေါ်ဝေါ်နိုင်မည်ဖြစ်သည်။

အမှန်စင်စစ်အားဖြင့်လည်း ဖမ်းဆီးခြင်းသည် ပါးလွှာသော မျဉ်းတစ်ကြောင်းပမာ တင်စားချက်နှင့်အညီ တစ်ဖက်ဖက်သို့ တိမ်းစောင်းကျရောက်လွယ်သော သဘောမျိုးကို မကြာခဏ တွေ့ရှိရပေလိမ့်မည်။ ဖမ်းဆီးထိုက်သူကို ဖမ်းဆီးရန် ပျက်ကွက်ခြင်းနှင့် မဖမ်းဆီးသင့်သူကို မတရားချုပ်နှောင်ထားခြင်းတို့သည်လည်းကောင်း၊ ယင်းအစွန်းနှစ်ဖက်ကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဥပဒေအရ ပြစ်မှုဖြစ်ပွားခြင်းများသည်လည်းကောင်း၊ ယင်းဥပမာကို ထင်ရှားစေသော သာဓကများပင် ဖြစ်ပေသည်။

**ရဲအရာရှိ၏ ဆင်ခြင်တုံတရား**

ဖမ်းဆီးခြင်း ဆောင်ရွက်ရာတွင် ဝရမ်းမပါဘဲ ဖမ်းဆီးပိုင်ခွင့်ရှိသူ ရဲအရာရှိ၏ ဆင်ခြင်တုံတရားမှာလည်း လွန်စွာအရေးပါကြောင်း တွေ့ရှိရပေလိမ့်မည်။

ဥပမာအားဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄ (၁) ပထမပိုဒ်တွင် ကျိုးကြောင်းဆီလျော်စွာ တိုင်ကြားခြင်းခံရသူ ( Reasonable Complaint)၊ ယုံကြည်လောက်အောင် သတင်းပေးခြင်းခံရသူ (Credible Information)၊ ယုတ္တိတန်စွာ မသင်္ကာဖွယ်ရာဖြစ်သူ (Reasonable Supspicion) ဟူသော စကားရပ်များမှာ ဖမ်းဆီးသူအရာရှိ၏ ဆင်ခြင်တုံတရားဖြင့်သာ ဆုံးဖြတ်ဆောင်ရွက်ရမည့် အခြေအနေကို ညွှန်းဆိုခြင်းဖြစ်သည်။

**ဆင်ခြင်တုံတရား**

ဆင်ခြင်တုံတရားဆိုသည်မှာ စူးစမ်းမေးမြန်းချင့်ချိန်ရန် ဆုံးဖြတ်ခြင်း ဖြစ်ပေသည်။ ထိုသို့ ချင့်ချိန်ဆုံးဖြတ်ရန်အတွက် ဥပဒေအသိပညာနှင့် လုပ်ထုံးများပိုင်နိုင်ကျွမ်းကျင်ဖို့ အထူးလိုအပ်ပေလိမ့်မည်။ ဥပဒေပြဋ္ဌာန်းချက်များကို အခြေပြုပြီး မိမိဉာဏ် အမြော်အမြင်နှင့် စိစစ်သုံးသပ်ဆုံးဖြတ်နိုင်မှသာ တရားဥပဒေက လိုလားသော ဆင်ခြင်တုံတရား ဖြစ်လာနိုင်ကြောင်း စာရေးဆရာ ကြင်ဦးလူက တင်ပြရေးသားထားသည်။

**သာမန်အရပ်သား**

ရဲတပ်ဖွဲ့ဝင်များသာမက သာမန်အရပ်သားပြည်သူတို့ကိုလည်း ဝရမ်းမပါဘဲ ဖမ်းဆီးပိုင်ခွင့်အာဏာ အပ်နှင်းထားသည်။ အထူးသဖြင့် ရဲအရေးပိုင်မှုဖြစ်ပြီး အာမခံမပေးနိုင်သောအမှုများ (တစ်နည်းအားဖြင့်) အမှုကြီးများကို မိမိရှေ့မှောက်၌ ကျူးလွန်သူတို့ကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း ကြေညာခြင်းခံရသူတို့ကိုလည်းကောင်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ခွင့်အပ်နှင်းထားခြင်း ဖြစ်ပါသည်။ ထိုသို့အပ်နှင်းထားခြင်းမှာ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူလူထုအနေဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်စေရေး လမ်းဖွင့်ပေးထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွင် လူထုအင်အားမပါဘဲ ပြည့်စုံအောင်မြင်နိုင်မှုမရှိဟူသော သဘောတရားကို ဥပဒေကဖော်ညွှန်းနေခြင်း ဖြစ်ပေသည်။

**မတရားဖမ်းဆီးချုပ်နှောင်ထားမှု**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ တွင်–

မတရားဖမ်းဆီးချုပ်နှောင်ထားမှု (Wrongful Confinement) ၏ အဓိပ္ပာယ်ကို ဖော်ပြထားရာ–

"မည်သူမဆို တစ်ဦးတစ်ယောက်သောသူကို ပိုင်းခြားသတ်မှတ်ထားသော နေရာမှအခြားသို့ မသွားမလာရအောင်တားဆီးရန်၊ မတရားတားဆီးကန့်ကွက်လျှင် တားဆီးကန့်ကွက်သူသည် ထိုသူကို မတရားချုပ်နှောင်ထားသည်မည်၏" ဟူ၍ ဖွင့်ဆိုထားသည်။

**အဘိဓာန်အမျိုးမျိုး**

ဖမ်းဆီးခြင်း၏အနက်အဓိပ္ပာယ်ကို စာရေးဆရာ ကြင်ဦးလူက Websters New World Law Dictionary; Oxford Dictionary; Encyclopedia Britannica; The Concise Universal Encyclopedia တို့ကို ကိုးကား၍ အဓိပ္ပာယ်ဖွင့် ရေးသားထားပါသည်။ ဖမ်းဆီးခြင်း၏အကြောင်း သိရှိလိုသော အလုပ်သင်ရှေ့နေမောင်ပျှင်းရိတို့အနေဖြင့် မပျင်းမရိ ရှာဖွေလေ့လာဖတ်ရှုကြပါ–––။ ဖတ်ရှုပြီးလျှင်လည်း "အချင်းချင်း ဆွေးနွေးကြပါ။ ဝေဖန်ကြပါ" ဟု တိုက်တွန်းအကြံပြုလိုက်ပါသည်။

**တနင်္ဂနွေနေ့တွင်ဖမ်းဆီးခြင်း**

ဖမ်းဆီးမှုကို တနင်္ဂနွေနေ့အပါအဝင် ရုံးပိတ်ရက်များမှာ ဆောင်ရွက်ပါက ဥပဒေနှင့်မညီကြောင်း စွပ်စွဲပြောဆိုမှုများအပေါ် လက်မခံသင့်ကြောင်း၊ အမှန်မှာ ဖမ်းဆီးခြင်းသည် တရားခံ သို့မဟုတ် စွပ်စွဲခံရသူထွက်ပြေးလွတ်မြောက်မှုမရှိစေရေးနှင့် မှုခင်းစုံစမ်းထောက်လှမ်းဖော်ထုတ်မှုတို့အတွက် အရေးကြီးလျှင် ကြီးသလို တနင်္ဂနွေအပါအဝင် ရုံးပိတ်ရက်များတွင်လည်း ဖမ်းဆီးနိုင်ကြောင်း ရည်ညွှန်းအကိုးအကားဖြင့် စာရေးဆရာ ကြင်ဦးလူက တင်ပြထားပေသေးသည်။

**အကိုးအကားဆက်စပ်လေ့လာ**

ဖမ်းဆီးခြင်း၏အဓိပ္ပာယ်၊ ရှောင်ရန်၊ ဆောင်ရန် စသည့်ဥပဒေ ဗဟုသုတအဖြာဖြာ ပြည့်စုံစေဖို့ ရည်ညွှန်းကျမ်းများကိုပါ အကိုးအကားပြု ဆက်စပ်လေ့လာအပ်ပါသည်။ အဓိကကျမ်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေ ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ရဲလက်စွဲအပါအဝင် ထင်ရှားသော ဥပဒေကျမ်းပြုဆရာများ၏ ဥပဒေစာအုပ်များ၊ စီရင်ထုံးများကိုလည်း မမေ့မလျော့ ဆက်စပ်လေ့လာကြဖို့ လိုအပ်ပါမည်။ ဥပဒေနယ်ပယ် ကျယ်ဝန်းလှပေသည်။

**စေတနာ**

ဖမ်းဆီးခြင်းအကြောင်း ဥပဒေဗဟုသုတမေးမြန်းခဲ့သော အလုပ်သင်ရှေ့နေမောင်ပျှင်းရိ၏ မေးခွန်းကို ဖြေဆိုရန် တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# ဝန်ထမ်းနှောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း (၆)**

**တာဝန်မှရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း**

၂၁။ ဝန်ကြီးဌာနသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့် ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦးဦးကို တာဝန်မှ ရပ်စဲနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြရမည် –
- ( က ) ကွယ်လွန်ခြင်း၊ သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း၊
- ( ခ ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းတာဝန် ဆက်လက် မထမ်းဆောင်နိုင်ခြင်း၊
- ( ဂ ) ခိုင်လုံသောအကြောင်းမရှိဘဲ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို တစ်ဆက်တည်း သုံးကြိမ် တက်ရောက်ရန် ပျက်ကွက်ခြင်း၊
- ( ဃ ) ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်လုပ်ကိုင်ခြင်း၊
- ( င ) ရာဇဝတ်ကြောင်းအရ တရားရုံးတစ်ခုခုတွင် တရားစွဲဆိုခံရ၍ ထောင်ဒဏ်ချမှတ်ခံရခြင်း၊
- ( စ ) ပုဒ်မ ၅ ပါ အရည်အချင်းတစ်ရပ်ရပ် ပျက်ယွင်းခြင်း။

၂၂။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာနက ပုဒ်မ ၂၁ အရ တင်ပြသည့် ဒါရိုက်တာအဖွဲ့ဝင်ကို တာဝန်မှ ရပ်စဲရမည်။

၂၃။ အစိုးရအဖွဲ့သည် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကို တာဝန်မှ ရပ်စဲခြင်းကြောင့်ဖြစ်စေ၊ ဆန္ဒအလျောက် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ လစ်လပ်သည့်အခါ ဒါရိုက်တာအဖွဲ့ဝင်အသစ်ကို အစားထိုးခန့်အပ်ရမည်။

၂၄။ ( က ) ဒါရိုက်တာအဖွဲ့ဝင်သည် မိမိသက်တမ်းအတွင်း နုတ်ထွက်လိုပါက ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ကိုရယူပြီး ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။
- ( ခ ) နုတ်ထွက်မည့် ဒါရိုက်တာအဖွဲ့ဝင်သည် ဒါရိုက်တာအဖွဲ့ဝင်အသစ် အစားထိုးခန့်အပ်ပြီးချိန်အထိ မိမိတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

**အခန်း(၇)**

**ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၂၅။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–
- ( က ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
- ( ခ ) ဗဟိုရန်ပုံငွေဆိုင်ရာ မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊
- ( ဂ ) ဗဟိုရန်ပုံငွေ တိုးတက်မှုကို ဖြစ်ပေါ်စေမည့် ငွေချေးသက်သေခံလက်မှတ်များ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ အစုရှယ်ယာများ၊ ငွေစုလက်မှတ်များဝယ်ယူခြင်း၊ ငွေစုဆောင်းခြင်း၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ငွေရေးကြေးရေး မဟုတ်သော အဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊
- ( ဃ ) ပြည်တွင်း၊ ပြည်ပတွင် သင့်လျော်သည့် အခြားရင်းနှီးမြှုပ်နှံမှုများအား ရှာဖွေဖော်ထုတ် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
- ( င ) ထည့်ဝင်ထားသည့် ရန်ပုံငွေအသီးသီးအတွက် အကျိုးခံစားခွင့်နှုန်းထားများအား ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
- ( စ ) ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဗဟိုရန်ပုံငွေတိုးတက်လာမှုအပေါ်မူတည်၍ ဗဟိုရန်ပုံငွေအဖွဲ့ဝင်များ၏ အကျိုးခံစားခွင့်များကို တိုးမြှင့်ပြင်ဆင် ခံစားခွင့်ပြုခြင်း၊
- ( ဆ ) မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
- ( ဇ ) ဒါရိုက်တာအဖွဲ့အစည်းအဝေးကို အနည်းဆုံး နှစ်လတစ်ကြိမ် ကျင်းပ၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊
- ( ဈ ) ပုဂ္ဂလိကကဏ္ဍရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဗဟိုရန်ပုံငွေ ထူထောင်ခွင့်ပြုခြင်း၊ အားပေးခြင်း၊
- ( ည ) ပုဒ်မခွဲ (ဈ) အရ ထူထောင်သည့် ရန်ပုံငွေများကို အတွင်းရေးမှူးရုံးက ကြီးကြပ်ကွပ်ကဲနိုင်ရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊
- ( ဋ ) ဗဟိုရန်ပုံငွေစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်စေခြင်း၊ တွေ့ရှိချက်များကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊
- ( ဌ ) ဤဥပဒေပါ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ငွေရေးကြေးရေး လက်လှမ်းမီမှု (Financial Inclusion)၊ ဒီဂျစ်တယ်ငွေကြေး ဝန်ဆောင်မှု (Digital Financing)၊ မိုလ်ဘိုင်းဖုန်းဖြင့် ဘဏ်ဝန်ဆောင်မှု (Mobile Banking) များကို ဗဟိုရန်ပုံငွေအဖွဲ့ဝင်များ အသုံးပြုနိုင်ရန် အားပေးကူညီခြင်း၊
- ( ဍ ) ဗဟိုရန်ပုံငွေနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်း တစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍ စစ်မေးခြင်း၊ လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်း၊
- ( ဎ ) အငြိမ်းစားအကျိုးခံစားခွင့်ကို လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊
- ( ဏ ) ဗဟိုရန်ပုံငွေနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၆။ ဥက္ကဋ္ဌသည် –
- ( က ) ပြည်ထောင်စုဝန်ကြီးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်၊
- ( ခ ) သဘောတူစာချုပ်များ၊ စာချုပ်စာတမ်းများ၊ သို့မဟုတ် နားလည်မှုစာချွန်လွှာများကို သတ်မှတ်ချက်နှင့်အညီ ဒါရိုက်တာအဖွဲ့ကိုယ်စား လက်မှတ်ရေးထိုးခွင့်ရှိသည်၊
- ( ဂ ) ပင်စင်ဦးစီးဌာန၏ ငွေကြေးသုံးစွဲမှု၊ ပေးချေမှုစနစ်နှင့် လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တို့ကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာရေးဆွဲနိုင်စေရန် ဦးဆောင်ရမည်၊
- ( ဃ ) ဗဟိုရန်ပုံငွေတိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ရန်ပုံငွေစီမံခန့်ခွဲရေးလုပ်ငန်းများကို လေ့လာကျင့်သုံး ဆောင်ရွက်ခြင်းနှင့် အကျိုးရှိ ထိရောက်စွာ လည်ပတ်နိုင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အကဲဖြတ်လမ်းညွှန်မှု ပြုရမည်၊
- ( င ) ဗဟိုရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပရှိ အကျိုးသက်ဆိုင်သူများနှင့် ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှုဖြစ်စေရန် လမ်းညွှန်မှုပြုရမည်၊
- ( စ ) အငြိမ်းစားအကျိုးခံစားခွင့်များ ခံစားခွင့်ပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့ အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်၊
- ( ဆ ) ဗဟိုရန်ပုံငွေအဖွဲ့ဝင်က ပေးပို့သည့် အကြံပြုချက်၊ ဝေဖန်ထောက်ပြချက်များနှင့် တိုင်ကြားမှုကို သတ်မှတ်ချက်နှင့်အညီ စိစစ်သုံးသပ် စုံစမ်းစစ်ဆေးနိုင်ရန် အတွင်းရေးမှူးရုံးသို့ လမ်းညွှန်မှုပြုရမည်၊
- ( ဇ ) လိုအပ်ပါက ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်၊
- ( ဈ ) ပုဒ်မခွဲ (ခ) ပါ မိမိ၏ လုပ်ပိုင်ခွင့်ကို ဒါရိုက်တာအဖွဲ့ဝင် အများစု၏ သဘောတူ ဆုံးဖြတ်ချက်ဖြင့် အတွင်းရေးမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

**အခန်း(၈)**

**အတွင်းရေးမှူးရုံး၏လုပ်ငန်းတာဝန်များ**

၂၇။ အတွင်းရေးမှူးရုံးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် –
- ( က ) ဤဥပဒေနှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပေးပို့သည့် နှစ်စဉ် ခန့်ထားမည့် ဝန်ထမ်းစာရင်း ပြုစုခြင်း၊
- ( ခ ) အမှန်ခန့်ထားမည့် ဝန်ထမ်းစာရင်းနှင့် ဗဟိုရန်ပုံငွေအဖွဲ့ဝင် စာရင်းတို့အရ နိုင်ငံတော် ဘဏ္ဍာမှ ထည့်ဝင်ရမည့် နိုင်ငံတော် ထည့်ဝင်ကြေး လျာထားချက်အား နှစ်စဉ်ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊
- ( ဂ ) ခွင့်ပြုချက်ရရှိသည့် နိုင်ငံတော်ထည့်ဝင်ကြေးကို ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ ငွေစာရင်းသို့ လစဉ် ထည့်သွင်းခြင်း၊
- ( ဃ ) ပြည်တွင်း၊ ပြည်ပဘဏ်များတွင် ရန်ပုံငွေစာရင်းများ ဖွင့်လှစ်ခြင်း၊
- ( င ) ငွေချေးသက်သေခံ လက်မှတ်များ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ အစု ရှယ်ယာများ၊ ငွေစုလက်မှတ်များ ဝယ်ယူခြင်း၊ ငွေစုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊
- ( စ ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေး မဟုတ်သော အဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊
- ( ဆ ) ပြည်တွင်း၊ ပြည်ပတွင် သင့်လျော်သည့် အခြားရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊
- ( ဇ ) ဗဟိုရန်ပုံငွေစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှု အစီအစဉ်များ၊ စီမံချက်များချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တွေ့ရှိချက်များကို ဒါရိုက်တာအဖွဲ့သို့ တင်ပြခြင်း၊
- ( ဈ ) ဗဟိုရန်ပုံငွေ တိုးပွားရေးအတွက် ရန်ပုံငွေ ရေရှည်တည်တံ့ခိုင်မာစေမည့် ဆန်းစစ်လေ့လာစိစစ်သုံးသပ်မှုများကို ပြုလုပ်တင်ပြခြင်း၊
- ( ည ) ပင်စင်ဦးစီးဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်၍ လူ့စွမ်းအားအရင်းအမြစ် ထိန်းသိမ်းနိုင်ရေးအတွက် ဗဟိုရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း၊
- ( ဋ ) ဗဟိုရန်ပုံငွေအဖွဲ့ဝင်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆက်ဆံဆက်သွယ်ဆောင်ရွက်ရေးဗဟိုဌာန (Customer Relations and Communication Centre) ထူထောင်ခြင်း၊ မီဒီယာမှတစ်ဆင့် အသိပညာပေးခြင်း၊ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊
- ( ဌ ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဆ) အရ ဖွဲ့စည်းသည့် ကော်မတီတွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ကော်မတီဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပင်စင်ဦးစီးဌာန၏ အသုံးစရိတ်မှ သတ်မှတ်ကျခံခြင်း၊
- ( ဍ ) ဝန်ထမ်းထည့်ဝင်ကြေးကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်စေခြင်း၊ စာရင်းပြုစုခြင်း၊ ထုတ်ပြန်ခြင်းတို့အတွက် ဗဟိုအချက်အလက် ထိန်းသိမ်းရေးဌာနခွဲ (Central Record Keeping Division) အဖြစ် ဆောင်ရွက်ခြင်း၊
- ( ဎ ) ဗဟိုရန်ပုံငွေဆိုင်ရာစီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လက်ကျန်ရှင်းတမ်းဆိုင်ရာ စာရင်းအချက်အလက်များ စုဆောင်းခြင်း၊ တွက်ချက်ခြင်း၊ ထုတ်ပြန်ခြင်း ပြုနိုင်ရန် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် ထူထောင်ခြင်း၊
- ( ဏ ) ဗဟိုရန်ပုံငွေနှင့် စပ်လျဉ်း၍ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များမှတစ်ပါး ထုတ်ပြန်သင့်သည့် စာရင်းအချက်အလက်ကို ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- ( တ ) ဝန်ထမ်းထည့်ဝင်ကြေး ထည့်ဝင်ရန် ပျက်ကွက်သူကို လည်းကောင်း၊ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)၊ အရ ထည့်ဝင်ကြေး ထည့်ဝင်ရန် ပျက်ကွက်သူကိုလည်းကောင်း၊ သတ်မှတ်ချက်နှင့်အညီ အရေးယူဆောင်ရွက်ခြင်းနှင့် မိမိ၏ဆောင်ရွက်ချက်ကို ဒါရိုက်တာအဖွဲ့သို့ တင်ပြခြင်း၊
- ( ထ ) အငြိမ်းစားအကျိုးခံစားခွင့်အပြင် အခြားအကျိုးခံစားခွင့်များ ရရှိရေးအတွက် သီးခြားရန်ပုံငွေ ထူထောင်ခြင်း၊
- ( ဒ ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဈ) အရ ထူထောင်သည့် ရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊
- ( ဓ ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဌ) ပါ ဝန်ဆောင်မှုကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

၂၈။ အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–
- ( က ) ဒါရိုက်တာအဖွဲ့က ချမှတ်သော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊
- ( ခ ) ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အတွင်းရေးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များကို ညွှန်ကြားခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
- ( ဂ ) ဒါရိုက်တာအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- ( ဃ ) အတွင်းရေးမှူးရုံး၏ ဆောင်ရွက်ချက်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တင်ပြခြင်း၊
- ( င ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဍ) အရ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်းနှင့် ယင်းဆောင်ရွက်ချက်ကို ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်းနှင့် သက်ဆိုင်ရာ ဗဟိုရန်ပုံငွေအဖွဲ့ဝင်ထံ သတ်မှတ်ချက်နှင့်အညီ ပြန်ကြားခြင်း၊
- ( စ ) ဗဟိုရန်ပုံငွေ တိုးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံချက်များကို စိစစ်ခြင်း၊ စွန့်စားရမှုများကို စီမံခန့်ခွဲခြင်းနှင့် အရင်းအနှီးစီးဝင်မှု၊ စီးထွက်မှုများနှင့် စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့သို့ စိစစ်တင်ပြခြင်း။

၂၉။ အတွင်းရေးမှူးသည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌအား တာဝန်ခံရမည်။

**အခန်း(၉)**

**ဗဟိုရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၃၀။ ဒါရိုက်တာအဖွဲ့သည် ဗဟိုရန်ပုံငွေကို နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးများဖြင့် ထူထောင်ရမည်။

၃၁။ ပင်စင်ဦးစီးဌာနသည် ကနဦးနိုင်ငံတော်ထည့်ဝင်ကြေးကို ဗဟိုရန်ပုံငွေ ထူထောင်သည့် ဘဏ္ဍာရေးနှစ်မှ စတင်၍ ထည့်ဝင်ရမည်။

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေနှင့် သက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော် ထည့်ဝင်ကြေးကို ဝန်ထမ်းတာဝန်ထမ်းဆောင်သည့် ကာလပတ်လုံး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်လျာထား၍ လစဉ်ထည့်ဝင်ရမည်။

၃၃။ ဤဥပဒေနှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ လက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းသည် ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ထမ်း၏ ဝန်ထမ်းထည့်ဝင်ကြေးကို ငွေထုတ်သူအရာရှိမှ တစ်ဆင့်ကောက်ခံ၍ ဗဟိုရန်ပုံငွေထဲသို့ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

သို့ပါ၍ တရားဝင်မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီးသည့် ဤ S.T စားသောက်ကုန်နှင့် စားသောက်ဆိုင်ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေမည့် ကုန်အမှတ်တံဆိပ်ကို တုပကူးယူ၍ စားသောက်ကုန်နှင့် စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချနေသူများအား တွေ့ရှိပါက အတုအပပြုလုပ်ခြင်းအတွက်လည်းကောင်း၊ မိမိအကျိုးစီးပွားနစ်နာစေမှုအတွက်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာတရားရုံးများတွင် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲကျော်နိုင် (LL.B,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၇၄/၂၆-၃-၂၀၁၄)**
**၃/၂၃၊ အောင်သပြေလမ်း၊ ရပ်ကွက်(၈)၊ လားရှိုးမြို့၊ ဖုန်း-၀၉-၅၂၆၁၁၈၃**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၃ (အောင်ဆန်းလမ်း)နှင့် ၁၂၄ (အနော်ရထာလမ်း)ကြား၊ (၅၄X၅၅)လမ်းကြားနေ ဦးဝင်းမွန် (ဘ)ဦးတင်ထွန်း ၉/ပကခ(နိုင်)၀၀၇၉၄၇ မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ်- ၁၄၅၈/၂၀၂၀**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးဝင်းမွန်မှ မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂၂)၊ ဦးပိုင်အမှတ် (၅၆)ရှိ အိမ်ဝိုင်းအတွင်းရှိသော အစာကြေဆေးလုံးနှင့် တိုင်းရင်းဆေးအမျိုးမျိုး ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းတွင် အသုံးပြုသော ဂျက်ဘူးများ၊ စက္ကူအိတ်များ အစရှိသော ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့တွင်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တွယ်ကပ်၍ ကပ်နှိပ်၍ ရိုက်နှိပ်၍၊ ဖိနှိပ်၍ အသုံးပြုသွားမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားအစီအစဉ်၊ အင်တာနက်အွန်လိုင်း (ဖေ့ဘုတ်)၊ Internt, Website, E-mail နှင့် ကြော်ငြာနည်းအမျိုးမျိုးတို့တွင် အသုံးပြုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကို သုံးစွဲ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အတုအပပြုလုပ်သုံးစွဲကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းမွန် (ဘ)ဦးတင်ထွန်း ၉/ပကခ(နိုင်)၀၀၇၉၄၇**
**(၅၅x၅၄)လမ်းကြား၊ ၁၂၃ (အောင်ဆန်း)နှင့် ၁၂၄(အနော်ရထာ)ကြား၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၄၁၀၄၉၈၇၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၂**

ဒေါ်ကြူကြူအေး နှင့် ဦးခင်မောင်မြင့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၇၆)နေ ဦးခင်မောင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြူကြူအေးမှ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၂)၊ ဦးပိုင်အမှတ် (၂၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ ဂရန်မြေကွက်မှာ ဦးခင်မောင်မြင့်အမည်ဖြင့် နေထိုင်ပိုင်ဆိုင် အသုံးပြုခွင့်ရရှိထားသောမြေကွက်အား တရားလိုနှင့် တရားပြိုင်တို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ကြခြင်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၇ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ခန့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ငြိမ်းချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အယူခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ပုသိမ်ခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး**
**၂၀၂၀ ပြည့်နှစ် တရားမအယူခံမှုအမှတ်-၅၁**

ဒေါ်အေးအေးသက် (၎င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးနန္ဒကျော်မြင့်သိန်း) နှင့် ၁။ ဒေါ်စုစုဝင်း (ကွယ်လွန်သူ ဦးညီရွှေ၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဦးလှသန်း
၃။ ဦးအောင်လှိုင်ဝင်း(ခ)ငပြူး
**အယူခံမှုလျှောက်ထားသူ** **အယူခံမှုလျှောက်ထားခံရသူများ**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်စွဲပါ ပုသိမ်မြို့နယ် တရားရုံးတော်မှ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင်(၁) ဒေါ်စုစုဝင်း (ကွယ်လွန်သူ ဦးညီရွှေ၏ တရားဝင်ကိုယ်စားလှယ်)၊ အမှတ်(၂)ရပ်ကွက်၊ ငွေဆောင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ပုသိမ်မြို့နယ်တရားရုံးတော်မှ ချပေးသည့်ဒီကရီကို အယူခံတရားလို ဒေါ်အေးအေးသက် (၎င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးနန္ဒကျော်မြင့်သိန်း) မှ အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၇ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်မြင့်ဝါ)**
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## တိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ ဦးဖိုးလမ်း၊ ပေ (၁၂ ၁/၂x၅၅)၊ စတုတ္ထထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ အိပ်ခန်း(၁)၊ ဘိုထိုင်၊ လိုက်ကာ၊ မျက်နှာကြက် အလှဆင်ပြီး (သန့်)။ **(၅၀၀) သိန်း**
၂။ ဆီဆုံလမ်း၊ ပေ(၁၂ ၁/၂x၅၀)၊ ဒုတိယထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ အိပ်ခန်း(၁)၊ ဘိုထိုင်၊ လိုက်ကာ၊ ဂျတ်ဆင်ဘုတ် အလှဆင်ပြီး (သန့်)။ **(၅၅၀) သိန်း**

**ဆက်သွယ်ရန် ဖုန်း- ၀၉-၅၁၈၅၃၅၀၊ ၀၉-၅၆၆၁၁၂၇**

## ရုံးဝန်ထမ်းအလိုရှိသည်

၁။ **ရုံးအကူ (မ) ၂ ဦး**
အခြေခံပညာ ၁၀ တန်း
လစာ ၁၅၀၀၀၀ မှ ၁၈၀၀၀၀ ထိ
၂။ **ယာဉ်မောင်း ကျား (၂) ဦး**
လုပ်သက် (၂)နှစ်နှင့်အောက်
လစာ ၁၈၀၀၀၀ မှ ၂၀၀၀၀၀ ထိ

တစ်လလျှင် (၄)ရက် နားခွင့်ရှိသည်။
**ဆက်သွယ်ရန်-**
**အမှတ် (၉)၊ ၈၇ လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၀၁၂၀၇၃၀၃၊ ၄၀၁၂၀၇၃၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၈၄၄၃၆ Luojiag-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး ၉/ခမစ(နိုင်)၀၀၄၈၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/8225 TM Light Truck TM P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုချစ် ၉/ပသက(နိုင်)၀၉၃၁၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမည်တူရှိပါက ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့ အမှတ် ၃၃၊ ၉ ရပ်ကွက်၊ ရာဇဓိရာဇ်လမ်းမ၊ အရှေ့ဒဂုံမြို့နယ်တွင် ဦးရန်အောင် ၁၂/ဒဂရ(နိုင်)၀၁၃၈၁၅ သည် ရေသန့်၊ အချိုရည်နှင့် ရေခဲထုတ်လုပ်သည့်လုပ်ငန်းအား အောက်ပါအမည်(၃)မျိုးဖြင့် ထုတ်လုပ်တင်သွင်းရောင်းချမည်ဖြစ်၍ အမည်တူရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) HTOO THANT MYANMAR
(ခ) HTOO THANT
(ဂ) KHT

**ကန့်ကွက်လိုပါက - ဦးရန်အောင်**
**ဖုန်း-၀၉-၉၇၀၅၅၂၅၉၁၊ ၀၉-၉၅၉၂၈၃၈၁၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/9667၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1C/6088 Mitsubishi Pajero V46 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသန်းစိုး ၁၃/ရစန(နိုင်)၀၈၈၈၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**


# အောင်ကမ္ဘာ

ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ့
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 27C1၊ မြေကွက်အမှတ် ၂၀၆၊ မြေကွက်တည်နေရာအမှတ် ၉၃၊ မင်္ဂလာလမ်း၊ စမ်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် ဒေါ်ခင်မိမိ ၁၂/စခန(နိုင်)၀၀၇၀၂၇ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်(သက်ကုန်) ၁-၄-၁၉၅၆ မှ ၃၁-၃-၂၀၁၆ထိ မြေကွက်အား အမည်ပေါက် ဒေါ်ခင်မိမိသည် ၁-၁၁-၂၀၀၉ ရက်တွင်လည်းကောင်း၊ (ခင်ပွန်း)ဦးအောင်ကျော်စိုးသည် ၆-၁-၁၉၈၁ ရက်တွင်လည်းကောင်း ကွယ်လွန်ကြသဖြင့် ကွယ်လွန်သူများတွင် သားသမီးရင်းတစ်ဦးတစ်ယောက်မျှ မွေးဖွားထွန်းကားခဲ့ခြင်းမရှိကြောင်း ဒေါ်ခင်မိမိ မကွယ်လွန်မီက ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ် (၄၄၂၂/၁၉၉၇)(၅-၉-၁၉၉၇)၊ စာချုပ် (လက်ခံမှန်)ဖြင့် ဒေါ်သီတာဝင်း(ခ)ချိုချိုတူး အက်စ်စီဂျီ-၀၁၁၅၂၂)၊ ၁၂/စခန(နိုင်)၀၀၆၈၁၆ အား အခြားတရားဝင်မွေးစားထားခဲ့ခြင်းမရှိကြောင်း ဒဂုံမြို့နယ်တရားရုံး၏ ၁၅-၁-၂၀၂၀ ရက်တွင် ပြုလုပ်သောကျမ်းကျိန်လွှာအမှတ် ၁/၁၇၈၂/၂၀၂၀၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) သို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၇**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲ ၊ ခရီးသွားမြှင့်တင်မှု ( Digital Marketing) ဌာနခွဲနှင့် e – Government Office တို့အား လှည့်လည်ကြည့်ရှုသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၀)သို့ ပေးပို့သည့် အမှာစကား Video Clip ကို ပြသသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားကို စာမျက်နှာ ၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၈ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ ခရီးသွား ဥပဒေသစ်အရ အမျိုးသား ခရီးသွားလုပ်ငန်းဗဟိုကော်မတီ၊ ခရီးသွားလုပ်ငန်း ကော်မတီနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❖

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၉)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC–U) ၏ (၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် JMC–U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က JMC သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များအား အဓိက လုပ်ဆောင်ရသည့် ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ ဖြစ်ပါကြောင်း၊ JMC အနေဖြင့် အစည်းအဝေးမှတ်တမ်း ချမှတ်မှုများ၊ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ ယင်းကိစ္စများအား နှစ်ဖက်ညှိနှိုင်းကာ တိကျသည့် စကားလုံးဖြင့် ဆောင်ရွက်ထားသည့်အတွက် လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များအား လေးစားလိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံမှ ပဋိပက္ခများသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ပဋိပက္ခများကို ပြန်ကြည့်ပါက ဘာသာရေး၊ လူမျိုးရေးနှင့် ဂိုဏ်းဂဏတို့ကို အခြေခံကာ ဖြစ်ပွားနေခြင်းများ ရှိပါကြောင်း၊ ပဋိပက္ခဖြစ်သည်နှင့် ယင်းဝန်ထုပ်ဝန်ပိုးအား အမှန်တကယ်ခံစားရသူမှာ ပြည်သူလူထုပင် ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် သက်ဆိုင်ရာဒေသတွင်ရှိသည့် ပြည်သူလူထုများ ခံစားရပါကြောင်း၊

*စာမျက်နှာ ၈ ကော်လံ ၁* ●




ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၉)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

## မန်ယူနှင့် စာချုပ်သစ်ချုပ်ဆိုလိုက်သည့် မာတစ်

ကွင်းလယ်ကစားသမား နီမန်ဂျာမာတစ်သည် မန်ယူအသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သောကြောင့် အိုးထရက်ဖို့ဒ်တွင် ၂၀၂၃ ခုနှစ် ဇွန်လအထိ ဆက်လက်ရှိနေတော့မည်ဖြစ်သည်။ အသက် ၃၁ နှစ်အရွယ်ရှိ ဆားဘီးယားကစားသမား မာတစ်သည် ၂၀၁၇ ခုနှစ်တွင် ချယ်လ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။

ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာလုနီးပါးဖြစ်ခဲ့သည့် မာတစ်သည် အသင်းမှ ပေါ့ဂ်ဘာနှင့် မက်တွန်မီနေးတို့ ဒဏ်ရာအသီးသီးရရှိနေချိန် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလများတွင် နည်းပြဆိုးလ်ရှား ဦးစားပေးအသုံးပြုလာသည်အထိ ခြေစွမ်းတိုးတက်လာခဲ့သည်။ မာတစ်သည် မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုပြီးနောက် အသင်းဝက်ဘ်ဆိုက်သို့ ပြောကြားရာတွင် "ကြီးကျယ်ခမ်းနားတဲ့ အသင်းကြီးမှာ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်လက်ရှိနေခွင့်ရတဲ့အတွက် အလွန်ပဲပျော်ပါတယ်"ဟု ပြောသည်။

*စာမျက်နှာ ၁၉ ကော်လံ ၁* ❁

ရွှေရောင်အနာဂတ်လို့ ထင်ခဲ့ပေမယ့် ကိုဗစ် – ၁၉ က ဖျက်ဆီးလိုက်တဲ့ လေယာဉ်မှူးအိပ်မက်

နိုင်ငံတကာရေးရာ စာ ၁၄

.........................

COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၆

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၈ ရက်၊ ဗုဒ္ဓဟူးနေ့



နိုင်ငံတကာအဆင့်မီ ပန်းချီပြတိုက်တစ်ခု ထွက်ပေါ်လာဖို့အတွက် ချင်းချောင်းနန်းတော်ကို ပြင်ဆင်မှုတွေပြုလုပ်နေတာဖြစ်ပြီး ဒီ ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းမှာဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဒီအဆောက်အအုံကို မူလလက်ရာပုံစံအတိုင်း မထိခိုက် မပျက်စီးစေဘဲ ပြင်ဆင်မှုတွေပြုလုပ်နေတာဖြစ်ပါတယ်။

# ရန်ကုန်မြို့မှာ ထွက်ပေါ်လာဦးမယ့် ပန်းချီပြတိုက်

ဆွေဦးဝေ

**နှလုံးသားမှာနူးညံ့သိမ်မွေ့စွာ ခံစားရမှုတွေကို အရောင်တွေနဲ့ပုံဖော်ပြီး ကြည့်ရှုသူတွေရဲ့ရင်ထဲအထိ ရသမျိုးစုံစီးမျောစေတဲ့ ပန်းချီလက်ရာတွေ မြန်မာနိုင်ငံမှာများစွာရှိနေပါတယ်။ ရင်ထဲမှာစူးနစ်ဝင်ရောက်နေတဲ့ စိတ်ခံစားမှုအတွေးတွေကို လွင့်မျောစွာစေစားရင်း စုပ်ချက်တွေနဲ့အတူ ဂန္ထဝင်မြောက်ပုံရိပ်တွေ ဖော်ဆောင်နိုင်တဲ့ ပါရမီရှင်ပန်းချီဆရာကြီးတွေလည်း အများအပြားရှိနေပါတယ်။ ဒီလိုဆရာတွေရဲ့ လက်ရာမြောက်ပန်းချီကားတွေ စုစည်းပြသမယ့် ပန်းချီပြတိုက်ကတော့ ရန်ကုန်မြို့မှာ မကြာခင် ပေါ်ထွက်လာဖို့ ရှိနေပြီဖြစ်ပါတယ်။**

ဒီပန်းချီပြတိုက်ကတော့ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်မှာ တည်ရှိတဲ့ ချင်းချောင်းနန်းတော် အဆောက်အအုံပဲ ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ ပန်းချီပြတိုက်တစ်ခု ထွက်ပေါ်လာဖို့အတွက် ချင်းချောင်းနန်းတော်ကို ပြင်ဆင်မှုတွေပြုလုပ်နေတာဖြစ်ပြီး ဒီ ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းမှာ ဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေတယ်လို့ဆိုပါတယ်။ ဒီအဆောက်အအုံကို မူလလက်ရာပုံစံအတိုင်း မထိခိုက် မပျက်စီးစေဘဲ ပြင်ဆင်မှုတွေပြုလုပ်နေတာဖြစ်ပါတယ်။

## နိုင်ငံခြားဧည့်သည် အများဆုံး

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့စီးပွားရေး၊ နိုင်ငံတကာကူးလူးဆက်ဆံရေး၊ ပြည်တွင်းပြည်ပကုန်သွယ်ရေးတွေမှာ အဓိကကျတဲ့ မြို့ကြီး တစ်မြို့လည်း ဖြစ်ပါတယ်။ ရှေးဟောင်းမြို့ပြအမွေအနှစ် အဆောက်အအုံတွေတည်ရှိရာ မြို့တစ်မြို့ဖြစ်သလို နိုင်ငံခြားဧည့်သည်တွေ အဝင်အထွက်ပြုလုပ်ရာ အများဆုံးမြို့လည်းဖြစ်တယ်။ ဒီလိုအခြေအနေတွေ တည်ရှိနေတဲ့ ရန်ကုန်မြို့မှာ နိုင်ငံတကာမှလာရောက်တဲ့ ခရီးသွားဧည့်သည်တွေ၊ ပြည်တွင်းပြည်ပ ဧည့်သည်တွေနဲ့ ပြည်သူတွေအတွက် ခံ့ထည်တဲ့ပန်းချီပြတိုက်တစ်ခုတည်ရှိနေဖို့ လိုအပ်တာတော့ အမှန်ပါပဲ။

## ချင်းချောင်းနန်းတော်ကို ပန်းချီပြတိုက်အဖြစ် ထားရှိ

ဒီလိုအနေအထားတွေ ကြောင့်ရော၊ မြန်မာ့ပန်းချီဆရာကြီးတွေရဲ့ လက်ရာကောင်းတွေကို ဂုဏ်သရေရှိစွာ ပြသနိုင်ဖို့အတွက် သာမက မြန်မာ့ပန်းချီလောကအတွက် လိုအပ်နေတဲ့ ပန်းချီပြတိုက်တစ်ခုကို ဖော်ဆောင်နေတာမို့ ဝမ်းသာစရာဖြစ်ပါတယ်။ ချင်းချောင်းနန်းတော်ကို ပန်းချီပြတိုက်အဖြစ်ထားရှိနိုင်ဖို့ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၊ ပန်းချီလှတင်ထွန်းနဲ့ ပန်းချီစိုးမိုးတို့က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး သူရဦးအောင်ကိုနဲ့ တွေ့ဆုံစဉ်မှာ မေတ္တာရပ်ခံခဲ့တာကြောင့် ခွင့်ပြုလုပ်ဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အခုဆိုရင် ချင်းချောင်းနန်းတော်ကို ပြင်ဆင်မှုတွေပြုလုပ်နေတာဖြစ်ပြီး ပန်းချီကားတွေ ခင်းကျင်းပြသ၊ ချိတ်ဆွဲမယ့်နေရာတွေကိုလည်း သတ်မှတ်စီစဉ်မှုတွေပြုလုပ်နေပါတယ်။ တကယ်တော့ နိုင်ငံတကာမြို့ကြီးတွေမှာလို ခင်းကျင်းပြသထားတဲ့

**အချပ်ပို (၈) သို့**

# ဥတုရာသီ မျှတလိုလျှင် သစ်ပင်စိုက်ပျိုး ရန်ကုန်အကျိုး

ရှင်နော်

ဤရက်ပိုင်းများအတွင်း ရန်ကုန်မိုးက တိတ်တစ်လှည့် ရွာတစ်လှည့်ဖြစ်လို့နေသည်။ နေသာသည့်နေ့တွင် တစ်နေ့တာပတ်လုံး ပူပြင်းသလို၊ မိုးရွာသည့်ရက်တွင် အအေးဓာတ်က ပိုလို့နေသည်။ မိုးတွင်းကာလ နေပူပူ မိုးရွာရွာဖြစ်လင့်ကစား ရန်ကုန်သူ၊ ရန်ကုန်သားတို့က စားဝတ်နေရေးတည်းဟူသော ဘဝရပ်တည်ရေး အတွက်ရုန်းကန်နေကြရသည်။ ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာထားခံရသော ကိုဗစ်-၁၉ ကူးစက်မှုဒဏ်ကို နှာခေါင်းစည်းတစ်ခုဖြင့် ကာကွယ်ရင်း မြို့တော်ရန်ကုန်တွင် ဘဝပေါင်းများစွာက အသက်ရှင်သန်ရေးအတွက် ရုန်းကန်ရပ်တည်နေကြရသည့် အချိန်အခါဖြစ်သည်။

ရန်ကုန်မြေအနှံ့ နေရာယူထားသော ကတ္တရာ၊ ကွန်ကရစ်တို့ကြောင့် အေးမြလတ်ဆတ်သောမိုးရေကို ရန်ကုန်မြေထုက သောက်သုံးခွင့်မရပေ။ စီရရီပေါ်ပေါက်လာသော ကန်ထရိုက်တိုက်၊ ကွန်ဒိုတိုက်နှင့် လုံးချင်းအိမ်ရာများ၏ စွန့်ပစ်ရေက ကွန်ကရစ်မြောင်းအသုံးပြုကာ ချောင်းငယ်၊ မြောင်းငယ်များသို့ တိုက်ရိုက်သွားရောက်ရသည့်အတွက် ရန်ကုန်မြေထုက ရေငတ်သည့်အခက်အခဲနှင့် ကြုံတွေ့ရသည်။ လူနေအိမ်များပြားလာမှုကြောင့် သောက်သုံးရေလိုအပ်ချက်သည် အဓိကဖြစ်လာပြီး ရန်ကုန်မြေထုအောက်တွင် သိုမှီးထားသော မြေအောက်ရေမှာစနစ်မဲ့ အသုံးခံဖြစ်လာရသည်။ ထို့ကြောင့်ပင် ရာသီဥတုပြောင်းလဲမှုက တမင်မဖိတ်ခေါ်ဘဲ လူသားတို့ထံ အရောက်လာလေတော့သည်။ ရေသည် သက်ရှိလူသားတို့အတွက် မရှိမဖြစ် အရေးပါသောအရာတစ်ခုဖြစ်သည်။ ရေကို သိုလှောင်သိမ်းဆည်းထားရန် သစ်ပင်၊ ပန်းပင်ကဲ့သို့ အပင်ကြီးငယ်တို့သည်လည်း လိုအပ်လျက်ရှိသည်။

**အချပ်ပို (၈) သို့**

# အွန်လိုင်းမှ ပြသလေ့လာရမယ့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)

ဇင်လင်းမြင့်

**နှစ်စဉ်** ဇူလိုင်လရောက်တိုင်း ဇူလိုင်မိုးစက်တွေနဲ့အတူ ဆို့နင့်ကြေကွဲမှုတွေ ဖြစ်ပေါ်ခံစားရတာ အကြိမ်ကြိမ်ပါပဲ။ မိုးတွေ စွေနေတတ်တဲ့ ဇူလိုင် ၁၉ ရက်ဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်တွေ ကျဆုံးခဲ့ရတဲ့နေ့ဖြစ်တာမို့ ပြည်သူတစ်ရပ်လုံးရင်ထဲမှာ နှမြောတသပူဆွေးဝမ်းနည်းကြေကွဲခဲ့ရတဲ့စိတ်တွေ ဖြစ်ပါတယ်။ ဒီနှစ်မှကျရောက်မယ့် အာဇာနည်နေ့အတွက်တော့ နှစ်စဉ်နှစ်တိုင်းလို ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ကို ကိုဗစ်-၁၉ ကြောင့် ပြည်သူတွေအတွက် လာရောက်လေ့လာကြည့်ရှုဖို့ ဖွင့်လှစ်မှာ မဟုတ်ဘဲ အွန်လိုင်းက ပြသပေးမယ်လို့ တာဝန်ရှိသူတွေက ဆိုထားပါတယ်။

### ပြည်သူတွေအွန်လိုင်းမှ လေ့လာနိုင်

"ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ကို ဧည့်သည်တွေ ဝင်ရောက်လေ့လာခွင့် ပိတ်ထားမှာဖြစ်ပြီး ပြည်သူတွေအွန်လိုင်းမှ လေ့လာနိုင်ဖို့ စီစဉ်နေပါတယ်" လို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ဦးကပြောထားပါတယ်။ ဒါကလည်း ကိုဗစ်-၁၉ ကာလမှာ အများပြည်သူတွေရဲ့ ကျန်းမာရေးအကျိုးကိုရှေးရှုပြီး အခြေအနေရအခုလို စီစဉ်ရခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ဟာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ် (၁) ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်းမှာ တည်ရှိတာဖြစ်ပါတယ်။ ဒီဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို လာမယ့်အာဇာနည်နေ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပြီးဖြစ်သလို အွန်လိုင်းကနေ ပြည်သူတွေကြည့်ရှုနိုင်အောင်လို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

အွန်လိုင်းက ပြသကြည့်ရှုတဲ့အခါ ဖေ့ဘွတ်ရော၊ ဝက်ဘ်ဆိုက်တွေမှာပါ ကြည့်လို့ရမှာဖြစ်ပြီး သီးခြားအနေနဲ့လည်း တင်ပေးသွားမှာ ဖြစ်ကြောင်းသိရပါတယ်။ နောက်ပြီး damain လည်း ဝယ်ထားသလို damain က ကြည့်လို့ရအောင်လည်း စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် application ကနေ ကြည့်လို့ရအောင် ပြုလုပ်ပေးမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

### နီးနီးကပ်ကပ် ကိုယ်တိုင်ထိတွေ့ခံစား

တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ပြီး ပြည်သူတွေ ဒီနေ့ဒီရက်မှာ လာရောက်မှုအများဆုံး၊ လေ့လာမှုအများဆုံးက ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားနောက်ဆုံးနေထိုင်ခဲ့တဲ့ ရန်ကုန်မြို့ ဗိုလ်ချုပ်ပြတိုက်လမ်းက ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပဲဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ကိုယ်တိုင်လာရောက်လေ့လာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ဗိုလ်ချုပ်တို့ မိသားစုအငွေ့အသက်ကို နီးနီးကပ်ကပ်ကိုယ်တိုင်ထိတွေ့ခံစားရတဲ့ စိတ်ခံစားမှုမျိုးက နှလုံးအိမ်မှာနင့်နေအောင် ဖြစ်စေပါတယ်။ အသိတရားတွေ၊ သတိထားစရာတွေ အများကြီးရရှိစေပါတယ်။

ဒါပေမယ့် တစ်ကမ္ဘာလုံး နိုင်ငံအသီးသီးမှာ ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ဟာ ပြည်သူကျန်းမာရေးအတွက် စိုးရိမ်စရာကောင်းပြီး ကြိုတင်ကာကွယ်မှုအဖြစ် အခုလိုအွန်လိုင်းကနေ ပြသတာကိုတော့ ပြည်သူတွေ နားလည်လာကြမှာဖြစ်ပါတယ်။ ဒီလိုအွန်လိုင်းကနေ ပြသတဲ့အခါ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်နဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတွေက တစ်ဆင့်လည်း ထုတ်ဖော်ပြသသွားမှာ ဖြစ်ပါတယ်။



အွန်လိုင်းမှ ပြသလေ့လာရမယ့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ကို တွေ့ရစဉ်။

### ဆက်နွှယ်တဲ့ လင့်ခ်တွေကို ထည့်သွင်း

ဒါ့အပြင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရဲ့ ဝက်ဘ်ဆိုက်နဲ့ တရားဝင်လူမှုကွန်ရက် စာမျက်နှာမှာလည်း ပြသပေးသွားမှာဖြစ်ပါတယ်။ ဒီလိုပြသတဲ့အခါ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြုလုပ်ထားတဲ့ အမျိုးသားပြတိုက်များရဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာလည်း အာဇာနည်နေ့ အထိမ်းအမှတ်ဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) နဲ့ ဆက်နွှယ်တဲ့ လင့်ခ်တွေကို ထည့်သွင်းလေ့လာသွားမယ်လို့လည်း ဆိုပါတယ်။

### ၂၀ ရာစု ဥရောပပုံစံ

ဗိုလ်ချုပ်အောင်ဆန်းဟာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၁) ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းမှာရှိတဲ့ နေအိမ်မှာ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်အထိ မိသားစုနဲ့အတူ နေထိုင် ခဲ့တာဖြစ်ပါတယ်။ ဒီအိမ်ခြံအကျယ်အဝန်းဟာ ၂ ဒသမ ၄၂၃ ဧကရှိပြီး မြေကွက်ပုံစံက အဲခု ပုံသဏ္ဌာန်ဖြစ်ပါတယ်။ ခြံအတွင်းမှာ ၁၈ ပေ ခန့်မြင့်တဲ့ ကုန်းပေါ်မှာတောင်ဘက်ကို မျက်နှာစာပြုပြီး ၁၉၂၁-ခုနှစ်ကတည်းက တည်ဆောက်ခဲ့တဲ့ အိမ်ဖြစ်ပါတယ်။ ဒီအိမ်ဟာ အနောက်တိုင်း ဗိသုကာပုံစံ ရောနှောတည်ဆောက်ထားတဲ့ ၂၀ ရာစု ဥရောပပုံစံ ဖြစ်ပါတယ်။

### ထိန်းသိမ်းစောင့်ရှောက်နေတာဖြစ်

ဒီနေအိမ်ဟာ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှာ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်ရဲ့ အုပ်ချုပ်မှုအောက်မှာ ထားရှိခဲ့ပြီး ၁၉၆၂ ခုနှစ် ဇူလိုင် ၁၉ ရက်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်ပြတိုက် တစ်ခုအဖြစ်အာဇာနည်နေ့တွေမှာ သီတင်းတစ်ပတ်ခန့်ကြာ ပြည်သူတွေကို ဖွင့်လှစ်ပြသခဲ့တာ ဖြစ်ပါတယ်။ အခုချိန်မှာတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်မှာရှိပြီး ထိန်းသိမ်းစောင့်ရှောက်နေတာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) မှာ စာကြည့်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်းစတဲ့ အခန်းတွေ ရှိနေပါတယ်။ နှစ်စဉ်ပြည်သူတွေ လာရောက်လေ့လာကြည့်ရှုတဲ့အခါ အဲဒီအခန်းတွေနဲ့အတူ ခင်းကျင်းပြသထားမှုကို မြင်တွေ့လေ့လာနိုင်ကြတာဖြစ်ပါတယ်။

အခုဒီနှစ်မှာလည်း ပြည်သူတွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) နဲ့ ဆက်စပ်မှတ်တမ်းဓာတ်ပုံတွေ၊ ဗီဒီယိုတွေ၊ အသုံးအဆောင်ပစ္စည်းတွေကို ကိုယ်တိုင်ရောက်ရှိမြင်တွေ့ရသလို ခံစားနိုင်အောင် 3D VR စနစ်နဲ့ ဖန်တီးမှုတွေ၊ Disitalize နဲ့ပြသမယ့် ဗိုလ်ချုပ်ကျဆုံးခဲ့တဲ့ အချိန်မှာ ကျန်ရစ်တဲ့ ပစ္စည်း ၂၈ မျိုးကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

### အမှတ်တရဖြစ်စရာတွေ ပြသ

ဒါ့အပြင် အရင်နှစ်အာဇာနည်နေ့နဲ့ ကြည့်ရှုခွင့်ပြုတဲ့နေ့တွေမှာ ပြည်သူတွေ လာရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) မှာ ကြည့်ရှုခဲ့ကြတဲ့ မှတ်တမ်းဓာတ်ပုံတွေ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လှုပ်ရှားမှုရှားပါးဓာတ်ပုံတွေ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတွေနဲ့ အဆိုအမိန့်တွေစတဲ့ ဗိုလ်ချုပ်ကို အမှတ်တရဖြစ်စရာတွေ ပြသသွားမှာ ဖြစ်ပါတယ်။

ဒီလိုအစီအစဉ်တွေကို အာဇာနည်နေ့ မတိုင်မီ ရက်တစ်ပတ်ခန့်ကြိုတင်ပြီး ပြည်သူတွေ လေ့လာနိုင်အောင် ကြိုးစားနေတာ ဖြစ်ပါတယ်။ ပြည်သူတွေလေးစားအားထားရတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ အမှတ်ရစရာတွေ စုံလင်အောင်လည်း ကြိုတင်ဆောင်ရွက်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ဒီလို အကောင်းမွန်ဆုံး ကြိုးစားပြင်ဆင်ဆောင်ရွက်မှုတွေလုပ်ပြီး ဗဟိုကော်မတီက လွှင့်ဖို့ ညွှန်ကြားချက်အတိုင်း ပြည်သူတွေအတွက် ထုတ်လွှင့်ဖော်ပြပေးသွားတော့မှာ ဖြစ်ပါတယ်။

ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီက ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်မှာရှိတဲ့ ပြတိုက် ၃၂-ခုကို ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်က စတင်ပြီး ဧည့်သည် လာရောက်လည်ပတ်ခွင့်တွေ ပိတ်ပင်ထားခဲ့တာ ဖြစ်ပါတယ်။ ဒီပြတိုက်တွေထဲမှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) လည်း ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

### အလွယ်တကူ ကြည့်ရှုလေ့လာနိုင်

ဒီနှစ်မှာ ထူးထူးခြားခြားအွန်လိုင်းမှ ပြသမယ့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ကို ပြည်သူတွေ မိမိအိမ်၊ မိမိလက်ကိုင်ဖုန်းတွေနဲ့ မိမိရောက်ရှိရာ နေရာတွေကနေပြီး အလွယ်တကူကြည့်ရှုလေ့လာနိုင်မှာဖြစ်တာမို့ စိတ်ဝင်စားစွာလေ့လာခံစားနိုင်မယ့် အခွင့်အရေးတစ်ရပ်ပဲဖြစ်ပါတယ်။ ။

❑ **"ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို လာမယ့်အာဇာနည်နေ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပြီးဖြစ်သလို အွန်လိုင်းကနေ ပြည်သူတွေကြည့်ရှုနိုင်အောင်လို့ ဆောင်ရွက်နေတာဖြစ်"**

❑ **"အွန်လိုင်းက ပြသကြည့်ရှုတဲ့အခါ ဖေ့ဘွတ်ရော၊ ဝက်ဘ်ဆိုက်တွေမှာပါ ကြည့်လို့ရမှာဖြစ်ပြီး သီးခြားအနေနဲ့လည်း တင်ပေးသွားမှာဖြစ်ကြောင်း သိရ"**



Clean Yangon အဖွဲ့သားများ သစ်ပင်စိုက်ပျိုးပြီး စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်စဉ်။

**ဥတုရာသီမျှတလိုလျှင် သစ်ပင်စိုက်ပျိုး ရန်ကုန်အကျိုးမှ . . . .**

လူဦးရေများပြားမှုနှင့်အတူ ရန်ကုန်၏ လိုအပ်ချက်က အဘက်ဘက်မှ ဖြည့်ဆည်း၍ လက်မလည်နိုင်အောင်ဖြစ်ရသည်။ တစ်ဦးတစ်ယောက် တစ်ဖွဲ့ချင်းသာမက အဖွဲ့ပေါင်းစုံ၊ လူတန်းစားပေါင်းစုံမှ ပါဝင်အားဖြည့်ကူညီကြရသည်။ ရှေးယခင်က မိုးဦးကျရာသီတွင် ကျောင်းများ၊ ဌာနဆိုင်ရာများအလိုက် သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်ကြလေ့ရှိသည်။ ယခုအခါ ကိုဗစ်အရေးကြောင့် ကျောင်းများ မဖွင့်နိုင်သလို၊ တိုင်းပြည်အရေးဦးစားပေး နေရသည့်အတွက် သစ်ပင်စိုက်ပျိုးမှုကို အလေးမထားနိုင်သေးပေ။ သူသူငါငါ ကိုဗစ်ဘေးနှင့် ဘဝရပ်တည်ရေး လုံးပန်းနေသော်လည်း ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကြိုးပမ်းနေသည့်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Clean Yangon အဖွဲ့သားများအနေဖြင့် ဇူလိုင် ၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း၌ သစ်ပင်ပေါင်း ၅၀၀ ကျော်ကို သွားရောက်စိုက်ပျိုးခဲ့ကြောင်း သိရှိခဲ့ရသည်။

**မရှိမဖြစ် လိုအပ်နေသောကာလ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နေလူတန်းစားအသီးသီးအဖို့ လေကောင်းလေသန့် ဝဝလင်လင် ရှူရှိုက်နိုင်ရန်၊ သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံများ စားသုံးနိုင်ရန်၊ အေးမြလန်းဆန်းမှုကို ပေးစွမ်းနိုင်သော အရိပ်ခိုနားရန် သစ်ပင်ကြီးငယ်များသည် မရှိမဖြစ် လိုအပ်နေသောကာလဖြစ်သည်။ ထို့ကြောင့်ပင် ရန်ကုန်၏ လိုအပ်ချက်တစ်ရပ်ဖြစ်သော သစ်ပင်စိုက်ပျိုးမှုကို အကောင်အထည်ဖော်နေသည့် Clean Yangon ကို အချိန်မဆိုင်းဘဲ ဆက်သွယ်မေးမြန်းခဲ့ရာတွင် Clean Yangon အဖွဲ့တာဝန်ခံ ကိုဇေယျာထွန်းက "ဒီနှစ် မိုးရာသီအတွက်ကတော့ Go Clean Challenge 2020 ဆိုပြီး လုပ်ထားတာလေးရှိပါတယ်။ ဒီအစီအစဉ်လေးကတော့ အရိပ်ရ သစ်ပင်လိုအပ်တဲ့နေရာတွေ၊ စိမ်းလန်းစိုပြည် ဖို့လိုတဲ့နေရာတွေကို သစ်ပင်စိုက်ပျိုး လှူဒါန်းမှုတွေ လုပ်သွားမှာပါ။ ပထမဆုံး လှုပ်ရှားမှုအနေနဲ့ လှည်းကူးမှာရှိတဲ့ မေတ္တာမွန်ပရဟိတကျောင်းမှာ အပင်ပေါင်း ၁၀၀ နီးပါး စိုက်ပျိုးလှူဒါန်းခဲ့ပါတယ်။ နောက်တစ်ခုကကျတော့ လှည်းကူးအကျော် ကံ့ကော်တစ်ထောင်ဘုရားမှာ ကံ့ကော်ပင်လေးတွေ လှူဖြစ်ခဲ့တာရှိတယ်။ ဒီနေ့ ဇူလိုင် ၅ ရက်နေ့မှာတော့ တိုက်ကြီးမြို့နယ် ချောင်းကျိုးကျေးရွာ အာစိဏ္ဏသိရီပရဟိတကျောင်းမှာရှိတဲ့ မြေလေးကေလောက် အကျယ်ရှိတဲ့နေရာမှာ သစ်ပင်ပေါင်း ၅၀၀ ကျော် စိုက်ပျိုးလှူဒါန်းနေပါတယ်။

"စိုက်တာကတော့ အခုပဲစိုက်ပြီးတာပါ။ အပင်တွေအနေနဲ့ကတော့ အရိပ်ရပင်တွေရယ် သီးပင်စားပင်တွေရယ် ပါ။ အရိပ်ရပင်အနေနဲ့ တယ်ပင်၊ ကံ့ကော်ပင်၊ ပိတောက်ပင်၊ လုမ္ဘနီ အင်ကြင်းပင်၊ စိန်ပန်းပင်တွေ ပါပါတယ်၊ သီးပင်စားပင်အနေနဲ့က သရက်ပင်တွေ၊ ကျွဲကောပင်တွေ ပါပါတယ်။ ကလေးတွေအတွက် နောင်တစ်ချိန်မှာ အရိပ်လည်းရ စားလည်းစားရအောင်ပါ။ ဒီနေ့ အပင်သွားစိုက်တာကတော့ အဖွဲ့သားတွေ ၁၀၀ ကျော်လောက်ပါပါတယ်"

"ကျွန်တော်တို့ Clean Yangon အဖွဲ့အနေနဲ့က သန့်ရှင်းသာယာလှပဖို့နဲ့ စိမ်းလန်းဖို့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အရင်နှစ်နှစ်လောက်ကတော့ သန့်ရှင်းသာယာလှပရေးအတွက် အခြားအသင်းအဖွဲ့တွေ ပါဝင်လာအောင် စည်းရုံးခဲ့တယ်။ လှုံ့ဆော်ခဲ့တယ်။ နှစ်နှစ်မြောက်မှာတော့ Go Clean ဆိုတဲ့ လှုပ်ရှားမှုတွေစလုပ်ခဲ့ပါတယ်။ အဓိကကတော့ ကမ္ဘာမြေစိမ်းလန်းဖို့ပေါ့။ အရင်က အမှိုက်ရှိတဲ့နေရာတွေကို ရှင်းလင်းမှုတွေ ဆောင်ရွက်ပေးတာပေါ့။ နောက်ပိုင်းကျတော့ အရိပ်ရသစ်ပင်လိုတဲ့နေရာတွေ၊ ဘုန်းကြီးကျောင်းတွေ၊ မိဘမဲ့ဂေဟာတွေ၊ ပရဟိတကျောင်းတွေ အဲ့ဒီလိုနေရာတွေအတွက်က နောင်တစ်ချိန်မှာ သီးပင်စားပင်တွေ လိုအပ်တယ်၊ အရိပ်အပင်တွေကလည်း ကမ္ဘာမြေအတွက် လိုအပ်နေတယ်ပေ့ါနော်။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ စပြီးဆောင်ရွက်ခြင်းဖြစ်ပါတယ်"

**ပုပ္ပားတောင်မှာ သစ်ပင်သွားစိုက်**

"ကျွန်တော်တို့အဖွဲ့အနေနဲ့ မနှစ်ကဆိုရင် ပုပ္ပားတောင်မှာ သစ်ပင်သွားစိုက်တာတွေ လုပ်ခဲ့တယ်။ ဒီနှစ်မှာလည်း အခြေအနေ တည်ငြိမ်သွားရင် ပုပ္ပားတောင်မှာ သစ်ပင်သွားစိုက်ဖို့ အစီအစဉ်လေးတွေရှိပါတယ်။ နယ်တွေအတွက်ကတော့ လိုအပ်ရင် သစ်ပင်လှူဒါန်းမှုလေးတွေလည်း လုပ်ပေးပါတယ်။ အဓိက ကတော့ ကျွန်တော်တို့အဖွဲ့လေးရဲ့ ရည်ရွယ်ချက်ရပ်တည်ချက်အတိုင်းပဲ၊ သန့်ရှင်းသာယာလှပဖို့နဲ့ စိမ်းလန်းဖို့ လှုပ်ရှားမှုတွေကို ဖော်ဆောင်သွားဖို့ အစီအစဉ်တွေရှိပါတယ်"

**တစ်ထောင့်တစ်နေရာက ပါဝင်**

"ရန်ကုန်မြို့အနေနဲ့က မြေဧရိယာရှားပါးမှုက အတော်လေးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြေဧရိယာရှားပါးတဲ့ စိန်ခေါ်မှုကို ဘိုးဘွားရိပ်သာတွေ၊ ပရဟိတကျောင်းတွေ၊ မိဘမဲ့ဂေဟာတွေအဲ့ဒီလိုနေရာတွေမှာကျတော့ မြေဧရိယာလေးတွေ အထိုက်အလျောက်ရှိသေးတယ်။ နောက်တစ်ခုက ကျွန်တော်တို့ စိုက်ပျိုးတဲ့သစ်ပင်လေးတွေကို သူတို့က စဉ်ဆက်မပြတ် ပျိုးထောင်ပေးဖို့ အခွင့်အလမ်းလည်းရှိတယ်။ အဲဒါကြောင့် ဒီလိုနေရာလေးတွေကို ကျွန်တော်တို့ ရွေးချယ်ခဲ့တာ။ မနှစ်ကဆိုရင် ကျွန်တော်တို့ သစ်ပင် ၅၀၀ ကျော် စိုက်ခဲ့တာ ၄၅၀၊ ၉၀ ရာခိုင်နှုန်းလောက် ရှင်သန်တာလေးတွေ တွေ့ရတယ်။ အဲဒါကြောင့် ဒီလိုမျိုးနေရာလေးတွေမှာ သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် ကမ္ဘာမြေစိမ်းလန်းဖို့ တစ်ထောင့်တစ်နေရာက ပါဝင်သလို မြန်မာနိုင်ငံကြီးစိမ်းလန်းဖို့အတွက်လည်း တစ်တပ်တစ်အား ပါဝင်ရာရောက်တယ်။ နောက်တစ်ခုက အလှူဒါနဖြစ်ပြီး ထာဝရကုသိုလ်လည်းရတယ်။ ကလေးတွေအနေနဲ့ သီးပင်စားပင်တွေလည်း စားရမယ်၊ အရိပ်ရပင်တွေကြောင့် ဘိုးဘွားတွေ အေးအေးချမ်းချမ်း နေရမယ်ဆိုတဲ့ စိတ်ကူးနဲ့ ဒီလိုနေရာမျိုးတွေ ရွေးချယ်စိုက်ပျိုးရခြင်းဖြစ်ပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။



Clean Yangon အဖွဲ့သားများ တိုက်ကြီးမြို့နယ် ချောင်းကျိုးကျေးရွာ အာစိဏ္ဏသိရီပရဟိတကျောင်းရှိ မြေလေးကေတွင် သစ်ပင်ပေါင်း ၅၀၀ ကျော်ကို စိုက်ပျိုးစဉ်။

**ရန်ကုန်မြို့မှာ ထွက်ပေါ်လာဦးမယ့် ပန်းချီပြတိုက် . . . မှ**

သီးခြားပန်းချီပြတိုက်လိုမျိုး ရန်ကုန်မြို့မှာ ရှိသင့်နေတာ အချိန်ကြာနေပြီဖြစ်ပါတယ်။ အခုလို သက်တမ်းရာကျော်အဆောက်အအုံမှာ ခင်းကျင်းပြသနိုင်ဖို့ ဆောင်ရွက်နေတာဟာ ကြိုဆိုရမှာဖြစ်ပါတယ်။

ဒီချင်းချောင်းနန်းတော်ကို တရုတ်လူမျိုးသူဌေး လင်ချင်းချောင်းက ၁၉၁၅ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၉၁၉ ခုနှစ်မှာ ပြီးစီးခဲ့တာဖြစ်ပါတယ်။ နိုင်ငံတကာလို စီးပွားရေးလုပ်ငန်းအတွက် သွားရောက်ခဲ့တဲ့ လင်ချင်းချောင်းဟာ ဒီအဆောက်အအုံကို အနောက်တိုင်းဗိသုကာလက်ရာတွေနဲ့ တရုတ်ဗိသုကာလက်ရာတွေ ပေါင်းစပ်ရောယှက်ပြီး စိတ်တိုင်းကျ ဒီဇိုင်းပုံစံနဲ့တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီအဆောက်အအုံမှာ သုံးစွဲတည်ဆောက်ခဲ့တဲ့ ကုန်ကြမ်းတွေဟာ အီတလီနဲ့တရုတ်နိုင်ငံက သယ်ဆောင်လာခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

ချင်းချောင်းနန်းတော်ဟာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာတည်ရှိတဲ့ နွေရာသီစံနန်းတော်ပုံစံဖြစ်သလို မှျော်စင်လည်းပါရှိတာမို့ ရန်ကုန်မြို့ကို အဲဒီအချိန်တုန်းကအပေါ်စီးမှ လှည့်ပတ်ကြည့်ရှုတဲ့အခါ မတူညီတဲ့မြင်ကွင်းတွေကိုလည်း ခံစားရအောင်လည်း ထည့်သွင်းတည်ဆောက်ထားတာဖြစ်ပါတယ်။ အခုတော့ ရန်ကုန်မြို့မှာ အထပ်မြင့်အဆောက်အအုံတွေ များပြားလာတာမို့ တချို့မြင်ကွင်းတွေက အဟန့်အတားတွေကြောင့် လွတ်လပ်စွာခံစားလို့မရတော့ပါဘူး။

ချင်းချောင်းနန်းတော်ရဲ့ အပေါ်ထပ်မှာ နံရံဆေးရေးပန်းချီတွေ ရှိပါတယ်။ အဲဒီပန်းချီလက်ရာတွေက နာမည်ကျော်ဗြိတိသျှ ပန်းချီဆရာတွေဖြစ်တဲ့ Emest နဲ့ Doc Proctor တို့က ရေးဆွဲထားတာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူတွေအနေနဲ့ နာမည်ကျော် ပန်းချီဆရာတွေ မဟုတ်သေးဘူးလို့ သိရပါတယ်။ ဒါပေမယ့် တရုတ်သူဌေးလင်ချင်းချောင်းဟာ ပန်းချီကားတွေကို စိတ်ဝင်စားတဲ့သူ တစ်ဦးဖြစ်လို့ သူရဲ့ချင်းချောင်းနန်းတော်အတွင်းမှာ ပန်းချီလက်ရာတွေ ထည့်သွင်းရေးဆွဲစေခဲ့တာဖြစ်ပါတယ်။

တရုတ်သူဌေး လင်ချင်းချောင်းဟာ ဒီချင်းချောင်းနန်းတော် အဆောက်အအုံကို တည်ဆောက်ပြီး လေးနှစ်အကြာ ၁၉၂၃ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ သူကွယ်လွန်သွားတဲ့အခါ ဗြိတိသျှတို့က ဒီအဆောက်အအုံကို သိမ်းပိုက်ခဲ့ပြီး ဧည့်သည်တွေကို ရုံဖန်ရံခါ ပြသခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ဂျပန်ခေတ်မှာ ဗမာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာန အဖြစ်အသုံးပြုခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၁၉၅၀ ပြည့်နှစ်တွေမှာတော့ ရှမ်းပြည်နယ်က ဧည့်သည်တော်တွေတည်းခိုတဲ့ ကမ္ဘောဇရိပ်သာ ဖြစ်ခဲ့ပြန်ပါတယ်။

အဲဒီနောက်ပိုင်းမှာ စီးပွားရေးတက္ကသိုလ် မိန်းကလေးဆောင်၊ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီရုံးစတဲ့ ပြောင်းလဲမှုတွေ ဖြစ်ခဲ့တဲ့အပြင် ဒီဝင်းထဲမှာယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ အနုပညာအထက်တန်းကျောင်းကိုလည်း ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၃-ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) အဖြစ်လည်း ဖွင့်လှစ်ခဲ့ပါတယ်။ အခုချိန်မှာတော့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပိုင်တဲ့ အဆောက်အအုံအဖြစ် တည်ရှိနေပြီး အသုံးပြုမှုမရှိတာမို့ အခုလိုပန်းချီပြတိုက်အဖြစ် အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီပန်းချီပြတိုက်အဖြစ် ပြင်ဆင်ပြီးသွားရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၉၀ ခန့်က ရေးဆွဲခဲ့တဲ့ ပန်းချီဆရာကြီး ဦးဘဉာဏ်ရဲ့ ပန်းချီကားတွေ၊ ခေတ်ပြိုင်ပန်းချီကားတွေ၊ ရိုးရာပန်းချီကားတွေကို စနစ်တကျ ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ရန်ကုန်နဲ့ နေပြည်တော်တို့မှာရှိတဲ့ အမျိုးသားပြတိုက်တွေမှာ စုဆောင်းထားရှိတဲ့ ပန်းချီကားတွေ၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်မှာ စုဆောင်းထားရှိတဲ့ ပန်းချီကားတွေကို စုစည်းပြီး သူ့နေရာနဲ့ သူခေတ်အလိုက် ခင်းကျင်းပြသသွားဖို့လည်း စီစဉ်နေကြောင်း သိရပါသည်။

ဒီလိုဆောင်ရွက်မှုတွေ ပြုလုပ်နေတာမို့ ရန်ကုန်မြို့မှာ မကြာခင်ကာလမှာတော့ ပန်းချီပြတိုက်တစ်ခု ပီပီပြင်ပြင်ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ရှေးဟောင်းသက်တမ်းရာပြည့်အဆောက်အဦမှာ အဓိပ္ပာယ်ပြည့်ဝပြီး သမိုင်းတန်ဖိုးရှိတဲ့ ပန်းချီကားတွေရော၊ ခေတ်ပြိုင်ပန်းချီကားတွေပါ ခင်းကျင်းပြသမယ့် ပန်းချီပြတိုက်ကြောင့် ရန်ကုန်မြို့ရဲ့ ဂုဏ်ဒြပ်ဟာကြီးမြတ်နေဦးမှာ ဖြစ်ပါတယ်။

# တစ်ခေတ်တစ်ခါက ရွှေရောင်လွှမ်းခဲ့တဲ့ ဗားကရာတာယာတန်း

တင်ဝင်းလေး(ကြည့်မြင်တိုင်)



"အချစ်ဆိုတာ ပြန်တောင်းလို့လဲ ရကောင်းသောအရာ ဟုတ်ပါသလား သက်လျာဖြေစမ်းပါ" တာယာဆိုင်ရှေ့ ဗဟိုလမ်းပေါ်ကနေ တွန်းသွားတဲ့ထီလှည်းဆီက ပျံ့လွင့်လာတဲ့ သီချင်းလေးတစ်ပိုင်းတစ်စကို ဦးခင်ဝင်းက ကြားမိလိုက်ရခြင်းပါ။

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ အဆိုတော်ကြီး ဦးမင်းနောင် သီဆိုခဲ့တဲ့ "မုန်းရစ်လေဦး" ထဲက စာသားလေးအချို့ပါ။ ဟုတ်ပါလိမ့်မယ် အချစ်ဆိုတာ ပြန်တောင်းလို့ရချင်မှရနိုင်ပေမယ့် အတိတ်ဆိုတာကတော့ ပြန်တွေးလို့ရကောင်းပါတယ်။ ပြန်တွေးလို့လည်း အလွန်ကောင်းတဲ့စိတ်ဝိညာဉ်တစ်ခုပါ။

မိဘများကပေးခဲ့တဲ့အမည်က ကိုခင်ဝင်း၊ ဒါပေမယ့် တာယာလောကမှာ ပေါက်စလို့ပဲ အများကခေါ်ကြတယ်။ သူ့ကို ဒီဗားကရာတာယာတန်းမှာပဲ မွေးခဲ့တာ၊ သူ မမွေးခင်ကတည်းက ဒီဗားကရာတာယာတန်းကရှိနေခဲ့တာ။ သူတို့ပထမနေတာက အောင်မြေဘုံစံကျောင်းဘက်မှာ၊ ညီအစ်ကိုငါးယောက်ထဲမှာ သူကတတိယမြောက်။

တစ်နေ့ အောင်မြေဘုံစံကျောင်းက တာယာတန်းမီးလောင်ခဲ့တယ်။ လူတွေနေဖို့ကို စမ်းချောင်းထဲက ဦးစံညွန့်လမ်းထဲကို ပြောင်းခဲ့ကြရတယ်။ မကြာပါဘူး လုပ်ငန်းအဆင်ပြေဖို့အတွက် သာသနာ့အောင်လံကျောင်းနားကို ၁၉၈၀ ပြည့်နှစ်လောက်မှာ ပြန်ပြောင်းခဲ့ကြရတယ်။

နည်းနည်းကြီးလာလို့ အမေပြောပြတာကတော့ ဗားကရာလမ်းနဲ့ အခုဗဟိုလမ်း (အရင်တုန်းကခေါ်တာကတော့ ရှမ်းလမ်း) ထောင့်မှာရှိနေတဲ့ အမက ကျောင်းလေးရယ် ပြန်/ဆက်ရုံး၊ ဆောက်လုပ်ရေးရုံးနဲ့ အဲဒီအနောက်ဘက်ကို ဦးလူလေးကုန်းလို့ခေါ်ကြတယ်။ အဲဒီနေရာမှာ အခုရုံးတွေ မရှိခင်တုန်းကလူတွေရဲ့ နောက်ဆုံးခရီးကို ပို့ဆောင်ပေးတဲ့ နိဗ္ဗာန်ယာဉ်လုပ်ငန်းဆိုင်ကြီးတစ်ဆိုင်ရှိခဲ့ဖူးတယ်လို့ အမေပြောထားတာကို မှတ်မိနေခဲ့တယ်။ နောက်တစ်ခု ကိုယ်တိုင်မြင်တွေ့ရပြီး မှတ်မှတ်ထင်ထင်ရှိနေတာက တော်လှန်ရေးနေ့ပါ၊ တပ်မတော်နေ့ပါ။

အဲဒီတုန်းက တပ်မတော်သားတွေ ချီတက်တာက အခုလိုမနက်ပိုင်းမဟုတ်ဘူး၊ ညနေစောင်းပါ မီးတုတ်ကြီးတွေကိုင် စစ်သီချင်းတွေ ပြိုင်တူဆိုကြပြီး ဒီဗားကရာလမ်းပေါ်ကနေ တော်လှန်ရေးပန်းခြံအထိ ချီတက်သွားကြတာ သိပ်ကြည့်လို့ကောင်းတာပဲ။

အရွယ်လေးရောက်လာလို့ မှတ်မိလာတဲ့ အချိန်မှာဆို သိရတာက ဗားကရာလမ်း မြောက်ဘက်အခြမ်းမှာ စောစောကပြောပြခဲ့တဲ့ ဦးလူလေးကုန်းဘက်က သာသနာ့အောင်လံကျောင်းနားမှာ ဦးတင်မောင်အေးဆိုင်၊ အဖေ ဦးလှမောင်နဲ့ အမေ ဒေါ်ခင်သန်းဆိုင်၊ ဦးမောင်စိုး၊ ဒေါ်ဂျမ်းဆိုင်၊ ဦးသန်းမောင်(လက်ကားကြီး)ဆိုင်တွေရှိနေခဲ့တာ။

ဗားကရာလမ်းတောင်ဘက်အခြမ်းမှာဆို လမ်းထောင့်မှာက အောင်မင်္ဂလာကျောင်း (ရှမ်းလမ်းဘက်ကို မျက်နှာမူထားတယ်)၊ ဗားကရာလမ်းပေါ်မှာက ပညာဒီပကျောင်း၊ အောင်မြေဘုံစံကျောင်း၊ ရှမ်းမြောက်ကျောင်းရှိနေတယ်၊ ကျားကျောင်းထောင့်ကနေ စရမယ်ဆို ဦးစစ်မင် – ဒေါ်ထွန်းရီဆိုင်၊ ဦးစိန်လှ – ဒေါ်စန်းအေးဆိုင်၊ ဦးရှမ်းကြီး – ဒေါ်လှမြင့်ဆိုင်၊ ဦးဖိုးလှ – ဒေါ်နှင်းယုံဆိုင်၊ ဦးစိန်ဟန်ဆိုင်တို့ဆိုပြီး ရှိနေတယ်။

အောင်မြေဘုံစံကျောင်းနားမှာဆို ဦးအောင်မောင်းဆိုင်၊ ရှမ်းမြောက်ကျောင်းနားမှာဆို ဦးသိန်းထွန်း ဒေါ်လှအေးဆိုင်၊ ကိုချိုကြီးဆိုင်၊ ဦးလှဖေ ဒေါ်လှငွေးဆိုင်၊ ဦးညိမ်းမောင်ဆိုင်၊ ဦးသောင်းကြည်ဆိုင်တွေရှိနေတယ်။ အဲဒီတုန်းက အခုခေတ်လို ဆိုင်နာမည်တွေကို ဆိုင်းဘုတ်တွေ ရေးချိတ်ကြတာမဟုတ်ဘူး။

တာယာပေါင်းပန်းဖော်လုပ်သူတွေ ရှိသလို၊ တာယာဟောင်းကနေလှီးဖြတ်ပြီး ဆက်စပ်ပစ္စည်းလုပ်သူတွေ အများကြီးရှိနေခဲ့ကြတာ။ အဖေဆို အပိုင်းပေါင်းဖိုလေးနဲ့လုပ်တာ၊ တာယာတစ်လုံးကို လေးငါးခါလောက်အပိုင်းဖိုထဲလှည့်လှည့်ထည့်ပြီးပေါင်းမှ တစ်လုံးလုံးပြည့်တာ။ အဲဒီတုန်းက ကားတာယာတွေက နိုင်ငံခြားကနေ အများကြီးမဝင်သေးဘူး၊ တာယာပန်းပါးသွားပြီဆို ပြန်ပေါင်းတင်ပန်းဖော်ပြီးသုံးကြရတာများတယ်။

ကိုပေါက်စတို့ တာယာတန်းကို ဒုတိယအကြိမ်ပြန်ရောက်လာတော့ တာယာဖိနပ်တွေခေတ်စားလာပြီ၊ မြို့ထဲသိမ်ကြီးဈေးကို နေ့တိုင်းလိုလိုပို့ပေးနေရတယ်၊ နယ်တွေက အဝယ်လိုက်လာကြပြီ၊ သားရေဖိနပ်အောက်ခံ တာယာပြားတွေ အမှာများလာပြီ။

အဲဒီကျတော့မှ ကိုယ့်ပစ္စည်းကို ကိုယ်ပိုင်အမည်လေးတွေတပ်လာခဲ့ကြတာ၊ ဆိုင်တွေမှာ အမည်ပေးဆိုင်းဘုတ်လေးတွေ ချိတ်လာကြတာ။ ကျွန်တော်တို့ ကိုဖြူဝင်းတို့ ညီအစ်ကိုမိသားစုဆိုင်ဆို KK၊ ဦးတင်မောင်အေး (ဗိုလ်တာယာ)ဆို BTY၊ ဦးရှမ်းကြီး ဒေါ်လှမြင့်က BBB၊ ဦးစိန်လှက SEIN၊ ဦးသန်းမောင် (လက်ကားကြီး)က USA ၊ ဦးသိန်းထွန်းက HERO၊ ဦးအောင်မောင်းက SUN၊ ဦးသန်းမြင့်က BMX ဆိုပြီး ဆိုင်အမည်တံဆိပ်လေးတွေ ကပ်လာကြတယ် အဲဒါကလည်း တစ်ခေတ်ပေါ့။

ဖိနပ်ခေတ်နဲ့တစ်ချိန်တည်းပဲလို့ ပြောရရင် တာယာရေပုံးတွေပဲ၊ အထက်အညာဘက်က ရေတွင်းတွေမှာ အရင်က နီးနဲ့ရက်လုပ်ထားတဲ့ရေပုံးတွေပဲ သုံးကြတာ၊ နောက်ပိုင်းတာယာရေပုံးတွေက အသုံးခံမှန်းသိလာတော့ နီးရေပုံးအစားတာယာရေပုံးတွေကို ပြောင်းသုံးလာခဲ့ကြတယ်၊ နယ်တွေကို အလွန်ပို့ရတယ်၊ ရေပုံးကြိုးဆိုလည်း အရင်က လျှော်ကြိုးကိုပဲသုံးကြပေမယ့် တာယာကြိုးနဲ့တွဲသုံးလာကြတယ်၊ အဲဒီတော့ တာယာရေပုံးနဲ့အတူတူ တာယာကြိုးတွေကပါ အရောင်းလိုက်လာကြတယ်။

တာယာဆိုင်တစ်ဆိုင်မှာဆို ရေပုံးရိုက်တဲ့ လုပ်သားချည်း လေးငါးဦးထားရတယ်၊ ကိုယ့်ဆိုင်မှာကလုပ်သား ၂၀ လောက်မှာ ရေပုံးရိုက်ဖို့ လုပ်သားခုနစ်ဦးလောက်ကို သပ်သပ်ထားရတယ်၊ ပို့လို့ကိုမလောက်နိုင်ခဲ့ဘူး။

ခေတ်တွေကို ပြောရမယ်ဆိုရင် မဆလခေတ်လို့ပဲဆိုရမှာပေါ့ အဲဒီအချိန်တုန်းက နိုင်ငံခြားပစ္စည်းတွေ အဝင်မများခဲ့ဘူး၊ ပြည်တွင်းဖြစ်က အတော်နေရာရထားတယ်၊ မော်တော်ကားတွေက အပိုပစ္စည်းဆိုတာ သိပ်မရှိဘူး၊ ကားမှာသုံးတဲ့ ဘွတ်အမျိုးမျိုးနဲ့ နှုတ်ခမ်းမွှေးတန်းစတာတွေပေ့ါ၊ ဘွတ်ဆို ကားပြင်တဲ့ဂပ်ရှော့က နမူနာဘွတ်လေး ယူလာပြတယ်၊ တစ်ပုံစံတည်းဖြစ်အောင် လုပ်ပေးနိုင်ခဲ့တယ်၊ အဲဒီတော့ ကားဂပ်ရှော့တွေကနောက်ပိုင်း ဘာဘွတ်လိုချင်ချင်ရင် ဒီဗားကရာတာယာတန်းကို လာရှာကြတယ်၊ လုပ်ပြီးသား ဆိုင်တင်ထားတာဆို တစ်ခါတည်း ဝယ်သွားကြတယ်၊ မရှိသေးဘူးဆိုမှ သွားကြတယ်၊ မော်တော်ကားဘွတ်လောကမှာ နိုင်ငံခြားပစ္စည်းမလိုတော့ဘူး၊ စွန့်ပစ်ပစ္စည်းတာယာတွေကနေ တန်ဖိုးရှိအသုံးဝင်ပစ္စည်းတွေဖြစ်လာတယ်၊ နောက်နယ်ဆန်စက်ဆီစက်တွေက ရိုလာဘီးကြီးတွေမှာပါ၊ ဒီတာယာကနေလုပ်တဲ့ Beld Flad ကိုပဲ အားကိုးအသုံးပြုလာကြတယ်၊ အဲဒါကလည်း ဗားကရာတာယာတန်းရဲ့ ရွှေခေတ်ပါပဲ။

ပြောရရင်တော့ စွန့်ပစ်တာယာအဟောင်းကနေ လူအများအသုံးဝင်တဲ့ပစ္စည်းတွေဖြစ်အောင် တီထွင်လုပ်ပေးနိုင်ခဲ့တာက ဗားကရာတာယာတန်းက လက်မှုပညာရှင်တွေရဲ့ အတတ်ပညာတွေပါပဲ။

ဒါပေမယ့် နှစ်တွေ ခေတ်တွေဆိုတာက ခိုင်ခိုင်မြဲမြဲအသေရပ်တည်နေတာမှ မဟုတ်တာပဲလေ၊ အချိန်ကာလနဲ့အမျှ အမြဲပြောင်းလဲနေတတ်တဲ့ နိယာမပဲကိုး။

၁၉၈၈ ခုနှစ် အရေးအခင်းကြီးပြီးတဲ့နောက် ၁၉၈၉ ခုနှစ် အကုန်လောက်မှာ ဗားကရာတာယာတန်းကို မုန်တိုင်းတစ်ခု ဝင်လာတယ်၊ အပြောင်းအရွှေ့ကိစ္စတွေပေ့ါ။ တပ်မတော်အစိုးရခေတ်ဦးပိုင်းမှာ ရပ်ကွက်အတော်များများကို ကျားကွက်ရွှေ့သလိုပါပဲ။ ဟိုအရွှေ့ ဒီအရွှေ့မှာ ဗားကရာတာယာတန်းလည်းပါသွားခဲ့တယ်၊ ဒဂုံတောင်ပိုင်း၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်သစ်တွေဆီတွေကိုပေ့ါ။

ကိုပေါက်စတို့လိုဆိုင်တွေ အရောင်းအဝယ်အတွက်ကိုတော့ တာမွေမြို့နယ် မအူကုန်းမှာ ပတ္တမြားဈေးသစ်ကြီးဖွင့်ပြီး တစ်ဆိုင်ကို ငွေကျပ် ၅၀၀၀၀ နှုန်းနဲ့ ချပေးလာတယ်။

ဒီနေရာမှာ "အသစ်တိုင်းဟာ အဟောင်းလောက်အမြဲမကောင်းနိုင်ဘူး" ဆိုတဲ့သဘောတရားတစ်ခုကို ကိုပေါက်စ နားလည်လာခဲ့ရတယ်၊ နေရာသစ်မှာ တစ်နှစ်ကျော်ကျော်လောက်အထိ အရောင်းအဝယ်တွေ မကောင်းခဲ့ဘူး ဖောက်သည်အဟောင်းတွေ လိုက်မလာနိုင်ခဲ့ဘူး၊ အဲဒီတော့ နေရာဟောင်းကိုပဲ ပြန်လည်တမ်းတလာကြတယ်၊ သတိရအောက်မေ့လာကြတယ်။

၁၉၉၂ ခုနှစ်လောက်မှာ ဗားကရာဘက်ဆီကို တစ်ဆိုင်စနှစ်ဆိုင်စဆိုသလို ပြန်ပြောင်းလာခဲ့ကြတယ်။ ဖောက်သည်ဟောင်းတွေကို ပြန်စောင့်ကြတယ် တဖြည်းဖြည်းနဲ့ အရောင်းအဝယ်တွေ ပြန်ကောင်းလာကြတယ်၊ ၂၀၀၀ ပြည့်နှစ်အထိလောက်ပေ့ါ၊ အရောင်းအဝယ်တွေကောင်းလာတာနဲ့အမျှ ကုန်ကြမ်းဖြစ်တဲ့ တာယာ(ကားဘီး)တွေရှားလာတယ် နယ်တွေ အထိဆင်းဝယ်ရတယ်၊ ဌာနဆိုင်ရာတွေမှာ လေလံဆွဲရတယ် ကားဘီးအဟောင်းဈေးကွက်ကဘယ်လောက်အထိ ကောင်းလာသလဲဆို ထိုင်းဘက်ကနေ စက်လှေတွေနဲ့ ဝင်လာခဲ့ဖူးတယ်။

ဒါကလည်း ပြောင်းလဲခြင်းသဘာဝတရားရဲ့ခေါ်ဆောင်ရာနောက်ကို လိုက်ပါခဲ့ကြတဲ့လူတွေရဲ့စီးမျောခြင်းသဘောတစ်ခုပါပဲလေ။ တာယာဖိနပ်တွေ ခေတ်ကောင်းလာခဲ့တယ်၊ နောက်တော့အဲဒီနေရာမှာ ထိုင်းကနေယိုးဒယားဖိနပ်တွေဆိုပြီး ရော်ဘာဖိနပ်တွေအများကြီးဝင်လာတယ်၊ လှတယ် အရည်အသွေးကောင်းတယ်၊ ဈေးသိပ်မများဘူး၊ အဲဒီတော့ တာယာဖိနပ်တွေ တစ်စတစ်စ အရောင်းအဝယ်နည်းလာတယ်။

နောက်တစ်ခါ အညာဒေသက နီးပုံးတွေနေရာမှာ တာယာရေပုံးတွေက အစားဝင်သွားနိုင်ခဲ့တယ်၊ အောင်မြင်တယ်၊ အရောင်းအဝယ်တွေ အလွန်ကောင်းခဲ့ကြတယ်၊ တာယာရေပုံးတွေနေရာကို ပလတ်စတစ်နဲ့ကော်ရေပုံးတွေက လွှမ်းမိုးလာခဲ့ပြန်တယ်၊ တာယာရေပုံးတွေအဝယ်မလိုက်တော့ဘူး၊ ဒါပေမယ့် ဆောက်လုပ်ရေးလုပ်ငန်းတွေ တစ်ခေတ်ထလာတော့ အကြမ်းခံတဲ့တာယာရေပုံးတွေကိုပဲ အဓိကသုံးလာကြပြန်တယ်။

နိုင်ငံခြားကနေ ကားအပိုပစ္စည်းတွေ သွင်းလာခွင့်ရတော့ တာယာနဲ့အစားထိုးသုံးနေတဲ့လက်လုပ်ပစ္စည်းတွေ အသုံးနည်းသွားရပြန်ရော ။

နောက်ပိုင်းမှာ တာယာကနေ အခြားလူသုံးပစ္စည်းတွေ တီထွင်လာကြတယ်၊ အမှိုက်ပုံးလို ရေလှောင်ပုံးလိုပေ့ါ။ နောက်တစ်ခါ သစ်သားရှားလာတော့ ငါးမွေးမြူရေးကန်တွေမှာသုံးတဲ့ ရေဒယက်သစ်သားပြားတွေအစား တာယာပြားတွေကို အစားထိုးသုံးလာကြတယ်၊ နောက်ဆုံးတီထွင်ဆန်းသစ်ခြင်းနဲ့ အတူ အလှအပပန်းချီခြယ်မှုန်းထားတဲ့ ပန်းအိုးကြီးတွေဖြစ်လာတယ်၊ အခုဆို ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီရုံးချုပ်ရှေ့နဲ့ လှိုင်မြို့နယ်အတွင်းမှာ ဒီလိုအလှခြယ်ပန်းအိုးကြီးတွေချထားတယ်၊ ဒါကလည်း စွန့်ပစ်ပစ္စည်းအဟောင်းကို သူ့နေရာနဲ့သူ အသုံးတည့်အောင် ဖန်တီးနိုင်ခြင်း အကျိုးတစ်ခုပါပဲ။

အခုဆို တာယာတန်းလို့ ပြောလို့ရနိုင်သေးတဲ့ ဗားကရာချောက်အနီး ဗဟိုလမ်း (ရှမ်းလမ်း)ထဲမှာ ကိုပေါက်စတို့ဆိုင်အပါအဝင် တာယာဆိုင်လေး လေးငါးဆိုင်က ကျိုးတိုးကျဲတဲနဲ့ အပင်ကြီးတစ်ပင်အောက်က လောင်းရိပ်မိနေတဲ့အပင်လေးများလို ရှိနေပါသေးတယ်။

ကိုပေါက်စ အတွေးတွေက အဆုံးမရှိ လွင့်မျောရင်းက မိမိတို့ တာယာလုပ်ငန်းအပေါ် ဖြစ်လာစေချင်တဲ့ စိတ်ကူးလေးကပါ ရောစွက်လာခဲ့တယ်၊ မိမိတို့ ရန်ကုန်မြို့ကြီးမှာကမော်တော်ကားတွေ တစ်နေ့တစ်နေ့ သိန်းသောင်းချီသွားလာနေကြတယ်၊ တာယာဘီးဆိုတာက လမ်းနဲ့ပွတ်တိုက်ပြီး ကာလတစ်ခုအထိပဲခံတာ နောက်တာယာပန်းတွေပါးသွားပြီဆို နောက်အသစ်တစ်လုံးဝယ်လဲကြတာ၊ အရင်ခေတ်ကလို တာယာဟောင်းကို ပေါင်းတင်ပြီး ပြန်သုံးကြတာမဟုတ်တော့ဘူး။ ဟောင်းသွားပြီဆို အပိုစွန့်ပစ်ပစ္စည်းဖြစ်သွားပြီ။

သိန်းချီသွားလာနေတဲ့ ရန်ကုန်မြို့က ကားတွေက မလိုအပ်လို့စွန့်ပစ်လာတဲ့ ကားဘီးအဟောင်းတွေ ဘယ်အတိုင်းအတာအထိ ရာပုံထောင်ပုံဖြစ်လာမှာလည်း မစဉ်းစားတတ်တော့။

သူတို့လို စွန့်ပစ်တာယာကနေလူသုံးကုန်၊ စက်အစားထိုးပစ္စည်း အမျိုးမျိုးဖြစ်အောင် တီထွင်နိုင်မှုကြောင့်သာ ရန်ကုန်မြို့ကြီးမှာ စွန့်ပစ်ကားတာယာပုံကြီး မဖြစ်လာနိုင်တာပါ၊ တကယ်လို့သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးက လမ်းတွေ၊ လူစည်ကားရာနေရာတွေမှာချထားတဲ့ ပလတ်စတစ်ပုံးကြီးများအစား သံချောင်းလေး လေးချောင်းထောင် ပလတ်စတစ်အိတ်ပါးပါးလေးနဲ့ချိတ်ထားတဲ့ အမှိုက်ပုံးများအစား အခုလို စွန့်ပစ်ရမယ့် တာယာအဟောင်းများနဲ့ တီထွင်အလှဆင်ခြယ်သထားတဲ့ အမှိုက်ပုံးများနဲ့ အစားထိုးဆောင်ရွက်လာရင်ဖြင့် စွန့်ပစ်ရမယ့် တာယာအမှိုက်တွေကလည်း ပြန်အသုံးဝင်၊ ဌာနဆိုင်ရာအသုံးစရိတ်လည်းသက်သာ၊ မြို့တော်ကြီးလည်းလှပ၊ ဒ့ါအပြင် သူတို့လို ဘဝတူတာယာသမားတွေရဲ့ ဘဝ အခုထက် ပိုမိုအခြေအနေကောင်းလာနိုင်မယ်လို့ အတွေးပုံရိပ်ကို စိတ်ကူးနဲ့ပုံဖော်လွင့်မျောနေတုန်းမှာ လမ်းပေါ်က ကျယ်လောင်လှတဲ့ ကားဟွန်းသံကြောင့် ရုတ်တရက်လန့်ဖျပ်ပြီး ဩော်--- အချစ်ဆိုတာ ပြန်တောင်းလို့ ရကောင်းရနိုင်ပေမယ့် တစ်ခေတ်တစ်ခါက ရွှေရောင်လွှမ်းခဲ့တဲ့ ဗားကရာတာယာတန်းရဲ့ အတိတ်ကိုတော့ ပြန်တွေးလို့ပဲ ရနိုင်တော့မှာပါလေ-- --- ။